မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၃၂၄)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

၂၀၁၃ ခုနှစ်၊ ဩဂုတ် ၂၅ ရက်၊ တနင်္ဂနွေနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

လွှတ်တော်ကိုယ်စားလှယ်တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၄

ယမန်နေ့ကကျင်းပသည့် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းခဲ့သော လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များကို ကော်မတီဝင် ဒေါက်တာစိုးမိုးအောင်က ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်ငါးဦးတို့က ဆွေးနွေးခဲ့ကြသည်။

ကော်မတီဝင် ဒေါက်တာ စိုးမိုးအောင်က ဖတ်ကြားတင်သွင်းရာတွင် မိမိအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီ၏ ရှင်းလင်းတင်ပြချက်ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ၂၇-၈-၂၀၁၂ ရက်စွဲပါစာဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၉၆ (ခ)တွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းပေးရန် မူလမဲဆန္ဒရှင်များ၏ ၁ ရာခိုင်နှုန်းထက် မနည်းသူတို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြတိုင်တန်းမှုများ ရှိလာနိုင်ပါသဖြင့် ဥပဒေနှင့်အညီ စနစ်တကျစစ်ဆေးဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၇ နှင့်အညီ ဥပဒေအဖြစ်ပြဋ္ဌာန်းပေးနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာစိုးမိုးအောင် ဖတ်ကြားစဉ်။ (သတင်းစဉ်)

တင်ပြပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီသည် ၆-၁၁-၂၀၁၂ ရက်တွင် ပြည်သူ့လွှတ်တော်သို့ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို တင်သွင်းခဲ့ပြီးလည်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၈-၁၁-၂၀၁၂ ရက်စွဲပါစာဖြင့် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာမှာ ပါရှိသည့် စိစစ်တွေ့ရှိချက်များအပေါ်မှာ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးအတည်ပြုခြင်းမပြုမီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သဘောထားမှတ်ချက်များကို အလေးထားစဉ်းစားပြီး ပြန်လည်စိစစ်သုံးသပ်ပြီးမှသာ ဆွေးနွေးအတည်ပြုသင့်ကြောင်းလည်း အကြံပြုစာပေးပို့ခဲ့ပါကြောင်း၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းနှင့် ပတ်သက်၍ အစီရင်ခံစာပါအချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုကျော်လွန်၍ စိစစ်ထားခြင်းမဟုတ်ဘဲ လွှတ်တော်အတွင်း လွှတ်တော်ကိုယ်စားလှယ်များမှ ကျယ်ကျယ်ပြန့်ပြန့်

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး ညဏ်နိုင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ ကော်လံ ၁ ❀

ယနေ့
မာ တိ ကာ

ထရာမီမုန်တိုင်း တရုတ်ပြည်သူ ၃၆၀၀၀၀ရေဘေးကြုံ (စာမျက်နှာ-၄)

စာဖတ်ကမယ် ဟုတ်သာပေါ့ ဆောင်းပါး (စာမျက်နှာ-၅)

ကမ္ဘာ့ကိုယ်ခံပညာ ပေါင်းစုံ အတိုက် ပြိုင်ပွဲကြီး ပထမဦးဆုံးအကြိမ် ကျင်းပမည် (စာမျက်နှာ-၁၃)

၂၀၁၄ ကမ္ဘာ့ဖလားအတွက် ဘရာဇီး ပြင်ဆင်နေပြီ (စာမျက်နှာ-၁၄)

ပြည်တွင်းရေကြောင်းမှ သင်္ဘောများ မြစ်ဝကျွန်းပေါ်သို့ ပုံမှန်ပြေးဆွဲနေ

ရန်ကုန်မှ မြစ်ဝကျွန်းပေါ်ဒေသသို့ ပြေးဆွဲနေသော ခရီးသည်နှင့် ကုန်တင် သင်္ဘောများကို ရန်ကုန်မြို့ ကိုင်းတန်းဆိပ်ကမ်း၌ တွေ့ရစဉ်။

➤ သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ
➤ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်မြို့၌ ယခုနှစ်မိုးရာသီကာလတွင် မိုးများသည်။ မိုးမရွာသည့်နေ့ မရှိသလောက်ပင် နည်းပါးလေသည်။ တစ်ခါတစ်ရံ မိုးဆက်တိုက်ရွာသဖြင့် ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ရာ မော်တော်ယာဉ်သွားလာရေးပင် ခက်ခဲသည်။ ထိုသို့မိုးများသဖြင့် ရန်ကုန်မှ မြစ်ဝကျွန်းပေါ်ဒေသသို့ ပြည်တွင်းရေကြောင်းမှ ပြေးဆွဲနေသော ခရီးသည်နှင့်ကုန်တင်သင်္ဘောများ ပြေးဆွဲမှုအခြေအနေကိုသိရှိရန် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလက်အောက်ရှိ မြစ်ဝကျွန်းပေါ်ဌာနမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးမောင်မောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"မိုးတွင်းကာလတွေမှာ ခရီးသည်လိုက်ပါစီးနင်းမှု နည်းပါးပါတယ်။ ဒါကလည်း မိုးရာသီကာလမှာ လယ်ယာလုပ်ငန်းခွင်ဝင်ကြသူတွေများသလို သဘာဝဘေးအန္တရာယ်ကြောင့်လည်း ပါဝင်တာပေါ့။ ဒါပေမယ့် ကုန်ပစ္စည်းတင်ပို့မှုနဲ့ သယ်ယူမှုတွေကတော့ ပုံမှန်အတိုင်းရှိနေပါတယ်" ဟု ၎င်းက ပြောပြသည်။

ပြည်တွင်းရေကြောင်းမှ သင်္ဘောများမှာ ခရီးသည်နှင့်ကုန်ပစ္စည်းများကို တင်ဆောင်ကာ မြစ်ဝကျွန်းပေါ်ဒေသရှိ ဘိုကလေး၊ မော်ကျွန်း၊ ဖျာပုံ၊ လပွတ္တာ၊ ပုသိမ်၊ မြောင်းမြ၊ ဝါးခယ်မ၊ ကျုံမငေး စသည့်မြို့များသို့ ပုံမှန်မောင်းနှင်သွားလာလျက်ရှိသည်။

"ရန်ကုန်-ဖျာပုံ သင်္ဘောက နေ့စဉ် ညနေ ၆ နာရီမှာ ရန်ကုန်က ထွက်တယ်။ နံနက် ၅ နာရီဆိုရင်

စာမျက်နှာ ၃ ကော်လံ ၁ ■



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အိမ်သာ၍ ညှော်လာပါစေ

ကမ္ဘာ့ခရီးသွားလုပ်ငန်းကို မီးခိုးမထွက်သော စီးပွားရေးလုပ်ငန်းဟု တင်စားပြောဆိုလေ့ရှိကြပါသည်။ စက်ရုံ၊ အလုပ်ရုံများကဲ့သို့ မီးခိုးခေါင်းတိုင် စိုက်ထူပြီး လုပ်ကိုင်ရသောလုပ်ငန်း မဟုတ်ဘဲ ဒေါ်လာသန်းပေါင်းများစွာ ရှာဖွေနိုင်သောလုပ်ငန်း ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအများစုက မိမိတို့နိုင်ငံရှိ အထင်ကရနေရာများ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသများ၊ အပန်းဖြေစခန်းများ၊ ရိုးရာယဉ်ကျေးမှုပွဲတော်များ စသည်တို့ကို ပြသပြီး အကောင်းဆုံးသော ဆွဲဆောင်မှုများဖြင့် မီးခိုးမထွက်သော စီးပွားရေးကို ထိရောက်စွာ ဆောင်ရွက်နေကြပါသည်။

သဘာဝသယံဇာတများသည် ထုတ်နုတ်သုံးစွဲပါများလျှင် ကုန်ခန်းသွားဖွယ်ရှိပါသည်။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် ကုန်ခန်းဆိတ်သုဉ်းမသွားနိုင်ပါ။ ထို့ကြောင့်လည်း နိုင်ငံအများစုက သဘာဝသယံဇာတများကို ထုတ်ယူစီးပွားရှာခြင်းထက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်အောင် ကြိုးဆောင်လုပ်ကိုင်လာကြပါသည်။ ထိုင်းနိုင်ငံမှ ဖူးကတ်ကျွန်း၊ အင်ဒိုနီးရှားနိုင်ငံမှ ဘာလီကျွန်း၊ နီပေါနိုင်ငံမှ ဧဝရက်တောင်၊ တရုတ်နိုင်ငံမှ မဟာတံတိုင်းကြီး၊ အိန္ဒိယနိုင်ငံမှ တာ့ချ်မဟာ စသည်တို့သို့ နှစ်စဉ်ကမ္ဘာလှည့်ခရီးသွား သန်းနှင့်ချီ လာရောက်လည်ပတ်ကြရာမှ နိုင်ငံခြားငွေအမြောက်အမြား ဝင်ငွေရရှိနေကြောင်း သိရသည်။

မိမိတို့နိုင်ငံတွင်လည်း ထိုမီးခိုးမထွက်သော စီးပွားရေးလုပ်ငန်းကို ထိရောက်စွာ ဖော်ဆောင်သွားရမည့်အချိန် ဖြစ်ပါသည်။ လက်ရှိ နိုင်ငံတော်အစိုးရလက်ထက်တွင် နိုင်ငံရေး၊ စီးပွားရေး ပွင့်လင်းလာမှုနှင့်အတူ ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံသို့ တဖြည်းဖြည်း တိုးတက်လာရောက်လျက်ရှိသည်။ မြန်မာနိုင်ငံသို့ လာရောက်ကြသော ခရီးသွားအများစုသည် တောင်ကြီး၊ အင်းလေး၊ မန္တလေးနှင့် ပုဂံဒေသများသို့ အများဆုံးလာရောက်လည်ပတ်လေ့ရှိပါသည်။ သို့သော်လည်း ယခုနှစ်အတွင်း ပုဂံဒေသ၌ ခရီးသွားများထံမှ လုယက်မှုအချို့ ဖြစ်ပွားခဲ့သဖြင့် တာဝန်ရှိသူများက လုံခြုံရေးအစီအမံများ ဆောင်ရွက်နေပြီဖြစ်ပြီး အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း ကြားသိရသည်။

ကမ္ဘာ့နိုင်ငံအများအပြားက ခရီးသွားလုပ်ငန်းဖြင့် ဝင်ငွေတိုးပွားအောင် ကြိုးစားစွမ်းဆောင်နေကြချိန်တွင် မိမိတို့နိုင်ငံ၌လည်း ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုများပြားလာအောင် ဆွဲဆောင်သွားရမည်ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသွားများအား ထိခိုက်မည့် အပြုအမူအပြောအဆိုများ ရှောင်ရှားသင့်သကဲ့သို့ ၎င်းတို့၏ လုံခြုံရေးအတွက် အိမ်ရှင်ပီသစွာ ဝိုင်းဝန်းစောင့်ရှောက်ပေးကြရပါမည်။ အိမ်သာမှညှော်လာမည်ဖြစ်ပါသည်။ ကမ္ဘာလှည့်ခရီးသွားများ တစ်လထက်တစ်လ၊ တစ်နှစ်ထက်တစ်နှစ် လာရောက်မှု များပြားလာပါမှ ဒေသခံပြည်သူများ၏ အကျိုးစီးပွား၊ နိုင်ငံတော်အကျိုးစီးပွား တိုးပွားလာမည်ဖြစ်ပါသည်။ သို့ပါ၍ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်သွားရမည် ဖြစ်ပါကြောင်း။ ။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ရဲနိုင်ဝင်း နိုင်ငံကူးလက်မှတ် - ၄၇၈၉၆၄ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။
ဖုန်း-၀၉-၇၃၁၂၁၆၅၃

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် ဩဂုတ် ၂၄

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းငွေ (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၃၉၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

ထင်သာမြင်သာ ပြုပြင်စရာ

မူဆယ်မြို့ လွတ်လပ်ရေးကျောက်တိုင်ဖြစ်ရပ်

ရှမ်းပြည်နယ် မူဆယ်မြို့သည် ခေတ်မီတိုးတက်နေသော ခရိုင်မြို့ ဖြစ်သည်။ သို့သော် မြို့တစ်မြို့တွင် ရှိသင့်သော လွတ်လပ်ရေးကျောက်တိုင်မရှိသော မြို့တစ်မြို့ဖြစ်နေပြီး ယခင်ရှိခဲ့သော လွတ်လပ်ရေးကျောက်တိုင်မှာ ရွှေသမင်ပန်းခြံနှင့် ရေကူးကန်အနောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အရာရှိအိမ်ရာအနီး ချုံတော ပေါင်းတောထဲတွင် တုံးလုံးကြီးလဲနေသည်ကို တွေ့မြင်ခဲ့ရသည်။

"မြို့တစ်မြို့မှာ လွတ်လပ်ရေးကျောက်တိုင်တော့ ရှိသင့်တာပေါ့၊ မူဆယ်ခရိုင်အတွင်းက နမ့်ခမ်းမြို့၊ ကွတ်ခိုင်မြို့တွေမှာလည်းရှိပါတယ်။ ကျွန်တော်တို့မြို့က လွတ်လပ်ရေးကျောက်တိုင်လည်း ဒီရွှေသမင်ပန်းခြံအနီးမှာ ရှိခဲ့တာပါပဲ။ ဒါပေမယ့် အခု ၁၅ နှစ် ဝန်းကျင်လောက်မှာ ဖယ်ရှားလိုက်တာတွေ့ရပြီး အခုအထိတော့ ပြန်လည်အစားဆောက်လုပ်တာ မတွေ့ရပါဘူး" ဟု ယခင်ကာလ လွတ်လပ်ရေးကျောက်တိုင်သို့ အလေးပြုချီတက်ရန် သွားခဲ့ဖူးသော မူဆယ်တွင် နေထိုင်သည့် ဒေသခံတစ်ဦးက ပြောသည်။ **သိန်းဇော်(ရွှေလီဦး)**

ကချင်ပြည်နယ်တရားလွှတ်တော်တရားရေးအရာရှိများ ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ဖွင့်

မြစ်ကြီးနား ဩဂုတ် ၂၄

ကချင်ပြည်နယ်တရားလွှတ်တော် တရားရေးအရာရှိများ ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ သီတာရပ်ကွက်ရှိ အဆိုပါအိမ်ရာ၌ ကျင်းပရာ ပြည်နယ်တရားရေးဦးစီးမှူးက ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို Fashion View Construction Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဦးမျိုးမြင့်ဆွေ(ခ)ဦးချစ်က ပြည်နယ်တရားရေးဦးစီးမှူးထံ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ တရားလွှတ်တော်တရားသူကြီး ဦးဇော်ဝင်းနှင့် ဒေါ်ပြုံးပြုံးအေး၊ ပြည်နယ်တရားရေးဦးစီးမှူး ဒေါ်အေးအေးမွန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆောက်အအုံသစ်ကိုလှည့်လည်ကြည့်ရှုခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

Pact, a U.S based INGO with operations throughout Myanmar, is currently seeking an experienced and dedicated candidate for the position below.

Position Title: Human Resources Manager
Department: Human Resources Department
Salary: Attractive, based on experience

Qualifications and requirements:

- Bachelor's degree or master's degree in a related field ;
- At least five years experiences in Human Resource Management at a senior level;
- Fluency in spoken and written English and Myanmar is essential.

Detailed job descriptions for the position is available at the Pact office or www.themimu.info/jobs/index.php.
Interested and qualified candidates can send their application letter, CV, one passport-sized photo and references to:
HR Officer, Pact, No. 497, 1st Floor, Tower-B, Diamond Condo, Pyay Road, Kamaryut Township, Yangon.
Tel: 95-1-501373/ 501383Ext:78; 098553198
E-mail: [illegible]

တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့်လျှောက်လွှာပုံစံများ စက်တင်ဘာ ၂ ရက်မှစတင်၍ရောင်းချပေးမည်

နေပြည်တော် ဩဂုတ် ၂၄

၂၀၁၄ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့်ပတ်သက်၍ ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့်လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနရုံးတွင် စက်တင်ဘာ ၂ ရက်မှစတင်၍ သတ်မှတ်ထားသော နှုန်းထားဖြင့် ရောင်းချပေးမည်ဖြစ်သည်။

စာမေးပွဲဝင်ခွင့်လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲအမှတ်စဉ် ၁၊ ၅၊ ၆၊ ၇၊ ၈ များဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံများဖြင့် လည်းကောင်း၊ ဘာသာတွဲအမှတ်စဉ် ၂၊ ၃၊ ၄ များဖြင့် ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့် တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားသည်။

ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးငွေကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေးအတွက် ကျသင့်ငွေသွင်းတံဆိပ်ခေါင်းများဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်အတွင်းရှိ မြို့နယ်ပညာရေးမှူးရုံးတွင် စက်တင်ဘာ ၂ ရက်မှ ၃၀ ရက်အတွင်း တင်သွင်းကြရမည်ဖြစ်သည်။

အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး ကျသင့်ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင် ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ် ဦးစီးဌာနရုံးသို့ စက်တင်ဘာ ၂ ရက်မှ အောက်တိုဘာ ၁၅ ရက်အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည် ဖြစ်သည်။

သတ်မှတ်ထားသောရက်များအတွင်း အချိန်မီပေးပို့ခြင်းမရှိသူများသည် စာမေးပွဲဖြေဆိုခွင့် ရရှိကြမည်မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့်ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်သဖြင့် မိမိဖြေဆိုမည့်ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ-မရှိသေချာစွာ စစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန်ဖြစ်ကြောင်း သတိပေးထားသည်။

သတင်းထုတ်ပြန်ထား

လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို နေပြည်တော် ရုံးအမှတ် (၅၂) မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်)နှင့် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ခွဲကပင်ဆောင်) တွင် လာရောက်ဝယ်ယူနိုင်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အားကစားအချပ်ပို ကြော်ငြာထည့်နိုင်

အားကစားဝတ်စုံ၊ အားကစားပစ္စည်း၊ ဆုတံဆိပ်၊ ဆေးဝါးစသည့် ကြော်ငြာများကို အပတ်စဉ် သောကြာနေ့တိုင်းထုတ်ဝေသည့် မြန်မာ့အလင်း အားကစားအချပ်ပိုတွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှုရယူပါ။

ပြည်တွင်းသတင်း

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံကြီးများတွင် ပုဂ္ဂလိကကုန်ထုတ်လုပ်မှု (၉၉) ရာခိုင်နှုန်းခန့်ရှိ

နေပြည်တော် ဩဂုတ် ၂၄

မန္တလေးတိုင်းဒေသကြီးရှိ အမှတ် (၈) အထည်စက်ရုံခွဲ (ရမည်းသင်း) ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဩဂုတ် ၂၃ရက် နံနက်ပိုင်းတွင် သွားရောက် စစ်ဆေးကာ အမှတ်(၈)အထည်စက်ရုံ (ပျော်ဘွယ်)သို့ သွားရောက်ရာ စက်ရုံမှူးက စက်ရုံမှ ကုန်ထုတ်လုပ်မှုနှင့် ရောင်းချဖြန့်ဖြူးမှုတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ယနေ့ ပြောင်းလဲလာသည့် ခေတ်နှင့်အညီ စက်ရုံများသည် စီးပွားရေးတွက်ခြေကိုက်ပြီး ရှင်သန်ရပ်တည်နိုင်ရန်လိုအပ်ကြောင်း၊ စီးပွားရေးဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းများကို စီးပွားရေးဆန်ဆန်လုပ်ကိုင် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ People Centered Approach ကို သွားကြရမည်ဖြစ်၍ ပြည်သူလူထုအတွက် ဝန်ထုပ် ဝန်ပိုးမဖြစ်စေဘဲ ပြည်သူလူထု၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးကြရမှာဖြစ်ကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးများတွင် ပုဂ္ဂလိကကုန်ထုတ်လုပ်မှုမှာ (၉၉)ရာခိုင်နှုန်းခန့်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် (၁)ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ မိမိစက်ရုံများရှင်သန်ရပ်တည်နိုင်ရေးအတွက်လည်းကောင်း ပုဂ္ဂလိကများနှင့် သင့်တော်သလိုပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နေချိန်တွင်ဝန်ထမ်းများအလိုက်သင့် လိုက်ပါပြောင်းလဲဖို့လိုအပ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်ငန်းများကို ပုဂ္ဂလိကနှင့် ဖက်စပ်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကသို့ နှစ်တို/နှစ်ရှည် ငှားရမ်းခြင်းတို့ကို သင့်တော်သလိုဆောင်ရွက်သွားရမည်ဖြစ်၍ ဝန်ထမ်းများအနေဖြင့် ကြိုတင်ပြင်ဆင်ထားရှိရေး၊ ခံယူချက်မှန်ကန်စေရေး၊ ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရေးတို့ကိုမှာကြားကာ စက်ရုံအတွင်းလှည့်လည် စစ်ဆေးသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စု ဝန်ကြီးသည် အမှတ်(၇)အထည် စက်ရုံခွဲ(ဝမ်းတွင်း)နှင့် အမှတ် (၁၈)အကြီးစားစက်ရုံ(အင်းကုန်း)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အမှတ်(၂)အထည်စက်ရုံ (ပလိတ်)စက်ရုံ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အမှတ် (၁၈)အကြီးစားစက်ရုံ (အင်းကုန်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

■ ရှေ့ဖုံးမှ

ဖျာပုံရောက်တယ်။ နေ့စဉ် အသွားအပြန် မောင်းနှင်ပေးနေပါတယ်။ ဒီလိုပဲ ရန်ကုန်-ဘိုကလေး-မော်ကျွန်း သင်္ဘောကလည်း နေ့စဉ်ညနေ ၆ နာရီမှာ ထွက်တယ်။ မော်ကျွန်းကို နောက်နေ့နံနက်မှာ ရောက်တယ်။ ဒီသင်္ဘောတွေက ခရီးသည်ရောကုန်ပစ္စည်းပါတင်ဆောင်တဲ့ သင်္ဘောတွေ ဖြစ်ပါတယ်။ ပုံမှန်အတိုင်း ပြေးဆွဲနေကြတာပါ" ဟု ဦးမောင်မောင်က ဆက်လက်ပြောကြားသည်။

ရန်ကုန်မြို့မှ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့သို့ ခရီးသည်နှင့် ကုန်သင်္ဘောထွက်ခွာမောင်းနှင်ပေးမှုမှာ သီတင်းတစ်ပတ်လျှင် သုံးရက်မောင်းနှင် ပြေးဆွဲပေးလျက်ရှိသည်။ ယင်းရက်များမှာ သီတင်းအပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တိုင်းတွင် သင်္ဘောပြေးဆွဲပေးနေခြင်းဖြစ်သည်။

"မိုးရာသီကာလ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတွေမှာတော့ ခရီးသည်လိုက်ပါစီးနင်းမှု နည်းပါးတယ်။ ရန်ကုန်- လပွတ္တာသင်္ဘောခရီးစဉ်ဆိုရင် တစ်နေ့ကို ခရီးသည် ၇၀ ခန့်၊ ရန်ကုန်-ဖျာပုံခရီးစဉ်ဆိုရင်လည်း ခရီးသည် ၄၀ ခန့်နဲ့ ရန်ကုန်-ဘိုကလေး- မော်ကျွန်းသင်္ဘောခရီးစဉ်ဆိုရင် ခရီးသည် ၁၂၀ ခန့် လိုက်ပါစီးနင်းကြပါတယ်။ ဒါပေမယ့် မိုးတွင်းကာလ မိုးလေကင်းစင်တဲ့နေ့တွေဆိုရင် ခရီးစဉ် တစ်ခေါက်ကို ခရီးသည် ၂၀၀ ခန့် စီးနင်းလိုက်ပါလေ့ရှိပါတယ်" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

အဆိုပါခရီးစဉ်များအား ခရီးသည်များလိုက်ပါစီးနင်းမှုမှာ ရန်ကုန်မှ အသွားနှင့် ရန်ကုန်အပြန်ခရီးစဉ်များတွင်လည်း ယင်းခရီးသည်နှုန်းထားအတိုင်း စီးနင်းလိုက်ပါကြခြင်းဖြစ်သည်။

"ပွင့်လင်းရာသီတွေမှာတော့ ခရီးသည် လိုက်ပါစီးနင်းမှုများပါတယ်။ မြစ်ဝကျွန်းပေါ် ဒေသရေကြောင်းခရီးစဉ်တွေမှာ ပုဂ္ဂလိက ရေယာဉ်တွေလည်း ပြေးဆွဲခွင့်ပြုထားတာမို့ ခရီးသည်တွေက အဲဒီပုဂ္ဂလိက အမြန်ရေယာဉ်တွေကိုလည်း လိုက်ပါစီးနင်းကြပါတယ်။ ဒါကတော့ ဈေးကွက်စီးပွားရေးအရ ပြိုင်ဆိုင်မှုတွေရှိရမှာပါ။ ကျွန်တော်တို့လည်း အကောင်းဆုံးဝန်ဆောင်မှု ပေးနိုင်ရေးကြိုးစားနေပါတယ်" ဟု ၎င်းက ရှင်းပြသည်။

ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးတွင် မြစ်ဝကျွန်းပေါ်ဌာနခွဲ၊ ဧရာဝတီဌာနခွဲ၊ ချင်းတွင်းဌာနခွဲ၊ သံလွင်ဌာနခွဲ၊ မြစ်ဝဌာနခွဲ၊ ရခိုင်ဌာနခွဲများရှိရာ ခရီးသည်နှင့် ကုန်စည်များကို လုံခြုံဘေးကင်းမှုနှင့် သက်သာသောနှုန်းထားများဖြင့် သယ်ယူပို့ဆောင်ဝန်ဆောင်မှုပေးလျက်ရှိသည်။

"မြစ်ဝကျွန်းပေါ်ဌာနခွဲမှာလက်ရှိပြေးဆွဲနေတဲ့ ခရီးသည်နဲ့ ကုန်တင်သင်္ဘောအစင်းရေ ၆၂ စင်းရှိပါတယ်။ ဒီသင်္ဘောတွေအားလုံးပုံမှန်ခရီးစဉ်တွေလို နေ့စဉ်သတ်မှတ်ရက်တွေမှာ ပြေးဆွဲပေးနေပါတယ်။ ခရီးသွားပြည်သူတွေနဲ့ ကုန်ပစ္စည်း သယ်ဆောင်မှုတွေကိုအကောင်းဆုံး ကြိုးစားပြီး ဝန်ဆောင်မှုပေးနေတာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

မြစ်ဝကျွန်းပေါ်ဒေသမြို့များမှ ရန်ကုန်သို့ သင်္ဘောဖြင့် ကုန်ပစ္စည်းများတင်ပို့ရာတွင် လောလောဆယ်၌ မြောင်းမြမြို့မှ ကွမ်းသီး၊ ကပ်စေးနဲပုံးများနှင့် ဒေသထွက်ကုန်များ တင်ပို့လျက်ရှိသည်။ ဆန်ထွက်ရာသီတွင် ဆန်များတင်ပို့သော်လည်း ယခုအခါ ဒေသထွက်ကုန်များသာ တင်ပို့လျက်ရှိသည်။

ထို့အတူ ဘိုကလေး၊ မော်ကျွန်း၊ ဖျာပုံ၊ ကျုံမငေး၊ လပွတ္တာတို့မှလည်း လောလောဆယ်တွင် ဒေသထွက်ကုန်များ တင်ပို့သလို ရန်ကုန်မှစားသောက်ကုန်များကိုလည်း အပြန်အလှန်အားဖြင့် မြစ်ဝကျွန်းပေါ်မြို့များသို့တင်ပို့သယ်ဆောင်ပေးလျက် ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးသည် မြစ်၊ ချောင်း၊ အင်းအိုင်များပေါများလျက်ရှိရာ ကုန်းလမ်းခရီးများဖြစ်သည့် မော်တော်ကားလမ်း၊ ရထားလမ်းများဖောက်လုပ်ထားသော်လည်း ရေကြောင်းခရီးကို အားထားအသုံးပြုနေရဆဲဖြစ်သည်။ ကုန်ပစ္စည်းများကို ရေကြောင်းမှ သင်္ဘောဖြင့် သယ်ဆောင်ရာတွင် ကုန်ကျစရိတ်သက်သာခြင်းနှင့် ထိခိုက်ပျက်စီးမှုနည်းပါးခြင်းတို့ အားသာချက်ရှိနေရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ သင်္ဘောများမှာ ကုန်ပစ္စည်းနှင့် ခရီးသည်သယ်ဆောင်ရေးတွင် အားထားနေရဆဲပင်ဖြစ်သည်။ **(မြန်မာ့အလင်း)**

နေပြည်တော်ကောင်စီနယ်မြေ ဈေးများနှင့် ဇမ္ဗူသီရိမြို့နယ် ဝန်ထမ်းမိသားစုများအား ဖုန်းဆင်းကတ်များချထားပေး

နေပြည်တော် ဩဂုတ် ၂၄

နေပြည်တော် ကောင်စီနယ်မြေရှိ ဈေးများတွင် ဈေးဆိုင်ခန်းများအလိုက် GSM,WCDMA-800 မိုဘိုင်းဖုန်းဆင်းကတ်များကို မဲစနစ်ဖြင့် ယနေ့နံနက် ၈ နာရီက ဈေးများအလိုက်ဆောင်ရွက်ကြရာ ဈေး ၂၉ ဈေးအတွက် ကတ်ပေါင်း ၈၅၇ ကတ်ချထားပေးကြောင်း သိရသည်။

အလားတူ ဇမ္ဗူသီရိမြို့နယ် သိဒ္ဓိကိုးရပ်ကွက်ရှိ ဝန်ထမ်းမိသားစုများကိုလည်း နံနက် ၉ နာရီက ရပ်ကွက်အလိုက် မဲစနစ်ဖြင့် ဆောင်ရွက်ကြရာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။ ယခုအကြိမ်တွင် ဇမ္ဗူသီရိမြို့နယ် သိဒ္ဓိကိုးရပ်ကွက်အတွက် မိုဘိုင်းဖုန်းဆင်းကတ် ၁၅၃၀ ကတ်ချထားပေးရာ စုစုပေါင်း ၃၀၆၀ ကတ်ချထားပေးပြီးကြောင်းသိရသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်း ရပ်ကွက်ကျေးရွာ ၂၄၂ အုပ်စုအတွက် GSM မိုဘိုင်းဖုန်းဆင်းကတ် ၁၅၀၀၀၊ WCDMA-800 ၁၁၅၀၀ စုစုပေါင်း ၂၆၅၀၀ ချထားပေးမည်ဖြစ်သည်။ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဈေးပေါင်း ၃၆ ဈေးအတွက် မိုဘိုင်းဖုန်းဆင်းကတ် ၂၈၇၆ ကတ် ချထားပေးပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရွှေပြည်သာမြို့နယ်၌ ရေကြီး

ရွှေပြည်သာ ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည် သာမြို့နယ်အတွင်း ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုကြောင့် ဇီးကုန်းကျေးရွာနှင့် အမှတ် (ခ)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၁၇)ရပ် ကွက်များရှိ ရေများ မြစ်အတွင်းသို့ စီးဝင်နိုင်မှုမရှိဘဲ အနိမ့်ပိုင်းရှိ အိမ်များအတွင်းသို့ ရေနှစ်ပေခန့် ဝင်ရောက်ခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်

ရေများ ဝင်ရောက်မှုကြောင့် ထက်လယ်၊ မှုကျောင်း ၁၀ ကျောင်းကို ယနေ့နံနက်ပိုင်းတွင် ခေတ္တပိတ်ထား ခဲ့ရပြီး အိမ်ခြေပေါင်း ၆၄၆ အိမ်၊ အိမ်ထောင်စုပေါင်း ၈၂၂ စု၊ လူဦးရေ ၂၃၅၇ ဦးတို့အား နီးစပ်ရာအိမ်များ၊ ဓမ္မာရုံများနှင့် ဘုန်းကြီးကျောင်းများတွင် ယာယီနေရာချထား၍ ထမင်းနှင့် သောက်ရေသန့်များ စီစဉ်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ထားကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)လောက်ကိုင်ခရိုင်အတွင်းရှိ လောက်ကိုင်မြို့နယ်နှင့် ချင်းရွှေဟော်မြို့နယ်ခွဲများမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု/ပြည်နယ် အဆောက်အအုံ၊ လမ်းတံတားလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်	**အမှတ်(၂)(၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်)**	
၁။ လိုအပ်သောကျောက်မျိုးစုံ	- ၄၃၄၉.၆	ကျင်း
၂။ ဘိလပ်မြေ	- ၆၃၂၂	အိတ်
၃။ ၂' အချင်း ၁'-၆" အရှည်သံကူကွန်ကရစ်ရေပြွန်	- ၃၀၆	လုံး
၄။ အုတ်နီ	- ၃၀၄၇၉၀	ချပ်
၅။ သဲ	- ၂၉၅.၅	ချပ်
၆။ (၅/၈")သံချောင်းလုံး	- ၁၈၉၅၁	ပေါင်
၇။ (၃/၈"+၁/၄")သံချောင်းလုံး	- ၁၀၀၇၁	ပေါင်
၈။ မျိုးခြားသစ်	- ၆၈၇	ကုဗပေ
၉။ သစ်မာ	- ၆၈၁.၃	ကုဗပေ
၁၀။ ၂" ဟင်းဂလိုင်း	- ၇၄၁၈	ပေ
တင်ဒါပိတ်မည့်ရက်/အချိန်	- ၉-၉-၂၀၁၃ ရက်/၁၆း၃၀ နာရီ	
တင်ဒါဖွင့်မည့်ရက်/အချိန်	- ၁၀-၉-၂၀၁၃ ရက်/၀၉း၀၀ နာရီ	
တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ	- ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လောက်ကိုင်ခရိုင်၊ လောက်ကိုင်မြို့။ ဖုန်း-၀၈၂-၇၂၀၄၄	

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

နိုင်ငံတကာသတင်း

အကျဉ်းထောင်အတွင်း အဓိကရုဏ်းဖြစ် အနည်းဆုံး ၂၉ ဦး သေဆုံး

လာပက်ဇ် ဩဂုတ် ၂၄

ဘိုလီးဗီးယားနိုင်ငံ အရှေ့ပိုင်း ဆန်တာမြို့ရှိ အကျဉ်းထောင်အတွင်း ဩဂုတ် ၂၃ ရက်က အဓိကရုဏ်း တစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၂၉ ဦး သေဆုံးခဲ့ပြီး အခြား ၅၀ ဒဏ်ရာ ရရှိသွားခဲ့ကြောင်း ဘိုလီးဗီးယားနိုင်ငံ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သေဆုံးသူများထဲတွင် ကလေး ငယ်တစ်ဦးပါဝင်ပြီး ၄င်းကလေး ငယ်မှာ ထောင်ကျမိဘများနှင့်အတူ နေထိုင်သူဟု သိရသည်။

အဓိကရုဏ်း ဖြစ်ပွားမှုမှာ ဒေသ စံတော်ချိန် နံနက် ၅ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပရိုပိန်းဓာတ် ငွေ့ကန်များ ပေါက်ကွဲမှုကြောင့်လည်း အကျဉ်းသား အများအပြား ဒဏ်ရာ ရရှိခဲ့သည်ဟု သိရသည်။

ဒဏ်ရာရရှိသူများကို ဒေသ တွင်း ဆေးရုံများသို့ ပို့ဆောင်ပေး ထားပြီး အများစုမှာ စိုးရိမ်ရသော အနေအထားရှိနေကြောင်း ဘိုလီး ဗီးယားနိုင်ငံ သတင်းစာတစ်စောင်မှ ရေးသားထားသည်။

၄င်းအဓိကရုဏ်း ဖြစ်ပွားခဲ့ရာ ပယ်မာဆိုလာ အကျဉ်းထောင်အတွင်း အကျဉ်းသား ၃၅၀၀ ခန့်ရှိပြီး အကျဉ်း ထောင်အတွင်း ဝင်ဆံ့ပမာဏထက် များပြားနေသည်ဟု သိရသည်။

(ဆင်ဟွာ)

လက်ဘနွန်မြောက်ပိုင်း၌ ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား အနည်းဆုံး လူ ၄၂ ဦး သေဆုံး၊ အများအပြားဒဏ်ရာရ

ဘေရွတ် ဩဂုတ် ၂၄

လက်ဘနွန်နိုင်ငံမြောက်ပိုင်း ထရီပိုလီမြို့တွင် ဩဂုတ် ၂၃ ရက်က ဗလီနှစ်လုံး ဗုံးခွဲတိုက်ခိုက်ခံရရာ အနည်းဆုံး ၄၂ ဦးသေဆုံးကာ ရာနှင့်ချီပြီး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုများသည် အချိန်ကိုက်ဖောက်ခွဲတိုက်ခိုက်သည့် ဖောက်ခွဲမှုများဖြစ်ကြောင်း၊ လက်ဘနွန်ပြည်တွင်းစစ်ပြီးနောက် ထရီပိုလီမြို့၌ အကြီးဆုံးနှင့်သွေးထွက်သံယိုအများဆုံး ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ကြောင်း၊ ဆွန်နီမွတ်စလင်တို့၏ အကြီးဆုံးမြို့ဖြစ်ပြီး ဩဂုတ် ၂၃ ရက် ဆုတောင်းပွဲအပြီး တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ဗုံးပေါက်ကွဲမှုများဖြစ်ပွားရာ ထရီပိုလီမြို့သည် မြို့တော်ဘေရွတ်မှ မိုင် ၄၀ အကွာတွင်တည်ရှိသည်။ ရှီးယိုက်မွတ်စလင်စစ်သွေးကြွ ဟစ်ဇ်ဘိုလာတို့ ထိန်းချုပ်သောဘေရွတ်မြို့ အစိတ်အပိုင်းတစ်ခုတွင် ကြီးမားသော ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး ၂၄ ဦး သေဆုံးခဲ့ပြီး သီတင်းတစ်ပတ်အကြာတွင် ယခုတိုက်ခိုက်မှုများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လက်ဘနွန်နိုင်ငံအတွင်း မကြာသေးမီက အကြမ်းဖက်တိုက်ခိုက်မှုများ တိုးပွားလာခြင်းမှာ အိမ်နီးချင်း ဆီးရီးယား ပဋိပက္ခနှင့် ဆက်စပ်နေသည်။ လက်ဘနွန်တပ်များက ဆီးရီးယားအစိုးရဘက်မှ ပါဝင်တိုက်ခိုက်လာမှု၏ အကျိုးဆက်ဟု ဆိုကြသည်။ ဆီးရီးယားသမ္မတ ဘရှာအယ်လ်အာဆတ်က ဆွန်နီဦးဆောင်သောသူပုန်များကို တိုက်ခိုက်လျက်ရှိသည်။ လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာနှင့် ဆွန်နီအုပ်စုများသည် ဆီးရီးယားအတိုက်အခံများဘက်မှ ကူညီပေးရန် နယ်စပ်သို့ တိုက်ခိုက်ရေးသမားများ စေလွှတ်ပေးခဲ့သည်။

ထိုနေ့က တက်ဝါဗလီနှင့် အယ်လ်ဆလမ်ဗလီတို့၌ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူအရေအတွက် ထပ်မံတိုးလာနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

(ရိုက်တာ)

ထရာမီမုန်တိုင်း တရုတ်ပြည်သူ ၃၆၀၀၀၀ ရေဘေးကြုံ

ဟူနန် ဩဂုတ် ၂၄

ယခုနှစ်တွင် တရုတ်နိုင်ငံသို့ ဝင်ရောက်ခဲ့သည့် ၁၂ ခုမြောက် တိုင်ဖွန်း မုန်တိုင်းထရာမီကြောင့် တရုတ်နိုင်ငံအလယ်ပိုင်း၌ လူပေါင်း ၃၆၀၀၀၀ ရေဘေးကြုံခဲ့ပြီး ၃၀၉၀၀ ကို ပြန်လည်နေရာချထားပေးနိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ဩဂုတ် ၂၄ ရက်တွင် ပြောကြားသည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်းကြောင့် ဟူနန်ပြည်နယ် အရှေ့တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများ၌ မိုးသည်းထန်ပြီး ရေကြီးခဲ့သည်။ မိုးရေချိန်စံချိန်အများဆုံး မှာ ကျီကျင်းမြို့ဖြစ်ပြီး မိုးရေချိန် ၂၈၁ ဒသမ ၆ မီလီမီတာရွာသွန်းခဲ့သည်။ မိုးသည်း ရေကြီးမှုကြောင့် သီးနှံစိုက်ခင်း ဟက်တာ ၁၃၃၅၀ နှင့် နေအိမ် ၁၅၀ ပျက်စီး ခဲ့ရသည်။

(ဆင်ဟွာ)

နီပေါ၌ ရေကြီးမြေပြို ၁၁၈ ဦး သေဆုံးခဲ့ရ

ခတ္တမန္ဒူ ဩဂုတ် ၂၄

နီပေါနိုင်ငံတွင် လွန်ခဲ့သောနှစ်လက ရေကြီးမြေပြိုမှုများကြောင့် သေဆုံးသူ ၁၁၈ ဦးရှိပြီး အခြား ၃၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ၅၆ ဦးလည်း ပျောက်ဆုံး နေကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဩဂုတ် ၂၃ ရက်က သတင်းထုတ် ပြန်သည်။ နီပေါနိုင်ငံ ခရိုင်၇၅ ခုအနက် ၄၆ ခရိုင်တွင် ရေကြီးမြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ထိုစဉ်အတွင်း ၃၈ ခရိုင်တွင် သေဆုံးမှုများပြားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနထုတ်ပြန်ချက်တွင် ဖော်ပြသည်။ ရေကြီးမြေပြိုမှုများ ကြောင့်နေအိမ် ၂၅၀၀ ပျက်စီးပြီး ကျွဲ၊ နွား ကောင်ရေ ၁၀၀၀ ခန့် ဆုံးရှုံးခဲ့ရ သည်ဟု ဆိုသည်။

(ဆင်ဟွာ)

အီရတ်နိုင်ငံတစ်ဝန်းတိုက်ခိုက်မှုများကြောင့်သေဆုံးသူ၄၃ဦးရှိ

ဘဂ္ဂဒက် ဩဂုတ် ၂၄

ပြီးခဲ့သည့် ဩဂုတ် ၂၃ ရက်က အီရတ်နိုင်ငံတစ်ဝန်း အသေခံဗုံးခွဲမှု အပါအဝင် တိုက်ခိုက်မှုများကြောင့် သေဆုံးသူ ၄၃ ဦးထိရှိခဲ့ပြီး ၈၆ ဦး ခန့်ဒဏ်ရာရရှိခဲ့ကြကြောင်း ဆင်ဟွာသတင်းတစ်ပုဒ်တွင် ဩဂုတ် ၂၄ ရက်က ဖော်ပြထားသည်။ ဖြစ်စဉ်များမှာ အဆိုပါနေ့ ညနေပိုင်းက မြို့တော်ဘဂ္ဂဒက်ရှိ ပန်းခြံတစ်ခု၌ ဖောက်ခွဲရေးပစ္စည်းတပ်ဆင်ထားသော အင်္ကျီကို ဝတ်ဆင် ထားသူတစ်ဦးက အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၂၈ ဦးအထိ သေဆုံးခဲ့ရ ပြီး ၅၀ ခန့် ဒဏ်ရာရရှိသွားခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနတာဝန်ရှိသူ တစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အလားတူပင် မြို့တော်ဘဂ္ဂဒက်၏ မြောက်ပိုင်း အဒါမီရလ်ပြည်နယ်တွင် လည်း သေနတ်သမားတစ်ဦး၏ပစ်ခတ်မှုကြောင့် လူလေးဦးသေဆုံးခဲ့ရကြောင်း သိရသည်။

(ဆင်ဟွာ)

ယွမ်ငွေ ငါးသန်း အလွဲသုံးစားခဲ့ကြောင်း ဘိုစီလိုင် ဝန်ခံပြောကြား

ကျိနန် ဩဂုတ် ၂၄

တရုတ်နိုင်ငံရေး ခေါင်းဆောင်ဟောင်း ဘိုစီလိုင်သည် ငွေကြေးအလွဲသုံးစားမှုပြုလုပ်သည်ဟု စွပ်စွဲခံရပြီး ၎င်း၏ဇနီး ဘဏ်စာရင်းတွင် ယွမ်ငါးသန်း (အမေရိကန်ဒေါ်လာ၈၁၇၀၀၀) လက်ခံရရှိခဲ့သည်ဟု ဝန်ခံပြောကြား လိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

တရားရင်ဆိုင်နေရ

ဘိုစီလိုင်သည် တစ်ချိန်က တရုတ်နိုင်ငံတွင် ထိပ်တန်းနိုင်ငံရေး ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ၎င်းသည် အကျင့်ပျက်ခြစားမှု၊ လာဘ်စားမှုနှင့် အာဏာအလွဲသုံးစားမှုများဖြင့် တရားရင်ဆိုင်နေရသည်။

တရုတ်နိုင်ငံတွင် မော်စီတုန်း၏ ယဉ်ကျေးမှုတော်လှန်ရေးအပြီး ၁၉၇၆ ခုနှစ်တွင် လေးဦးဂိုဏ်း ဖြုတ်ချခံရပြီးနောက် တရုတ်နိုင်ငံတွင် အကြီးမားဆုံးထိပ်တန်းပုဂ္ဂိုလ်တစ်ဦးအား စစ်ဆေးခြင်းလည်း ဖြစ်သည်။

ဝန်ခံပြောကြား

တတိယမြောက်နေ့ စစ်ဆေးရာတွင် တရားရုံးက အစိုးရဆောက်လုပ်ရေးလုပ်ငန်းတစ်ခုမှ ငွေကြေးအလွဲသုံးစားမှု ပြုလုပ်ခဲ့ကြောင်း စစ်ဆေးဖော်ထုတ်ခဲ့ရာ ၎င်းက ဝန်ခံပြောကြားခဲ့သည်။

ဘိုစီလိုင်သည် မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်စဉ် ၎င်း၏ ဇနီးနှင့်သားတို့သည် ပင်လယ်ရပ်ခြားခရီးလေ့လာ ရေးသွားရောက်စဉ် ယင်းယွမ်ငွေငါးသန်းကို အလွဲသုံးစွဲခဲ့သည်ဟု ဆိုသည်။

(ရိုက်တာ)

စာဖတ်ကမယ် ဟုတ်သာပေါ့

■ မောင်ခင်မင် (ဓနုဖြူ)

"ရုပ်မြင်သံကြား အင်တာဗျူးတစ်ခုမှာ ပါဝင်ဆွေးနွေးတဲ့မိန်းကလေးက စာရေးဆရာကိုပြောတာ ကြားလိုက်ရတယ်။ 'သမီး ဆရာ့ဝတ္ထုတော်တော်များများကို ဖတ်ကပါတယ်။ ဒီဝတ္ထုတော့ မဖတ်ကသေးဘူး'တဲ့။ သူက တခြားဝတ္ထုတွေဖတ်ရတယ်။ ဒီဝတ္ထုတော့ မဖတ်ရသေးဘူးလို့ ဆိုလိုတာ မှန်းသိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က 'ဖတ်ရမယ်၊ မဖတ်ရသေးဘူး' လို့ ပြောတာမျိုးကို ဒီမိန်းကလေးက 'ဖတ်ကမယ်၊ မဖတ်ကသေးဘူး'လို့ ပြောတော့ နားထဲမှာ ဆန်းနေတာပေါ့ဗျာ"။

" ဟုတ်တယ်ဗျ၊ နယ်ပြောင်းရတဲ့ ဆရာမလေးတစ်ယောက်နဲ့ တွေ့လို့ သူတို့ ကျွန်တော့်ကိုပြောတယ်။ သမီးနယ်ပြောင်းသွားလို့ ဆရာ့အတန်းကို လိုက်မတက်ကတော့ဘူးတဲ့"။

မိတ်ဆွေဆရာနှစ်ယောက်နှင့် လက်ဖက်ရည်ဆိုင်မှာ ဝိုင်းဖွဲ့ကြရင်း သူတို့ ပြောသည့်စကားကို ကြားလိုက်ရပါသည်။ တစ်ယောက်က"ကဲ. . . မြန်မာစာဆရာကြီး လုပ်ပါဦးဗျ။ ဘာဖြစ်လို့ အဲဒီလိုပြောကြတာလဲဟု" ကျွန်တော့်ဘက်ကို မြေးဦးလှည့်လာပါသည်။

သူတို့ပြောသည့်အတိုင်းပင် 'စာဖတ်ကမယ်၊ ဒီအကြောင်းပြောကမယ်' ဆိုသော် ပြောပုံမျိုးများကို ယနေ့လူငယ်များ၏ စကားထဲတွင် မကြာခဏ ကြားရပါသည်။

စာတွေ စကားတွေထဲမှာ 'ရဲ့' အစား 'ကဲ့'ကိုသုံးသည့် အစဉ်အလာ တစ်ခုရှိပါသည်။ စကားတိုင်းမှာတော့မဟုတ်ပါ။ ရှေ့မှာ က်၊ စ်၊ တ်၊ ပ်၊ (ကသတ်၊ စသတ်၊ တသတ်၊ ပသတ်)ရှိလျှင် နောက်က'ရဲ့'ကို 'ကဲ့'ဟု ပြောင်းသုံးလေ့ရှိပါသည်။ 'မင်းပြောတာဟုတ်ကဲ့လား၊ သူ့ကိုချစ်ကဲ့လား၊ မင်း လုပ်တတ်ကဲ့လား၊ ဒါကိုကြိုက်ကဲ့လား၊' စသည့်စကားများတွင် တွေ့နိုင်ပါသည်။ 'ဟုတ်ရဲ့လား၊ ချစ်ရဲ့လား၊ တတ်ရဲ့လား၊ ကြိုက်ရဲ့လား' ဟုလည်း သုံးနိုင်ပါသည်။အိုင်ချင်းတစ်ပုဒ်တွင် 'ကြွက်ကဲ့အယောင် ကြောင်ရဲ့အလား' ဟု ဖွဲ့ထားပါသည်။ 'ကြွက်ရဲ့အယောင်၊ ကြောင်ရဲ့အလား'နှင့် အတူတူပင်ဖြစ်ပါသည်။ ထို့အတူ 'ရယ်' အစား 'ကယ်' ကို သုံးသည်လည်း ရှိပါသည်။ ရှေ့မှာ ဖော်ပြပါအသတ်များပါလျှင် 'ရယ်' အစား 'ကယ်' ဟု သုံးနိုင်ပါသည်။ 'ချစ်ချစ်ကယ်'၊ 'သက်သက်ကယ်'ဟုခေါ်သော စကားများသည် 'ချစ်ချစ်ရယ်၊ သက်သက်ရယ်'တို့နှင့် အတူတူပင်ဖြစ်ပါသည်။

ကျွန်တော်တို့ တွင်တွင်ကျယ်ကျယ်ပြောနေသော 'ဟုတ်ကဲ့'ဆိုသော စကားသည် ' ဟုတ်ရဲ့' နှင့်တူပါသည်။ ရှေ့မှာ တ်(တသတ်)ပါသည့်အတွက် 'ဟုတ်ကဲ့'ဟု သုံးရာမှ အသုံးတွင်ကျယ်လာခြင်းဖြစ်သည်။ 'ဟုတ်ကဲ့လား'ဆိုသောအမေးစကားတွင်လည်း 'ကဲ့' ဟု သုံးသည်ကို တွေ့နိုင်သည်။ အပြောဟန်ဖြင့် သုံးသောစကားများတွင် ထိုအသုံးများကို တွေ့ရတတ်ပါသည်။ ထိုအသုံးမျိုးတို့မှလွဲ၍ 'ရ' နေရာမှာ 'က' သုံးသည်ကို တွင်တွင်ကျယ်ကျယ် မတွေ့ရပါ။

ကျွန်တော်က မိတ်ဆွေဆရာနှစ်ယောက်ကို ကျွန်တော်သတိပြုမိသလောက် ထိုအကြောင်းများ ပြောပြသည်။

"ဟုတ်တယ်ဗျ၊ 'ဒီအလုပ်လုပ်ကူမယ်'၊ 'စာဖတ်ကမယ်'၊ 'လွှင့်ပစ်ကူမယ်'၊ 'ထမင်းချက်ကမယ်' ဆိုတာမျိုး တချို့ဒေသတွေမှာ ပြောတာကြားဖူးတယ်။ ဒီစကားတွေကိုကြည့်တော့ ခင်ဗျားပြောသလို ရှေ့မှာ ကသတ်၊ စသတ်၊ တသတ်၊ ပသတ်ပါတဲ့ စကားတွေဖြစ်နေတာပဲနော်။ အဲဒီလိုစကားမျိုးတွေမှာတော့ 'ရ' အစား 'က'ကို နေရာဒေသလိုက်ပြီး သုံးတယ်ထင်ပါရဲ့။"

ဒါပေမယ့် ဒီနေ့ လူငယ်တချို့ပြောတဲ့ 'စားကမယ်'တို့ 'လာကမယ်'တို့ ကျတော့ ရှေ့မှာ အဲဒီအသတ်တွေ မပါဘူးလေ"။

သူတို့ နှစ်ယောက်က ဤသို့မှတ်ချက်ချသည်။

"ရှေ့မှာ ကျွန်တော်ပြောတဲ့ အသတ်တွေပါလို့ 'ရ' နေရာမှာ 'က' သုံးရာကနေပြီး အဲဒီအသတ်တွေမပါတဲ့ စကားလုံးတွေနဲ့ပါ ချဲ့ပြီးသုံးလာကြရင်း အသုံးတွင်ကျယ်လာတယ် ထင်ပါတယ်ဗျာ"

"နောက်ပြောပုံတစ်မျိုးရှိသေးတယ်ဗျ၊ 'တ' သံနေရာမှာ 'သ' သံသုံးပြီး ပြောတာမျိုးလေ"ဟု မိတ်ဆွေက ပြောသည်။

"အဲဒီအသုံးမျိုးကိုတော့ အထက်အညာဒေသမှာ အသုံးများပါတယ်။ 'ဟုတ်တယ်' ကို 'ဟုတ်သယ်'၊ 'ဟုတ်တာပေါ့' ကို 'ဟုတ်သာပေါ့'၊ 'ပြောတာ' ကို 'ပြောသာ'၊ 'ရောက်တဲ့လူ' ကို 'ရောက်သဲ့လူ' လို့ ပြောတာမျိုးမဟုတ်လား။ အဲဒီလို 'တ' နေရာမှာ 'သ' လို့ ပြောတာကတော့ မပီလို့ပြောတာလည်း မဟုတ်ဘူး။ မှားပြီးပြောတာလည်း မဟုတ်ဘူး။ နေရာဒေသကို လိုက်ပြီး အသံကွဲတဲ့ စကားမျိုးပါပဲ။ ဒေသစကားလို့ ခေါ်တာပေါ့။"

"အညာဒေသမှာ ဒေသသုံးအဖြစ်ပြောတာမှ မှန်ပါတယ်။ အဲဒီလို ပြောတာကို မှားယွင်းတိမ်းချော်တယ်လို့ ဆိုစရာအကြောင်းမရှိပါဘူး။ ဒါပေမယ့် အဲဒါနဲ့ပြောင်းပြန်ဆိုပါတော့။ 'သ'နေရာမှာ 'တ' လို့ ပြောတာမျိုးလည်း ကြားရတတ်ပါတယ်"ဟု နောက်တစ်ယောက်က ဆက်ပြောသည်။

'သ'ကိုပြောရမယ့်နေရာမှာ 'တ'လို့ ပြောတာကတော့ 'သ'ကို ပီအောင် မပြောနိုင်လို့ 'တ'သံနဲ့ ပြောတာလည်း ရှိပါတယ်။ ကျွန်တော့်မိတ်ဆွေ တစ်ယောက်က ရယ်စရာပြောဖူးတယ်။ သူတို့မြို့မှာ လူတစ်ယောက်က ငယ်ငယ်ကတည်းက 'သ' သံကိုပီအောင် မပြောနိုင်ဘူးတဲ့။ 'တ' လို့ပဲ ပြောတယ်တဲ့။ တစ်နေ့တော့ ကျွန်တော့်မိတ်ဆွေက အဲဒီလူကို ကျီစယ်သတဲ့။ ခင်ဗျားဗျာ ဘူးသီး ခရမ်းသီးကို 'ဘူးဒီး ခရမ်းဒီး' လို့ပဲ ပြောပြောနေတာ၊ 'သ' ကိုပီအောင်မှ မပြောနိုင်ပဲကိုးလို့ပြောတော့ အဲဒီလူကပြန်ပြောသတဲ့။ အောင်မယ်၊ 'ဘူးဒီး ခရမ်းဒီး' ဒါမပီတာ 'ကြက်တား ဘဲဒါး'တော့ ပီပါတယ်လို့ ပြောတယ်တဲ့။

"ဟုတ်တယ်။ ကျွန်တော့်အသိ မိန်းကလေးတစ်ယောက်က သူ့နာမည် ပြောရင် 'တန်းတန်းမြင့်' လို့ အမြဲပြောတယ်။ သူ့နာမည်က 'သန်းသန်းမြင့်' ပါ။ ဒီ့ပြင် 'သ' သံ တွေကိုလည်း 'တ'လို့ပဲအမြဲပြောတယ်။ သူငယ်ငယ်ကတည်းက အဲဒီလိုပဲပြောတယ်တဲ့။"

"အသံထွက်မပီရင် ရေးတဲ့စာလုံးကိုလည်း အသံထွက်တဲ့အတိုင်း ရေးတဲ့အခါ အရေးလည်း မှားနိုင်တာပေါ့။ ဝတ္ထုတွေထဲက စကားပြောတွေမှာ တွေ့ရတာ ကလေးတွေ သတိရလို့ပါ။ တစ်ယောက်က တစ်ယောက်ကိုမေးတဲ့

> 'သ'ကိုပြောရမယ့်နေရာမှာ 'တ'လို့ ပြောတာကတော့ 'သ'ကို ပီအောင်မပြောနိုင်လို့ 'တ'သံနဲ့ ပြောတာလည်း ရှိပါတယ်။ ကျွန်တော့်မိတ်ဆွေ တစ်ယောက်က ရယ်စရာပြောဖူးတယ်။ သူတို့မြို့မှာ လူတစ်ယောက်က ငယ်ငယ်ကတည်းက 'သ' သံကို ပီအောင် မပြောနိုင်ဘူးတဲ့။ 'တ' လို့ပဲ ပြောတယ်တဲ့။ တစ်နေ့တော့ ကျွန်တော့်မိတ်ဆွေက အဲဒီလူကို ကျီစယ်သတဲ့။ ခင်ဗျားဗျာ ဘူးသီး ခရမ်းသီးကို 'ဘူးဒီးခရမ်းဒီး'လို့ပဲ ပြောပြောနေတာ၊ 'သ' ကို ပီအောင်မှ မပြောနိုင်ပဲကိုးလို့ပြောတော့ အဲဒီလူက ပြန်ပြောသတဲ့။ 'အောင်မယ်၊ ဘူးဒီးခရမ်းဒီးဒါမပီတာ' 'ကြက်တား ဘဲဒါးတော့' ပီပါတယ်လို့ပြောတယ်တဲ့။

စကားကို 'မင်း လာမယ်မလား'၊ 'သိတယ်မလား'ဆိုတာမျိုးတွေ ရေးနေကြတယ်။ ပီပီသသ ကွဲကွဲပြားပြားပြောရင် 'မင်းလာမယ်မဟုတ်လား'၊ 'သိတယ်မဟုတ်လား'လို့ ပြောတယ်နော်။ မြန်မြန်ပြောတော့ 'သိတယ်မှုတ်လား'၊ သိတယ်မို့လား'ဆိုတာမျိုးတွေဖြစ်သွားရော။ အဲဒီကမှ နောက်ဆုံး 'သိတယ်မလား'ဆိုတဲ့ ရေးပုံမျိုးတွေ ဖြစ်နေပြီလေ။

လက်ဖက်ရည်ဆိုင်တွင် စကားကောင်းနေကြသည်မှာ အချိန်တော်တော် ကြာသွားပါပြီ။

"အေးဗျာ ကျွန်တော်တို့ ငယ်ငယ်ကတည်းက ပြောလာကြတဲ့ ပြောပုံမျိုးနဲ့မတူတဲ့ ပြောပုံဆိုပုံတွေကို လူငယ်တွေဆီက ကြားကြားနေရလို့ စိတ်ဝင်စားတာနဲ့ စကားစရင်း ခုလို တစ်ယောက်တစ်ခွန်းပြောဖြစ်ကြတာ ကောင်းပါတယ်ဗျာ။ ပြောတဲ့သူတွေရဲ့ နေရာဒေသမတူလို့ ပြောပုံကွဲပြားတာလား။ မှားပြောရာက အသုံးတွင်သွားလို့ ပြောပုံကွဲပြားတာလားဆိုတာ ခုလို ဆွေးနွေးလိုက်တော့ သတိထားမိသွားတာပေါ့ဗျာ"။

မိတ်ဆွေ ဆရာက စကားကို အဆုံးသတ်လိုက်ပါသည်။ ။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

သွေးလွန်တုပ်ကွေးကာကွယ်ရေး စုပေါင်းလုပ်အားပေး

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီး၌ သွေးလွန်တုပ်ကွေးအန္တရာယ်ကာကွယ်ရန် ရွာမ အရှေ့ရပ်ကွက်၌ တာဝန်ရှိသူများနှင့် NGO များ ပူးပေါင်းကာ ရေမြောင်းများဖော်ခြင်း၊ နေအိမ်များရှိ ရေအိုးများဖုံး၊ သွန်၊ လဲ၊ စစ်များနှင့် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းကို ဩဂုတ် ၂၀ ရက်က စည်ပင်ဌာန၊ ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ရပ်ကွက်အတွင်းရှိ အိမ်များသို့ တစ်အိမ်ဆင်း တစ်အိမ်တက် ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

ရန်ကုန်မြို့ကြီး ရေမတင်ရလေအောင်

မိုးကလေး နာရီဝက် တစ်နာရီအတွင်း ဆက်တိုက်ရွာလိုက်သည်နှင့် ရန်ကုန်မြို့ကြီး၏ မြို့နယ်အတော်တော်များများတွင် ရေတင်နေမှုများက ထုံးစံအတိုင်းလိုပင်ဖြစ်သည်။ လူ၊ ကား ခရီးသွားအားလုံးဒုက္ခရောက်ကြရသည်။ နဂိုကတည်းက ယာဉ်ကြော ကျပ်တည်းမှုကြောင့် ခရီးလမ်းများ၌ ကြန့်ကြာမှုများရှိနေသည့်အထဲ ယခုကဲ့သို့ ကားလမ်းမကြီးများအပေါ် မိုးရေ မြစ်ရေများ အချိန်ကြာမြင့်စွာ မစီးဆင်းဘဲရှိနေမှုကြောင့် လမ်းအသုံးပြုသူများအတွက် အခက်အခဲဖြစ်နေသည်။

မြို့တော်စည်ပင်မှ တာဝန်ရှိသူတို့အဆက်ဆက် ရေစီးရေလာကောင်းမွန်ရေးကို အတတ်နိုင်ဆုံး ဆောင်ရွက်လျက်ရှိနေသည်ကိုလည်း တွေ့မြင်ရသည်။ သို့သော် ယနေ့ထက်တိုင်အောင် အနိုင်ရရှိမှုမရှိသေးသည်က လက်တွေ့ပင်ဖြစ်သည်။

စာရေးသူသည် တည်ဆောက်မှုအတတ်ပညာရှင်မဟုတ်ပါ။ သတင်းထောက် တစ်ဦးမျှသာဖြစ်သည်။ သတင်းထောက်တစ်ဦး၏ အမြင်ဖြင့်သာ တင်ပြခြင်းဖြစ်သည်။

ကြည့်မြင်တိုင်မြို့နယ်နှင့် စမ်းချောင်းမြို့နယ် နှစ်မြို့နယ်ဆုံရာတွင် ဗားကရာချောက်ကြီးရှိပါသည်။ မူလကုန်းမြေ အမြင့်ထက် ၁၃ ပေခန့် နိမ့်ပါသည်။ ချောက်ကြီးအနီး ရပ်ကွက်များက မြောင်းအသွယ်သွယ်မှ ရေတို့သည်လည်း ချောက်ကြီးအောက် မြောင်းအတွင်းသို့ စီးဝင်မြဲဖြစ်သည်။

မိုးမည်မျှပင် ကြီးကြီး၊ အချိန်မည်မျှပင်ကြာကြာ ကားလမ်းပေါ်၌ ရေများတင်ကျန်နေခြင်းကိုမူ စာရေးသူ အသက် ၆၁နှစ်အတွင်း တစ်ကြိမ်တစ်ခါမျှမမြင်ဖူးခဲ့ပါ။ ချောက်ကြီးအလယ်မှ ရပ်ကာလှိုင်မြစ်ဘက်ဆီသို့ မျက်နှာမူ၍ ရပ်ကြည့်ပါက မြစ်ရေကျချိန်၌ပင် ချောက်က ပို၍နိမ့်နေသည့်အလား လေ့လာတွေ့ရှိရသည်။ ချောက်အောက်အတွင်းသို့ စီးဆင်းနိုင်ရန် သူတို့မည်သို့သော အတတ်ပညာဖြင့် တည်ဆောက်ခဲ့သည်မသိ။ ရှေးယခင်က ချောက်အောက် မြောင်းထဲသို့ ကျသွားသော ဘောလုံးကို ကလေးတစ်ယောက်အရွယ်က ဆင်းကောက်နိုင်ခဲ့သည်ဟု ဘောဂရပ်ကွက်အတွင်းနေသူတို့က ပြောခဲ့ဖူးသည်။

အသက် ၈၅ နှစ်အရွယ်ရှိပြီဖြစ်သော ဆောက်လုပ်ရေးမှ အငြိမ်းစားယူခဲ့သည့် ဖခင်ဖြစ်သူက "ဒီချောက်ကြီးကို အင်္ဂလိပ်လက်ထက်ကတည်းက တည်ဆောက်ခဲ့တာ"ဟု ပြောဖူးပါသည်။ စာရေးသူ ဆိုလိုသည်မှာ မည်သူ မည်ဝါတည်ဆောက်ခဲ့ခြင်းကို ဂုဏ်တင်၍ ပြောဆိုခြင်းမဟုတ်ပါ။ နည်းပညာကိုသာ ဆိုရင်းဖြစ်ပါသည်။ ယခုအခါ ခေတ်မီသော ယန္တရားကြီးများ၊ တည်ဆောက်မှုနည်းပညာတို့သည် ထိုခေတ်အချိန်ကထက် အဆများစွာသာလွန်လျက်ရှိနေသည်။ သို့သော်လည်း ရန်ကုန်မြို့ကြီးတွင် နှစ်စဉ်မိုးတွင်းကာလတစ်လျှောက်လုံး မြို့နယ်အတော်များများတွင် မိုးရွာသည်နှင့် ရေတင်နေခြင်းကို ပြန်လည်သုံးသပ်သင့်သလို ရန်ကုန်မြို့ကြီး ရေမတင်ရလေအောင် ရေစီးရေလာကောင်းအောင် ဝိုင်းဝန်းအကြံပြုဆောင်ရွက်ကြပါစို့ဟု တိုက်တွန်း ရေးသားလိုက်ရပါသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ဥပဒေရေးရာ

❀ ရှေ့ဖုံးမှ

ဆွေးနွေးပြီး ဆုံးဖြတ်ချက်ချနိုင်ရန် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့ပြီး အစီရင်ခံစာတင်ပြခြင်းဖြစ်ပါကြောင်း။

ယင်းဥပဒေကြမ်းနှင့်ပတ်သက်၍ ပြင်ဆင်ချက်အဆိုတင်သွင်းရန်ရှိပါက ၁၆-၁၁-၂၀၁၂ ရက်တွင် နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ အသိပေးကြေညာခဲ့ပြီးလည်း ဖြစ်ပါကြောင်း၊ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသူ ၇ ဦး၏ ပြင်ဆင်ချက်များတင်သွင်းထားပြီး ဥပဒေကြမ်းကော်မတီမှလည်း လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် လွှတ်တော်နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က တင်ပြလာသည့် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် တစ်ပါတီစနစ်ကျင့်သုံးခဲ့သော ခေတ်ကာလကပြဋ္ဌာန်းခဲ့သည့် ၁၉၇၅ ခုနှစ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း ဥပဒေအား မှီငြမ်းပြုစုထားတာကို လေ့လာတွေ့ရှိရပါကြောင်း။

မိမိတို့နိုင်ငံသည် ယခုအခါ၌ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးနေတဲ့ကာလဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆ ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး ၁ ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ထံ တင်ပြရမည်ဟူသော ပြဋ္ဌာန်းချက်သည် တစ်ပါတီစနစ်ကျင့်သုံးသည့် နိုင်ငံများတွင် မှန်ကောင်း မှန်နိုင်မှာဖြစ်သော်လည်း ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးသည့်နေရာတွင် အဆိုပါပြဋ္ဌာန်းချက်ကို ပြန်လည်စဉ်းစားသုံးသပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆ အပိုဒ်ခွဲ(ခ)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ အပိုဒ်ခွဲ(ည)ပါ ပြဋ္ဌာန်းချက်များတွင် သက်ဆိုင်ရာမဲဆန္ဒနယ်မှ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး ၁ ရာခိုင်နှုန်းဆိုသည့် စကားရပ်နှင့်ပတ်သက်ပြီး မဲဆန္ဒနယ် ၁ နယ်တွင် ပါတီအသီးသီး၏ ကိုယ်စားလှယ်လောင်းများ ယှဉ်ပြိုင်ရွေးခံကြသည့်နေရာတွင် ရှုံးသောကိုယ်စားလှယ်လောင်းများသည် ဆန္ဒမဲပေးခံရမှု၏ အနည်းဆုံး ၁ ရာခိုင်နှုန်းထက်ကျော်လွန်ပြီးတော့ ရနိုင်ကြမှာဖြစ်ပါကြောင်း၊ သို့ဖြစ်၍ရှုံးနိမ့်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်သည် ဆန္ဒမဲပေးကြသူများ၏ ၁ ရာခိုင်နှုန်းအရေအတွက်ဖြင့် ထောက်ခံမှုကိုရရှိနိုင်သောကြောင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား တာဝန်မှပြန်လည်ရုပ်သိမ်းပေးရေးအတွက် တောင်းဆိုချက်ကို လက်ဝယ်ရရှိသကဲ့သို့ ဆောင်ရွက်နိုင်ကြမှာ ဖြစ်ပါကြောင်း၊ သို့ဖြစ်သည့်အတွက် ယှဉ်ပြိုင်ခဲ့သော ကိုယ်စားလှယ်လောင်းများကြားမှာ မလိုလားအပ်သော ပြဿနာများ ဖြစ်ပေါ်လာနိုင်တာကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ စဉ်းစားသုံးသပ်နိုင်ကြမှာ ဖြစ်ပါကြောင်း။

ယနေ့ တိုးတက်ပြောင်းလဲလာသည့် ကမ္ဘာ့နိုင်ငံများတွင် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာများကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခြင်းကို မတွေ့ရှိရပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးသည့် ကမ္ဘာ့နိုင်ငံများတွင် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းများကို ၎င်းတို့နိုင်ငံအသီးသီးမှာ ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကျင့်သုံးကြခြင်းဖြစ်ပါကြောင်း၊ ကျင့်သုံးပုံ ကျင့်သုံးနည်းနှင့် နည်းစနစ်များသည် တစ်သမတ်တည်းမရှိသည်ကိုတွေ့ရပါကြောင်း၊ လုပ်ထုံးလုပ်နည်းကွဲပြားခြားနားမှုရှိသော်လည်း သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး ၁ ရာခိုင်နှုန်းက တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်များနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တိုင်တန်းလျှင် ကော်မရှင်က ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးပြီး အရေးယူဆောင်ရွက်ရမည်ဟူသော ပြဋ္ဌာန်းချက်မျိုးဖော်ပြထားတာကို မတွေ့ရှိရပါကြောင်း၊ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး ၁ ရာခိုင်နှုန်းဟု သတ်မှတ်ခြင်းမှာ ပါတီစုံဒီမိုကရေစီကျင့်သုံးသော နိုင်ငံများ၌ အပြုသဘောထက် အပျက်သဘောကို ပိုမိုအားပေးရာရောက်တာကို သုံးသပ်ရရှိပါကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးသည့် အခြားနိုင်ငံများမှ လုပ်ကိုင်နေသော စနစ်များကို လက်လှမ်းမီသလောက် အနည်းအကျဉ်းတင်ပြလိုပါကြောင်း။

- အမေရိကန်နိုင်ငံ ဥပဒေပြုလွှတ်တော်ဖြစ်သည့် Congress သည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အရေးယူဆောင်ရွက်ရန် လိုအပ်လျှင် လွှတ်တော်ကိုယ်စားလှယ်များ၏ မဲ၏သုံးပုံနှစ်ပုံထောက်ခံမဲဖြင့် အတည်ပြု ထုတ်ပယ်နိုင်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းပြုရန် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားခြင်းမရှိပါကြောင်း၊ အမေရိကန်နိုင်ငံတွင် ဥပဒေပြုလွှတ်တော်ဖြစ်သည့် Congress တွင် မကျင့်သုံးသော်လည်း ပြည်နယ်လွှတ်တော်အချို့မှာ ကျင့်သုံးသည်ကို တွေ့ရှိရပါကြောင်း၊ ဥပမာအားဖြင့် ကယ်လီဖိုးနီးယားပြည်နယ်မှာ လွှတ်တော်ကိုယ်စားလှယ်များကို တာဝန်မှ ပြန်လည်ရုပ်သိမ်းရန် မဲဆန္ဒရှင်များ၏ အနည်းဆုံး ၁၂ ရာခိုင်နှုန်းမှ တင်ပြရန်လိုအပ်ပါကြောင်း၊ အခြားပြည်နယ်များတွင်လည်း အနည်းဆုံး ၄၀ ရာခိုင်နှုန်း တင်ပြရန် လိုအပ်သည်ကို ဖော်ပြထားတာကို တွေ့ရပါကြောင်း၊ ၎င်းလွှတ်တော်ကိုယ်စားလှယ်စွပ်စွဲချက်အတွက် မဲဆန္ဒရှင်များ၏ ဆန္ဒမဲပေးခြင်းဖြင့် အဆုံးအဖြတ်ပြုသည့် လုပ်ငန်းများလုပ်ဆောင်တာကိုလည်း ဖော်ပြထားတာမတွေ့ရှိပါကြောင်း။
- ကနေဒါနိုင်ငံ၊ British Columbia ပြည်နယ်မှာ မဲဆန္ဒရှင်များ၏ ၄၀ ရာခိုင်နှုန်းက စွပ်စွဲတိုင်တန်းရန်လိုအပ်ပြီး တိုင်တန်းချက်မှန်ကန်ကြောင်း စစ်ဆေးပေါ်ပေါက်လျှင် ဆန္ဒခံယူရန်မလိုဘဲ တာဝန်မှ ပြန်လည်ရုပ်သိမ်းနိုင်ကြောင်း ဖော်ပြထားတာလေ့လာတွေ့ရှိရပါကြောင်း။
- ဆွစ်ဇာလန်နိုင်ငံမှာ ပြည်ထောင်စုအဆင့် Union Level မှာ လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းစနစ်ကျင့်သုံးတာမရှိပါကြောင်း။
- Venezuela နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းကို မူလမဲဆန္ဒရှင်၏ ၂၀ ရာခိုင်နှုန်းထက်မနည်း တိုင်တန်းမှသာ တိုင်တန်းချက်ကို အရေးယူနိုင်ကြောင်း တွေ့ရှိရပါကြောင်း။
- ဒီမိုကရေစီစနစ်အပြည့်အဝကျင့်သုံးနေသည့် အိန္ဒိယနိုင်ငံတွင် လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းကို ဥပဒေပြုပါလီမန်မှ ကျင့်သုံးတာမရှိကြောင်းကို လေ့လာတွေ့ရှိရပါကြောင်း၊ ပြည်နယ်အချို့နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့တွေမှာသာ ကျင့်သုံးတာကိုတွေ့ရှိရပါကြောင်း။

ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီကို ဖွဲ့စည်းရန်ဆုံးဖြတ်ခဲ့ပြီး ယခုပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သတ္တမပုံမှန်အစည်းအဝေးမှာ ကော်မတီဖွဲ့စည်းခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအား ဆန်းစစ်လေ့လာခြင်း လုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်သွင်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းအား ဖွဲ့စည်းပုံအခြေခံဥပဒေဆန်းစစ်လေ့လာမှုပြုနေစဉ်ကာလအတွင်း ဥပဒေကြမ်းနှင့်ပတ်သက်သည့် ဆွေးနွေးမှုများအား ဆိုင်းငံ့ထားသင့်ပါသဖြင့် လွှတ်တော်မှအဆုံးအဖြတ်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့တင်ပြအပ်ပါကြောင်းဖြင့် ဖတ်ကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး ဉာဏ်နိုင်က ဆွေးနွေးရာတွင် လွှတ်တော်သည် ပြည်သူ့ဆန္ဒများကို ဖော်ဆောင်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ထိုသို့ပြည်သူ့ဆန္ဒကို ဖော်ဆောင်နေသည့်အတွက် လွှတ်တော်နှင့်ပတ်သက်ပြီး ပြည်သူလူထု၏ ယုံကြည်မှုသည်လည်း တိုးပွားတိုးတက်နေသည်ကို မိမိတို့လည်း သိရပါကြောင်း၊ သို့ဖြစ်၍ ဤယုံကြည်မှုကို အရှိန်အဟုန်ဖြင့် ဆက်လက်တိုးမြှင့်နိုင်ရန်အပြင် ပြည်သူ့လွှတ်တော်အပါအဝင် လွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာအတွက် လွှတ်တော်ကိုယ်စားလှယ်ဆိုင်ရာ တာဝန်ပြန်လည်ရုပ်သိမ်းမှုဥပဒေကြမ်းကို ဆက်လက်ဆွေးနွေးသင့်သည်ဟု မိမိအနေဖြင့် ထင်မြင်မိပါကြောင်း။

ဒုတိယအချက်အနေဖြင့် မိမိတို့တပ်မတော်၌ တပ်မတော်စည်းကမ်းရှိပါကြောင်း၊ ဥပဒေကို တပ်မတော်၏ ဥပဒေအရ မလုပ်ရဘူးဟု တားမြစ်ထားသည်ကိုလုပ်ကိုင်လျှင်အရေးယူခြင်းခံရပါကြောင်း၊ ဥပဒေနှင့်ငြိစွန်းလျှင်လည်း အရေးယူပါကြောင်း၊ ထို့ကြောင့် ဥပဒေအရ ဥပဒေနှင့်အညီ လုပ်မည်၊ မလုပ်ဘူး၊ ဥပဒေနှင့်ညီသည်၊ မညီဘူးဆိုသည့်အချက်ကို ဥပဒေကပင် ထိန်းကျောင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဤလွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို ပြဋ္ဌာန်းရန်မှာ ကြောင့်ကြစိုးရိမ်ရန်မလိုဘဲ မိမိတို့ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် သတ္တိရှိရှိဖြင့် လွှတ်တော်သက်တမ်းကာလတစ်ဝက်ကျော်ရောက်ရှိလာပြီဖြစ်သည့်အတွက် ဆက်လက်ပြီး ဆောင်ရွက်ရန် အချိန်တန်ပြီဟု ထင်မြင်သုံးသပ်မိပါကြောင်း၊ ထို့အပြင် မိမိတို့၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း ပုဒ်မ ၃၉၆ ၌ ဤဥပဒေနှင့် ပတ်သက်ပြီး ပြဋ္ဌာန်းထားခြင်းရှိပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့်အတွက် ဤဥပဒေနှင့်ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်ရမည့် တာဝန်ရှိကြောင်းလည်းတွေ့ရပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဥပဒေကြမ်းကို ဆိုင်းငံ့မထားဘဲ ဆက်လက်ဆွေးနွေးဆောင်ရွက်သွားသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ကိုကိုက ဆွေးနွေးရာတွင် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ ရွေးကောက်ခံကိုယ်စားလှယ်များရော၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စည်းမျဉ်းစည်းကမ်းဖြင့်ခန့်အပ်ထားသော တပ်မတော်သားကိုယ်စားလှယ်များရော

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး မြင့်ကိုကို ဆွေးနွေးစဉ်။ (သတင်းစဉ်)

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး တင့်ဆန်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပါပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ထဲမှနေပြီး နိုင်ငံသူ၊ နိုင်ငံသားများလိုက်နာရန် ဥပဒေပြုနေသူများဖြစ်ပါကြောင်း၊ ဥပဒေဆိုသည်မှာ ကန့်သတ်ချက်များ၊တားမြစ်ချက်များ၊ တိုက်တွန်းချက်များပေးခြင်းဟုမြင်ပါကြောင်း၊ သို့ဖြစ်၍ လွှတ်တော်တွင် ဥပဒေပြုနေကြသည့် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များသည် စည်းမျဉ်းစည်းကမ်းကို ဘယ်လိုလိုက်နာမည်၊ ဘယ်လိုလုပ်ကြမည် စသည်ဖြင့်ရှိရန် လိုအပ်မည်ဟု ထင်ပါကြောင်း၊ မိမိသည် လွှတ်တော်စတင်ကတည်းက ဤလွှတ်တော်တွင်ပါဝင်ပြီး တာဝန်ထမ်းဆောင်ခဲ့ရသူဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့လွှတ်တော်ထဲတွင် လွှတ်တော်ကိုယ်စားလှယ်များ လက်ခံရမည့်စည်းကမ်းများကို စစချင်းညွှန်ကြားရေးမှူးချုပ်ကပင် မိမိတို့လွှတ်တော် စည်းမျဉ်းစည်းကမ်း ဥပဒေကို အမြန်ဆုံးဆက်လက်ဆွေးနွေးပြီး ပြဋ္ဌာန်းရန်လိုသည်ဟု တင်ပြရန်ဖြစ်ပါကြောင်း၊ အားလုံးဘယ်သူ့ကိုမျှလည်း ပုတ်ခတ်ထိခိုက်ခြင်း မဟုတ်ပါကြောင်း။

လွှတ်တော်အတွင်း ပထမအသံရှည် Bell တီးလျှင် နေရာယူရမည်။ ဒုတိယအသံရှည် Bell တီးလျှင် နေရာမှာရှိပြီးသားဖြစ်ရမည်ဟု အားလုံးကို ကြေညာသွားသည့်အခါ ယင်းမှာ လိုက်နာရန် စည်းကမ်းပင်ဖြစ်ပါကြောင်း၊ နောက်တစ်ခုမှာ ဆေးလိပ်သောက်ရန်နေရာ၊ ကွမ်းစားရန်နေရာ စသည်အားဖြင့် သတ်မှတ်ပေးထားပါကြောင်း၊ သို့သော်လည်း လိုက်နာမှု အားနည်းနေသည်များကို တွေ့မြင်ရပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များက အများပြည်သူလိုက်နာရန် ဥပဒေများပြဋ္ဌာန်းနေသကဲ့သို့ မိမိတို့ကိုလည်း လိုက်နာရန် ကျင့်ဝတ်စည်းကမ်းများ ပြဋ္ဌာန်းထားသည့်နေရာတွင် အချက် ၅ ချက်ရှိပါကြောင်း၊ ယင်းတို့အနက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို လိုက်နာဆောင်ရွက်ခြင်းဆိုသည့် အချက်တစ်ချက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေနှင့် တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာနှင့်လျော်ညီစွာ ပြုမူဆက်ဆံနေထိုင်ခြင်း၊ ကိုယ်စားလှယ်များ၏ တာဝန်ကို ကျေပွန်စွာဆောင်ရွက်ခြင်း၊ လွှတ်တော်ကိုယ်စားလှယ်အဖြစ်ပေးအပ်ထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာမှု၊ လာဘ်ပေးလာဘ်ယူမှု၊ ခြိမ်းခြောက်မှုတို့ကို ရှောင်ကြဉ်ခြင်းစသည့် အချက်များကို လိုက်နာရန် ပြဋ္ဌာန်းထားပါကြောင်း၊ ကျန်သည့်အချက်များကို အချင်းချင်းမြင်နိုင်သော်လည်း နံပါတ် (၅)အချက်ကို ဤလွှတ်တော်ထဲမှာလည်း မြင်နိုင်မှုမြင်နိုင်မည်ဖြစ်ပါကြောင်း၊ သူ့ရဲ့လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်၏ နယ်မြေအနေအထား၊ နယ်မြေအတွင်းက ပြည်သူလူထုအနေဖြင့် သိလာနိုင်သည့်အနေအထားများ ရှိသည့်အတွက် ၎င်းတို့အပေါ် ပြည်သူ ၁ ရာခိုင်နှုန်းမှ တင်ပြလျှင် မိမိတို့တာဝန်အနေဖြင့် ပြန်လည်ရုပ်သိမ်းနိုင်သည်ဆိုသည့်အချက်ကို တင်ပြထားရှိပါကြောင်း၊ သို့သော်လည်း ၁ ရာခိုင်နှုန်းက တင်ပြရသည် ဆိုပေမယ့်လည်း ၁ ရာခိုင်နှုန်းတင်ပြတိုင်းမဟုတ်ပါကြောင်း၊ မိမိတို့လေ့လာစုံစမ်းစစ်ဆေး ပြန်ပြီးဆန္ဒခံယူပြီး ၅၀ ရာခိုင်နှုန်းကျော်မှ သူ့ကိုအရေးယူ သင့်/ မယူသင့်ဆိုသည်ကို ဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း။

ဥပဒေကြမ်းကော်မတီကနေ တင်ပြသွားသည့် လွှတ်တော်ကိုယ်စားလှယ်များကို စည်းကမ်းသတ်မှတ်ထားသည့် တချို့နိုင်ငံများ၌ မရှိကြောင်း၊ မရှိတာများသည်ဟု ပါပါကြောင်း၊ မိမိမှတ်သားထားသည့် အထဲတွင် မရှိသည့် နိုင်ငံများပါကြောင်း၊ ရှိတဲ့နိုင်ငံများလည်း ရှိပါကြောင်း၊ သို့ဖြစ်ရာ ပြည်သူများအား ဥပဒေပြုနေသူတွေက ဒီထဲမှာ စည်းကမ်းသတ်မှတ်မခံရဘဲ ဤထဲတွင်နေသည်ဆိုလျှင် မိမိတို့အားလုံးကရော ဘယ်လောက်ထိအောင် စည်းကမ်းရှိနေကြပြီလဲ။ ခုနက မိမိတင်ပြခဲ့သည့် သာဓကအရ လွှတ်တော်၏ သက်တမ်းသည်လည်း တစ်ဝက်ကျော်လာပြီဖြစ်သည့်အတွက် ကျန်သောသက်တမ်းအတွင်း ဤဥပဒေဘောင်အတွင်းမှ နေထိုင်သွားသည့်အတွက် ယင်းကို ဆက်လက်ပြီး ဆွေးနွေးသင့်ပါကြောင်း၊ တင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းနောက် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးတင့်ဆန်းက တင်ပြရာတွင် မိမိတို့ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌကြီး အမြဲပြောနေတာရှိပါကြောင်း၊ မှန်မှန်ကန်ကန်မျှမျှတတဖြစ်အောင် အမြဲတမ်းကော်မတီဝင်များသည် ဥပဒေပြုရမည်ဟု လမ်းညွှန်ချက်မှာ အင်မတန်မှကောင်းပါကြောင်း၊ထို့ကြောင့် ဤဥပဒေသည် မိမိတို့လေ့လာမိသလောက် အမှန်တရားဖြစ်ရန်လိုအပ်ပါကြောင်း၊ အမှန်တရားက ဘယ်ကလာပါသလဲဟု မေးခဲ့ရင် မိမိတို့ ပြည်သူလူထု အာဏာဆင်းသက်မှုထံမှလာသည်ဟု ပြောရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထု၏ အာဏာဆင်းသက်မှုသည်လည်း ဒီမိုကရေစီ၏ အခြေခံပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံရေးစနစ်တွင်လည်း ပြည်သူလူထုသာလျှင် အချုပ်အခြာအာဏာပိုင်သည်ဟု မိမိတို့သိထားပါကြောင်း၊ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄ တွင်လည်း ပါရှိပါကြောင်း၊ အချုပ်အခြာအာဏာပိုင်မှာ ပြည်သူလူထုသာလျှင်ဖြစ်ပါကြောင်း၊ ပြည်သူလူထုထံမှ ဆင်းသက်လာပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် တည်သည်ဆိုပြီး ပါရှိခဲ့ပါကြောင်း၊ ယင်းကိုကြည့်လျှင် ပြည်သူလူထုဗဟိုပြုဆိုသည့် စံနှုန်းဖြင့် သွားနေခြင်းပင်ဖြစ်ပါကြောင်း၊ ယင်းစံနှုန်းများကို ပြန်ကြည့်လျှင်လည်း ရွေးကောက်ပွဲကော်မရှင်က တင်ပြသည့် ဤဥပဒေပြုရေးနှင့်ပတ်သက်ပြီး တင်ပြသော လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဆိုသည့်အချက်သည်လည်း မိမိတို့ အခြေခံဥပဒေနှင့် ညီညွတ်မှုရှိပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရွတ်ပြနေလျှင် အများကြီးဖြစ်ပါကြောင်း၊ ၁၉၄၇ ခုနှစ် ပုဒ်မ ၇၈ မှာ ရှိပါကြောင်း၊ ၁၉၇၄ ခုနှစ် ပုဒ်မ ၁၅ မှာလည်း ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ၂၀၀၈ ခုနှစ် မှာလည်း မိမိတို့သည် ပုဒ်မ ၃၉၆၊ ၃၆၉၊၃၉၇ အသီးသီးပြဋ္ဌာန်းထားသည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း၊ တကယ်တော့ ဤဥပဒေသည် မိမိတို့လွှတ်တော်ကိုယ်စားလှယ်အားလုံးနှင့် သက်ဆိုင်ပါကြောင်း၊ မိမိတို့နှင့်လည်း သက်ဆိုင်ပါကြောင်း၊ အားလုံးနှင့်လည်း သက်ဆိုင်ပါကြောင်း၊ တကယ်တော့ မိမိတို့၏လုပ်ဆောင်ချက်၊ မိမိတို့၏ ဂုဏ်ဒြပ်ဖြစ်ပါကြောင်း၊ ယင်းကို မိမိတို့က ဤဥပဒေတစ်ခုကို မြန်မြန်ပြဋ္ဌာန်းနိုင်လျှင် ပြည်သူလူထု၏ ယုံကြည်မှုလည်း ပိုမိုရရှိမည်ဆိုပြီး ခံယူပါကြောင်း၊ ဥက္ကဋ္ဌကြီးကို အလျဉ်းသင့်၍ တင်ပြထားခဲ့တာလေးတွေလည်းရှိပါကြောင်း၊ ဥပဒေပြုသည့်အခါ ဥပဒေကြမ်းပူးပေါင်းကော်မတီအဖွဲ့ရယ်၊ သက်ဆိုင်ရာအစိုးရအဖွဲ့ရယ်၊ ကော်မရှင်ရယ်၊ နောက်တစ်ခါ အသိပညာရှင်၊ အတတ်ပညာရှင်အချို့ ပါဝင်သည့်အတွက်ကြောင့် မိမိတို့က ယင်းမှာ မခိုင်မာသေးပါကြောင်း၊ မိမိတင်ပြခဲ့ဖူးပါကြောင်း၊ တကယ်လုပ်ရမည်မှာက Online ပေါ်တင်ရမည်ဖြစ်ပါကြောင်း၊ ဒီဟာကို တင်ပြီးတော့မှ ပြည်သူလူထုပါဝင်သည့် အကြံပြုချက်များကိုယူပြီး မိမိတို့က ဆောင်ရွက်သွားမည်ဆိုလျှင် ပိုပြီးခိုင်မာလည်း ခိုင်မာမည်။ ပိုပြီး တစ်ဖက်နှင့်တစ်ဖက် ငြင်းချက်ထုတ်စရာလည်းမရှိဘူးဟု မိမိတင်ပြခဲ့ဖူးပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် ပြည်သူလူထု၏ ကိုယ်စားလှယ်များဖြစ်သည့်အတွက် ပြည်သူ၏ဆန္ဒများ၊ ပြည်သူ၏လိုလားချက်များကို ဖြည့်ဆည်းပေးရန်အတွက် မိမိတို့တွင် တာဝန်ရှိသည်ဟု ယူဆပါကြောင်း။

ဥက္ကဋ္ဌကြီး အမြဲပြောပြောနေသော မိမိတို့မျှမျှတတဖြစ်ရန် ပယ်ဖျက်စရာရှိသည့် ဥပဒေများကို ပယ်ဖျက်ရန်၊ ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်ရန်မှာ တကယ်ကောင်းမွန်သော ရည်ရွယ်ချက်ဖြစ်ပါကြောင်း၊ မိမိတို့လည်း ဤအတိုင်းပင်ဖြစ်စေချင်ပါကြောင်း၊ ထို့ကြောင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၁(က)တွင်လည်း သမ္မတများ၊ ဒုတိယသမ္မတ စွပ်စွဲပြစ်တင်သည့်ပုဒ်မများ ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ဒါကလည်း လွှတ်တော်ရယ်၊ မိမိတို့ အုပ်ချုပ်မှုပိုင်းဆိုင်ရာရယ်၊ တရားစီရင်ရေးပိုင်းဆိုင်ရာရယ်မဏ္ဍိုင်ကြီး ၃ ခုမှာ အပြန်အလှန်ထိန်းကျောင်းသည့် စနစ်လည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဤသို့အပြန်အလှန်ထိန်းကျောင်းသော စနစ်မှာလည်း ဤဥပဒေနှင့် သွားမှသာ ရမည်ဆိုသည်ကိုလည်း မိမိတို့သိထားပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ယင်းကို မှန်မှန်ကန်ကန် မျှမျှတတဖြစ်အောင် စဉ်းစားပေးစေလိုပါသည်ဟု ပြောကြားလိုပါကြောင်း၊ နောက်တစ်ချက်ကလည်း နိုင်ငံတကာစံနှုန်းနှင့် တိုင်းတာမည်ဆိုလျှင် ခုနက ဥပဒေကြမ်းပူးပေါင်းကော်မတီက တင်ပြသွားတာ ရှိပါကြောင်း၊ အမေရိကန်၊ အိန္ဒိယတို့မှာ ဒီမိုကရေစီနိုင်ငံကြီးများဖြစ်ပါကြောင်း၊

စာမျက်နှာ ၇ ကော်လံ ၁ သို့

စာမျက်နှာ ၆ မှ

ဒီမှာလည်း တချို့ဟာတွေ ပြဋ္ဌာန်းထားတာတွေ့ရပါကြောင်း၊ တစ်သမတ်တည်း ဒီလိုသွားရမယ်လို့မဟုတ်ပါကြောင်း၊ သို့သော်လည်း ခေတ်နှင့်လျော်ညီသော ဥပဒေများပြဋ္ဌာန်းရန်မှာ ပြည်သူလူထုအပေါ် မူတည်ကြောင်း၊ မိမိခုနကတင်ပြခဲ့သလို ပြည်သူလူထု၏ဆန္ဒ နိုင်ငံတော်နှင့် နိုင်ငံသားအတွက် ယင်းသို့ဆောင်ရွက်မည်ဆိုလျှင် ဤဥပဒေကို မြန်မြန်လေးပြဋ္ဌာန်းပေးနိုင်ရန် အလေးထားတင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုးက ဆွေးနွေးရာတွင် နံပါတ်(၁)အနေဖြင့် မိမိပြောချင်သည်မှာ လွှတ်တော်ကိုယ်စားလှယ်များကို စည်းကမ်းမရှိသည့်အချက်တစ်ခုတည်းဖြင့် လွှတ်တော်ကိုယ်စားလှယ်မဖြစ်ထိုက်ဘူးဆိုရင်တော့ ဒါလည်းမဟုတ်သေးပါကြောင်း၊ နောက်တစ်ခုမှာ ၁ ရာခိုင်နှုန်းသော မဲဆန္ဒရှင်အရေအတွက်သည် မဲဆန္ဒနယ်မြေတစ်ခုတွင် လွယ်လွယ်ကူကူရနိုင်မည့် အရေအတွက်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတွင်ဆိုထားပါကြောင်း၊ ဒီလိုမျိုးအမေရိကန်သမ္မတတွေတောင်ကြည့်ပါ၊ ဘယ်သူက ရာခိုင်နှုန်းဘယ်လောက်ဖြင့်နိုင်သလဲ၊ ၈၀၊၉၀ ရသလား၊ Landslide Between ဆိုသည်မှာ တော်တော်ကိုများနေပြီဖြစ်ပါကြောင်း၊ ယင်းမှာ တော်တော်ကျဉ်းမြောင်းသော Different ပင်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များကို ၁ ရာခိုင်နှုန်းဖြင့် ပြန်ခေါ်ရန်အတွက် လုပ်မည်ဆိုလျှင် အဲဒီဟာတွေနဲ့သာ အလုပ်တွေရှုပ်နေမည်ဖြစ်ပါကြောင်း၊ ၁ ရာခိုင်နှုန်းကို အလွယ်တကူဆန့်ကျင်ဘက်အဖွဲ့အစည်းများက ရနိုင်သည်ဆိုတာကို ရွေးကောက်တင်မြှောက်ခံဖူးသော ပုဂ္ဂိုလ်များအားလုံး သိပါကြောင်း၊ ရွေးကောက်ပွဲတွင် မိမိသူငယ်ချင်းတစ်ယောက်ကပြောပါကြောင်း၊ သူငယ်ချင်း ငါသိပ်ပိုင်တယ်ကွာ။ ငါ့ဒီမြို့နယ်မှာတော့ တစ်ခါတည်း ၈၀ ရာခိုင်နှုန်းအများဆုံးပဲရမယ်။ အနည်းဆုံးနိုင်မယ်လို့ ပြောပါကြောင်း၊ မိမိကတော့ သူငယ်ချင်း ငါကတော့ ဒီမိုကရေစီအကြောင်းကိုသိတယ်၊ ငါကတော့ ၅၁ ရရင်တော်ပြီ၊ ဘယ်သူမှ ကိုယ့်ကို ၈၀၊ ၉၀ ရဖို့ မမျှော်လင့်ပါနဲ့ ဆိုလိုချင်သည်မှာ ၁ ရာခိုင်နှုန်းသောလူများကသာ ဒီလိုမျိုးစာတွေတင်ပြီး ဒီပြည်သူ့ကိုယ်စားလှယ်အများစုထောက်ခံသည့်ဟာတွေကို ဒုက္ခပေး၍ ရမည်ဆိုလျှင် အဲ့ဒီဟာတွေကို ရှင်းတာနဲ့တင်ပဲ မိမိတို့ ရွေးကောက်ပွဲ ကော်မရှင်ရော၊ လွှတ်တော်တွေရော အင်မတန်ရှုပ်သွားမည်ဖြစ်ပါကြောင်း၊ နောက်တစ်ခုမှာ လွှတ်တော်ဆိုသည်မှာ တင်လာသည့်ဥပဒေတိုင်းကို ဆွေးနွေးပြီးတော့ Pass လုပ်ရန် မဟုတ်ပါကြောင်း၊ ဒီလိုထင်နေရင်မှားသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာလွှတ်တော်တွေမှာ အားလုံးကြည့်ပါ၊ ဘယ်သူမဆို တင်လို့ရပါကြောင်း၊ ဘယ်သူမဆို လွှတ်တော်ကိုယ်စားလှယ်တွေအားလုံး တင်လို့ရပါကြောင်း၊ တချို့နိုင်ငံတကာတွင် အစိုးရလည်း တင်လို့ရပါကြောင်း၊ သို့သော်လည်း ဒီဟာတွေကို သက်ဆိုင်ရာကော်မတီများသို့ ပို့လိုက်ပါကြောင်း၊ ဒီကော်မတီက ဒါကို Pass မဖြစ်ရင် လွှတ်တော်ခန်းမထဲကို ရောက်ကိုမလာပါကြောင်း၊ ကော်မတီတောင်အဲ့ဒီလောက်ပါဝါရှိပါကြောင်း၊ Speaker ဆိုသည်မှာ အရမ်းပါဝါရှိပါကြောင်း၊ ဒီလိုတောင်မဲခွဲစရာမလိုပါကြောင်း၊ Speaker တစ်ယောက်ကဒီဥပဒေကို ဒီမှာဆွေးနွေးဖို့မသင့်ဘူးဆိုလျှင် ဆွေးနွေးစရာကို မလိုပါကြောင်း၊ ဒါဟာလည်း သဘာဝကျပါကြောင်း၊ သေချာစဉ်းစားကြည့်ပါ၊ အခုလွှတ်တော်ကိုယ်စားလှယ်တိုင်းသည် ဥပဒေကို တင်လို့ရပါကြောင်း၊ အခုလွှတ်တော်ကိုယ်စားလှယ်များဥပဒေကို မတင်သေး၍ ၃၃၀ ရှိပါကြောင်း၊ ၁၁၀ ကို မိမိတို့ ထည့်မပြောပါကြောင်း၊ ၃၃၀ ကတစ်ပတ်တစ်ပတ်မှာ ဥပဒေ ၃၃၀ တင်လျှင် အဲဒီ ၃၃၀ လုံးကို မိမိတို့က ဒီမှာ ဆွေးနွေးပြီးတော့ Pass ဖြစ်အောင်လုပ်နေရမှာလား၊ စဉ်းစားကြည့်ပါ၊ ထို့ကြောင့် တင်လာသော ဥပဒေတိုင်းကို မိမိတို့က အချိန်အကုန်ခံပြီး ဆွေးနွေးစဉ်းစားပြီး Pass ဖြစ်စရာမလိုပါကြောင်း၊ ဒီလိုဖြစ်သင့်လား၊ မဖြစ်သင့်ဘူးလား၊ ဒီဥပဒေကြမ်းကော်မတီ၏ ရှင်းလင်းချက်တွင် ရှင်းနေပြီဖြစ်ပါကြောင်း၊ နိုင်ငံတကာဥပမာနှင့် ပြထားပါကြောင်း၊ ၁ ရာခိုင်နှုန်းဖြင့် ဘယ်လိုမှမဖြစ်သင့်ပါကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပမာ United Kingdom ဆိုသည့် နိုင်ငံသည် သူကစပြီး ဒီမိုကရေစီကျင့်သုံးခဲ့ပါကြောင်း၊ သူ့ရဲ့စနစ်က Parliamentary Sovereigntyလို့ ခေါ်ပါကြောင်း၊ Parliamentary Sovereignty ဆိုတာ ပါလီမန်သာလျှင်အားလုံးကို ဆုံးဖြတ်သည်ဟု သူကချမှတ်ထားသည့်အတွက် သူတို့၏ အထက်လွှတ်တော်သည် ၂၀၀၉ ခုနှစ်ထိကို Judicial Power ၏ တော်တော်များများကို ယူထားပါကြောင်း၊ သူတို့၏ လွှတ်တော်ထဲတွင် ဘုရင်မလည်းရှိနေသည့်အတွက် လွှတ်တော်က ဆုံးဖြတ်ချက်အားလုံး အတည်ပင်ဖြစ်ပါကြောင်း၊ သို့သော်လည်း စောစောက တချို့ဆွေးနွေးသွားသကဲ့သို့ အမေရိကန်နိုင်ငံပေါ်လာတဲ့အခါ ဒီအုပ်ချုပ်ခံလူတန်းစားများ၏ Sovereignty of the Govern People ကို အတတ်နိုင်ဆုံးအစွမ်းကုန်ကာကွယ်ရမည်ဆိုပြီး အမေရိကန်နိုင်ငံက နေပြီးတော့ စီစဉ်ပြီးတော့မှ Check and Balance တို့၊ Scrutiny တို့၊ Oversight တို့ ဖြစ်လာပါကြောင်း၊ ဖြစ်လာသည့်အပြင်ကို အမေရိကန်နိုင်ငံသည် အထူးသဖြင့် အောက်လွှတ်တော်တွင် ပြည်သူများ၏ ဆန္ဒများကို ကိုယ်စားပြုရမည်၊ ထို့ကြောင့် ပြည်သူများသည် အောက်လွှတ်တော်အမတ်များကို သူကသူတို့လုပ်တာကို ကြည့်ပြီးတော့ ရွေးကောက်ပြီးလျှင် အကြာကြီး သူ့ကို မဟုတ်တာလုပ်တာကို ကြည့်လို့မရအောင်ဆိုပြီးတော့ ၂ နှစ်ဖြင့် ပြန်ခေါ်လို့ရအောင် လုပ်ထားပါကြောင်း၊ ထို့ကြောင့် အမေရိကန်နိုင်ငံမှာ ၂ နှစ်ကို တစ်ကြိမ်ရွေးကောက်ပွဲလုပ်ပါကြောင်း၊ ဒါဟာဘာလဲဆိုတော့ ရွေးကောက်ခံပြီးသည်နှင့် တစ်ပြိုင်နက် ၅ နှစ်၊ ၆ နှစ်နေလို့ရှိရင် ဒီလူက မဟုတ်တာတွေကို ၅ နှစ်အတွင်းမှာ မလုပ်နိုင်အောင်ဆိုပြီး အောက်လွှတ်တော်ကို ၂ နှစ်သက်တမ်းသာထားရှိပါကြောင်း၊ အထက်လွှတ်တော်ကျတဲ့အခါ ဒီလိုမျိုးအကုန်လုံးပြောင်းလို့လည်း မဖြစ်သေးပါကြောင်း၊ အထက်လွှတ်တော်ဆိုတာ နိုင်ငံတကာနှင့် ဆက်ဆံတဲ့အခါ Long Term ဖြစ်သည့်အတွက် သူက Stable ဖြစ်ရမည်ဖြစ်သည့်အတွက် အထက်လွှတ်တော်ကို သက်တမ်း ၆ နှစ်ထားပါကြောင်း၊ ဒါတောင်မှပဲ ဒီထဲမှာသုံးပုံတစ်ပုံကို ၂ နှစ်တစ်ခါလဲပါကြောင်း၊ ဆိုတဲ့သဘောမှာ အမေရိကန်နိုင်ငံ၏ Constitution ဟာဆိုလို့ရှိရင် အုပ်ချုပ်ခံပြည်သူများ၏ အချုပ်အခြာအာဏာကို ကာကွယ်ရန်အတွက် အစွမ်းကုန်ထားပါကြောင်း၊ Jame Medison တို့၊ Hamilton တို့က ဒါတွေကိုဆွဲခဲ့တဲ့ဥစ္စာတွေ Federalist Paper ၁ ကနေ ၈၀ ထိရှိပါကြောင်း၊ ဒီဟာတွေဆွဲခဲ့တာတောင်မှ ဒါမျိုးထည့်မထားဘူး၊ ဒီလိုမျိုး ၁ ရာခိုင်နှုန်းဖြင့် လုပ်လို့ရမယ်ဆိုရင် ဘယ်လိုမှမဖြစ်သင့်ပါကြောင်း၊ လုပ်ချင်ရင်တော့ တကယ့်ပြည်သူများ၏ဆန္ဒကို ထင်ဟပ်အောင်လုပ်ချင်တယ်ဆိုရင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ပြီးတော့ ၂ နှစ်သက်တမ်းဖြင့် အောက်လွှတ်တော်ကို ဆွဲရင်လည်းဆွဲ သို့သော်လည်းပဲ သူတို့ရဲ့အထက်လွှတ်တော်နှင့်မိမိတို့ရဲ့အထက်လွှတ်တော်၊ သူတို့၏အောက်လွှတ်တော်နှင့် မိမိတို့မတူပါကြောင်း၊ မတူတာတွေက အများကြီးရှိပါကြောင်း၊ မိမိပြောချင်သည်မှာ စောစောက တချို့ဆွေးနွေးသွားသလို လွှတ်တော်ကိုယ်စားလှယ်များသည် စည်းကမ်းမလိုက်နာလို့တို့ ဘာညာပေါ့၊ ဒီလိုမျိုးတွေ ဒီဟာမျိုးတွေနဲ့တော့ မဖြစ်ပါကြောင်း၊ ဒါမျိုးနဲ့တော့ လွှတ်တော်ကိုယ်စားလှယ်တွေကို လုပ်လို့မရပါကြောင်း၊ အခုဒီဟာတောင် လွန်လှပြီ၊ သူများနိုင်ငံတွေက လွှတ်တော်တွေမှာ အားလုံးလေ့လာကြည့်ပါ၊ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ လွတ်လွတ်လပ်လပ်နေပြီးတော့ အရေးကြီးတဲ့ အချိန်ကျမှမဲလာပေးတာ ခုဒီမှာ ခေါင်းပေါင်းကြီးဆောင်းပြီး တစ်နေကုန် ထိုင်နေရတာဆိုတာ ဒါဒီနိုင်ငံလွှတ်တော်မှာမှဖြစ်ပါကြောင်း၊ ဒီဟာအကြောင်းပြချက်လေးတစ်ခုတည်းဖြင့် လွှတ်တော်ကိုယ်စားလှယ်တွေကို ၁ ရာခိုင်နှုန်းနဲ့ ပြန်ခေါ်သင့်သည်ဆိုသော ဤဥပဒေကို စဉ်းစားရမည်ဆိုလျှင် မိမိတို့လွှတ်တော်ကြီးသည် အချိန်ကုန်ပြီးအကျိုးမရှိတာ ဖြစ်မှာဖြစ်ပါကြောင်း၊ အဲဒီတော့ ဤဥစ္စာသည် မဖြစ်နိုင်ဘူး၊ မဖြစ်သင့်ဘူးဆိုသည်ကို ရွေးကောက်ပွဲဝင်ဖူးသော လွှတ်တော်ကိုယ်စားလှယ်အားလုံးသိပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးတင့်ဆန်းက ဆွေးနွေးရာတွင် ကိုယ်စားလှယ်တော်ကြီး ဦးမောင်တိုး ဆွေးနွေးသည့်အထဲမှာ အချို့ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၀ နှင့် မကိုက်ညီခြင်းများ ပါပါကြောင်း၊ အခုလွှတ်တော်ကိုယ်စားလှယ်တစ်ယောက်၏ ဆွေးနွေးမှုသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာ ဦးတည်ပြီးဆွေးနွေးရမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးလုပ်သူတိုင်းသည် သဘောထားကြီးရမည်ဟု သိထားပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီး၏ သွန်သင်ဆုံးမမှုများအပေါ်တွင် ပြောဆိုညွှန်ကြားမှုများအားလုံးကို စိတ်ရှည်သည်းခံစွာဖြင့် ခွင့်လွှတ်နိုင်သည့် စိတ်သည် လူတိုင်းမှာမရှိနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိဆိုလိုသည်မှာအခြေခံဥပဒေနှင့်အညီ ဆွေးနွေးနေသည့် အကြောင်းအရာများပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တစ်ဖက်စွန်းရောက်သွားရန် ဆိုသည့်အတိုင်းအတာကို မိမိတို့ကန့်ကွက်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတွင် ရပိုင်ခွင့်ရှိပါကြောင်း၊ Liberal ပိုင်းရှိပါကြောင်း၊ Conservative ပိုင်းရှိပါကြောင်း၊ Liberal ပိုင်းကိုများသွားလျှင် Conservative ပိုင်းကို ချို့ယွင်းသွားမည်ဖြစ်ပါကြောင်း၊ ဒါဆိုလျှင် လွှတ်တော်ကိုယ်စားလှယ်ဖြစ်မလားဆိုတဲ့ဟာမျိုးကို တွေ့ရမှာဖြစ်ပါကြောင်း၊ လူတိုင်းသည် လွတ်လပ်မှုကိုသာ ဦးစားပေးလိုက်လျှင် တစ်ဖက်စွန်းရောက်သွားပြီး မိမိတို့အကုန်လုံးသည် ဦးတည်ရာမရ ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များ မအောင်မြင်ဘဲဖြစ်သွားမှာဖြစ်ပါကြောင်း၊ ဒါကြောင့် ဒီမှာရောက်နေသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာလည်း အမျိုးသားနိုင်ငံရေးလုပ်နေသည့် နိုင်ငံရေးသမားများပင် ဖြစ်ပါကြောင်း၊ အတိအကျပြောရမယ်ဆိုရင် လွှတ်တော်ဥက္ကဋ္ဌကြီး အမြဲပြောနေသည့် ဒီမိုကရေစီဘက်တော်သားများပင် ဖြစ်ပါကြောင်း၊ ဒါကိုတော့ သတိမမေ့ပြီးတော့ ထားဖို့မသင့်ဘူးလို့ ယူဆပါကြောင်း၊ မိမိတို့က သဘောထားကြီးကြီးဖြင့် ဆွေးနွေးသည့်အခါမှာ Liberal ပိုင်းကို အလွန်ရောက်သွားတဲ့အခါမှာ တစ်ဖက်က စည်းမျဉ်းစည်းကမ်းပိုင်းဖြစ်တဲ့အပိုင်းကို လျော့သွားရင် ဒါဟာ ဒီမိုကရေစီမဆန်ဘူးလို့ဘဲမြင်ပါကြောင်း၊ အခုလို ပြောခွင့်ရတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးကိုလည်း ကျေးဇူးတင်ပါကြောင်း၊ အမြဲတမ်းနားရည်ဝနေတဲ့ စကားတွေဖြစ်တဲ့အတွက်ကြောင့် ဒါကိုလည်း ပြောဆိုခြင်းပဲဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်က ဆွေးနွေးရာတွင် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ဖတ်ကြားသည့် လွှတ်တော်ကိုယ်စားလှယ်များတာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်က ဆောင်ရွက်တဲ့လုပ်ငန်းစဉ်ကို အခိုက်အတန့်အားဖြင့် ဆိုင်းငံ့ပေးဖို့ တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါကြောင်း၊ မိမိကတော့ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ပါကြောင်း၊ ဒီတာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကလည်း ရွေးကောက်ခံပြည်သူ့ကိုယ်စားလှယ်တွေနဲ့ပဲသက်ဆိုင်ပါကြောင်း၊ မိမိတို့လွှတ်တော်ထဲတွင် ရွေးကောက်ခံကိုယ်စားလှယ်တွေရှိသလို တပ်မတော်သားကိုယ်စားလှယ်တွေ ရှိတယ်ဆိုတာကိုလည်း အသိအမှတ်ပြုပါကြောင်း၊ဒါက လွှတ်တော်၏ဥပဒေအရ ရှိနေတဲ့အနေအထားတွေဖြစ်ပါကြောင်း၊ ဒါပေမယ့် လွှတ်တော်ကိုယ်စားလှယ်များကို တာဝန်က ပြန်လည်ရုပ်သိမ်းခြင်းဆိုသည့်နေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၆ နှင့် ၃၉၇ မှာ ရေးထားသည်များမှာ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များနှင့်သာသက်ဆိုင်ပါကြောင်း၊ မိမိတို့ ဒီပြည်သူ့လွှတ်တော်က ဆောင်ရွက်နေသည့် အနေအထားကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာမှာလည်း ပြည့်ပြည့်စုံစုံပါဝင်သွားပြီး ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာမှာ မိမိတို့နိုင်ငံအတွင်းက လုပ်ဆောင်ချက်တွေ၊ ပြဋ္ဌာန်းထားသည့် ဥပဒေတွေအပြင် နိုင်ငံတကာမှာ လွှတ်တော်ကိုယ်စားလှယ်တွေကို ဘယ်လိုလက်ခံဆောင်ရွက်ကြသည်၊ အရေးယူကြသည်ဆိုတာကိုလည်း လေ့လာမှတ်သားနိုင်လောက်အောင် အချက်အလက်တွေ တင်ပြသွားတာကြားလိုက်ရပါကြောင်း၊ မိမိတို့ကို ဒီလွှတ်တော်ထဲကို လွှတ်တော်ကိုယ်စားလှယ်များတာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်း ရောက်လာတာလည်း ဥပဒေနှင့်အညီ ရောက်လာတာပါ။ ဥပဒေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကတင်သွင်းခဲ့ပါကြောင်း၊ တင်သွင်းတဲ့ အတွက်ကြောင့် မိမိတို့ လွှတ်တော်မှာလည်း ဆွေးနွေးဖို့ဆိုပြီးတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းထားလို့ ကိုယ်စားလှယ်တွေကလည်း စာရင်းပေးထားကြပြီး ဒီလိုအချိန်ကာလမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မိမိတို့လွှတ်တော်ကို သဘောထားမှတ်ချက်တွေ ပြန်ပေးလာပါကြောင်း၊ ဒီနေရာမှာ မိမိတစ်ချက်တင်ပြလိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆ ပုဒ်မခွဲ(ခ) မှာ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး ၁ ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရမည်လို့ ဖော်ပြပါရှိပါကြောင်း၊ ပုဒ်မ ၃၉၇ မှာတော့ ဥပဒေနှင့် ရုပ်သိမ်းရန် ဥပဒေလိုတယ်ဆိုတာ ပြဋ္ဌာန်းထားပါကြောင်း၊ မိမိတို့ ဒီ ၁ ရာခိုင်နှုန်းဆိုသည်မှာ လူ ၁၀၀ မှာ တစ်ယောက်က မကျေနပ်ရင် Right of Recall ကို စပြီးတော့ Initiate လုပ်လို့ရတယ်ဆိုတာ အခွင့်အရေးမှန်ပါကြောင်း၊ ဥပဒေတစ်ရပ်ဖြစ်လာရန် မိမိတို့လွှတ်တော်ကြီးရဲ့ အလုပ်ဖြစ်ပါကြောင်း၊ ဥပဒေတစ်ရပ်သည် မှန်ကန်ရန်၊ တရားမျှတရန်လိုပါကြောင်း၊ အဲ့ဒီလို မှန်ကန်မျှတမှသာလျှင် မိမိတို့ဥက္ကဋ္ဌကြီး မကြာခဏလမ်းညွှန်သည့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးဖြစ်မည်ဖြစ်ပါကြောင်း၊ အဲ့ဒီတော့ ဒီမှာ လူ ၁၀၀ မှာတစ်ယောက်က မကျေနပ်လို့ မကြိုက်လို့ တစ်ခုခုပြဿနာလုပ်မယ်ဆိုလို့ရှိရင် အလုပ်ခံရမှာကြောက်လို့ မဟုတ်ပါကြောင်း၊ ပြဿနာစပြီးတော့ Initiate လုပ်ပြီဆိုလို့ရှိရင် နိုင်ငံတော်နှင့်ဆိုင်လာပြီ ဖြစ်ပါကြောင်း၊ နိုင်ငံတော်က လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ကို တာဝန်မှပြန်လည်ရုပ်သိမ်းဖို့အတွက်လုပ်မယ်ဆိုလို့ရှိရင် သူ့ပုဂ္ဂလိကလုပ်ငန်းမဟုတ်ပါကြောင်း၊ နိုင်ငံတော်နှင့်ဆိုင်သည့်အတွက်ကြောင့် ငွေကုန်ကြေးကျရှိလာမည်ဖြစ်ပါကြောင်း၊ ငွေကုန်ကြေးကျတွေရှိလာသည့်အခါ မိမိတို့က စဉ်းစားရမည်ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်က စဉ်းစားနေသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၁ ရာခိုင်နှုန်း Initiate လုပ်လို့ရပါကြောင်း၊ ဒါ မိမိတို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ငြင်းစရာမရှိပါကြောင်း၊ ဒါပေမယ့်လည်း ပုဒ်မ ၃၉၇ မှာ ပြဋ္ဌာန်းဥပဒေလိုပါကြောင်း၊ ဒီ ၁ ရာခိုင်နှုန်းက Initiate လုပ်လို့ရပြီ၊ ရတဲ့ဟာကို တရားမျှတရန် မှန်ကန်ရန်အတွက် ဥပဒေပြဋ္ဌာန်းရန်လိုပါကြောင်း၊ ဥပဒေပြဋ္ဌာန်းသည့်အခါ တရားမျှတရန်လိုပါကြောင်း၊ မှန်ကန်ရန်လိုပါကြောင်း၊ ဒီစွပ်စွဲခံရသည့် ကိုယ်စားလှယ်တွေအတွက် ကာကွယ်တာ၊ ပြည်သူများအတွက် ကာကွယ်တာ ပြည်သူ့ကိုယ်စားလှယ်သာဖြစ်ပါကြောင်း၊ ဒီလို ကာကွယ်ပေးသည့်နေရာမှာ မိမိတို့အပြောင်းအပြန်အခေါက်ခေါက်အခါခါ ပြည်သူ့လွှတ်တော်၏ အစီရင်ခံစာမှာလည်း ပါပါကြောင်း၊ မျှတအောင်လုပ်နိုင်မှ မိမိတို့ မှန်ကန်သည့် ဥပဒေတစ်ခုရမှာဖြစ်သည့်အတွက်ကြောင့် ဒီလို မျှတမှန်ကန်အောင်လုပ်မည့် အစီအစဉ်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယင်းကို သဘောမကျသည့် အခြေအနေတွင် မိမိတို့က ဒီလိုကြန့်ကြာနေတဲ့အချိန်တစ်ခု ဖြစ်နေတယ်ဆိုတာကိုလည်း ဥက္ကဋ္ဌကြီးကတစ်ဆင့် လွှတ်တော်ကိုတင်ပြလိုပါကြောင်း၊ အဲ့ဒီလိုအချိန်ကာလမှာပဲ ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသုံးသပ်ဖို့ဆိုပြီးတော့ ကော်မတီတစ်ရပ်ဖွဲ့ထားပါကြောင်း၊ ဒီလိုဖွဲ့လိုက်တဲ့အခါ ဒီဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆ ပုဒ်မခွဲ (ခ) မှာဖော်ပြထားသည့် ၁ ရာခိုင်နှုန်းကို တစ်စုံတစ်ရာစဉ်းစားပေးလိုက်လို့ရှိရင် ဒီလို မိမိတို့ ဥပဒေပြဋ္ဌာန်းလိုက်တဲ့ Process မှာ ပိုက်ဆံတွေအကုန်အကျအများကြီးခံပြီးတော့ Right of Recall ကို လုပ်ရမှာ နည်းနည်းသက်သာတဲ့ အခြေအနေတွေကို ဘယ်လိုများစဉ်းစားပေးနိုင်မလဲ။ ဒါမိမိတို့အတွက် မဟုတ်ပါကြောင်း၊ နိုင်ငံတော်အတွက်၊ အဲ့ဒီလို နိုင်ငံတော်အတွက် တစ်ခုခုစဉ်းစားပေးနိုင်တဲ့ အဖြေတွေရလာနိုင်ပါကြောင်း၊ ဒီလိုရလာနိုင်တဲ့အတွက်ကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးတွက်ပြီးတော့ ဒီလိုချိန်ဆပြီးတော့ ဒီအစီရင်ခံစာကို ထောက်ခံကြလိမ့်မယ်လို့ မိမိမျှော်လင့်ပါကြောင်း၊ မိမိတို့ ဒီအခုလုပ်နေသည့်ဟာက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လုပ်နေပါကြောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ကို မိမိတို့လွှတ်တော်ဥက္ကဋ္ဌကြီးက မကြာခဏတိုက်တွန်းနေသလို လွှတ်တော်ကိုယ်စားလှယ်ဘယ်သူကမှ ဥပဒေနှင့်အညီလုပ်လို့ ဒီဟာကို မကြောက်ပါကြောင်း၊ မစိုးရိမ်ပါကြောင်း၊ မကြောင့်ကြပါကြောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ်အားလုံးကလည်း ဤလိုဥပဒေနှင့်အညီ ဆောင်ရွက်ရန်ကို ကျန်တဲ့အုပ်ချုပ်ရေးအဖွဲ့အစည်းအပါအဝင် မိမိတို့လွှတ်တော်ကိုယ်စားလှယ်တွေအားလုံး အမြဲတမ်းပြောနေဆိုနေကြသည့် ပုဂ္ဂိုလ်များဖြစ်သည့်အတွက်ကြောင့် ဥပဒေနှင့်အညီ ဆောင်ရွက်ဖို့ကိုတော့ လိုလားပါကြောင်း၊ သို့သော် စောစောက အစီရင်ခံစာမှာဖော်ပြသော ဖော်ပြချက်များအပြင် အခုတင်ပြသည့် ဒီ ၁ ရာခိုင်နှုန်း Right of Recall ကို Initiate လုပ်မည်ဆိုလျှင် လုပ်လို့ရပါကြောင်း၊ လုပ်ခွင့်ရှိပါကြောင်း၊ မိမိတို့တွေကလည်းဖွဲ့စည်းပုံဥပဒေကို လိုက်နာပါကြောင်း၊ သို့သော် ဒီလိုလုပ်မယ်ဆိုလို့ရှိရင် မှန်ကန်မျှတဖို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၇ မှာ ပေးထားသည့်အခွင့်အာဏာကို ကျင့်သုံးပြီး အကောင်းဆုံး ဘယ်လိုလုပ်နိုင်မလဲဆိုတဲ့ အခြေအနေတွေပေါ်လာအောင်လို့ မိမိတို့လုပ်နေသည့်လုပ်ငန်း Process ကို ခဏခေတ္တစောင့်ဆိုင်းပြီး ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာဆန်းစစ်ရေးကော်မတီက သုံးသပ်ချက်များပေါ်ထွက်လာသည့်အခါ လုပ်လျှင် ပိုပြီးနိုင်ငံတော်အတွက် ပြည်သူများအတွက် တန်ဖိုးရှိမည်၊ အချိန်တစ်ခုဖြစ်လာလိမ့်မည်၊ အခြေအနေတစ်ခုပေါ်ပေါက်လာလိမ့်မည်ဟု မိမိယုံကြည်သည့်အတွက်ကြောင့် ထောက်ခံဆွေးနွေးခြင်းဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုး ဆွေးနွေးစဉ်။ (သတင်းစဉ်)

ကျောက်ဖြူ မဲဆန္ဒနယ်မှ ဦးဘရှိန် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးရာတွင် ကော်မတီတစ်ခုမှာ သူ့မှာတာဝန်တွေ၊ လုပ်ပိုင်ခွင့်တွေ ရှိပါကြောင်း၊ လွှတ်တော်ကဖွဲ့စည်းထားသည့် ကော်မတီများသည် လွှတ်တော်အငယ်စားများဖြစ်ပါကြောင်း၊ ထို့ကြောင့် ဤကော်မတီတွေသည် လွှတ်တော်ကဲ့သို့ ကျင့်သုံးဆောင်ရွက်ရန် အမြဲတမ်းလည်းတိုက်တွန်းနှိုးဆော်ပါကြောင်း၊ ယနေ့ သက်ဆိုင်ရာ ဥပဒေကြမ်းကော်မတီက လွှတ်တော်အငယ်လေးတစ်ခုကျင်းပပြီး ယခုကဲ့သို့ သုံးသပ်ပြီးတင်ပြသည့်ကိစ္စဖြစ်ပါကြောင်း၊ တင်ပြသည့်ကိစ္စပေါ်မူတည်ပြီး သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များလည်း ဆွေးနွေးပိုင်ခွင့်ရှိပါကြောင်း၊ သို့ရာတွင် သူတို့၏ဆုံးဖြတ်တင်ပြချက်ကိုလိုအပ်မည်ဆိုလျှင် လွှတ်တော်၏အဆုံးအဖြတ်ခံယူရန်အတွက် ယခုလိုလွှတ်တော်ထံတင်ပြခြင်းဖြစ်သည်ဟု ယူဆပါကြောင်း၊ မိမိတို့ ဤလွှတ်တော်သက်တမ်းကာလအတွင်းမှာ တချို့တချို့ကိုယ်စားလှယ်များကို လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းရန် တချို့နေရာတွေမှာ လက်မှတ်လိုက်ထိုးခိုင်းပါကြောင်း၊ တချို့ နေရာတွေမှာ ဘယ်နေရာတွေဆိုတာလည်း တချို့ပြန်ပြီးတော့ သိကြပါကြောင်း၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ဥပဒေကြမ်း

သတင်းမီဒီယာဥပဒေကြမ်း

သတင်းမီဒီယာဥပဒေကြမ်း

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို သတင်းမီဒီယာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **သတင်းမီဒီယာ**ဆိုသည်မှာ သတင်းရှာဖွေခြင်း၊ ရယူခြင်း၊ ပိုင်ဆိုင်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ပျံ့နှံ့စေခြင်း အစရှိသည်တို့ကို စာ၊ အသံ၊ အရုပ်၊ ရုပ်သံ၊ ကိန်းဂဏန်း အချက်အလက်၊ ရုပ်ပုံဒီဇိုင်း စသည့်အသွင်သဏ္ဌာန်များ အသုံးပြုကာ ပုံနှိပ်မီဒီယာ၊ ရုပ်သံလွှင့်မီဒီယာ၊ အင်တာနက်မီဒီယာ သို့မဟုတ် အခြားနည်းလမ်းများဖြင့် လုပ်ကိုင်သည့် လူမှုရေးနှင့် အများပြည်သူဆိုင်ရာ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းများကို ဆိုသည်။

(ခ) **သတင်းမီဒီယာသမား**ဆိုသည်မှာ သတင်းမီဒီယာနှင့် စပ်လျဉ်းသော လုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်သူကိုဆိုသည်။

(ဂ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေနှင့်အညီဖွဲ့စည်းသော မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကို ဆိုသည်။

(ဃ) **သတင်းထုတ်လွှင့်ပြသခြင်း**ဆိုသည်မှာ အသံဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ရုပ်ပုံဖြင့်ဖြစ်စေ အများပြည်သူအား ထုတ်လွှင့်ပြသခြင်းကို ဆိုသည်။

(င) **သတင်းစာ**ဆိုသည်မှာ နေ့စဉ်ဖြစ်ပျက်နေသော ပြည်တွင်း ပြည်ပသတင်းများ၊ ယင်းတို့နှင့်စပ်လျဉ်းသော ရေးသား ဖော်ပြမှုများကို ပုံမှန်ဖြန့်ချိသော ထုတ်ဝေစာကို ဆိုသည်။

(စ) **သတင်းထောက်**ဆိုသည်မှာ သတင်းအချက်အလက်များ ရှာဖွေရယူ၍ သတင်းမီဒီယာတစ်ခုခုသို့ ပေးပို့သူကိုဆိုသည်။

(ဆ) **စာနယ်ဇင်း**ဆိုသည်မှာ သတင်းမီဒီယာလုပ်ငန်းကိုအချိန်မှန်ဖြစ်စေ၊ အချိန်ကာလ မသတ်မှတ်ဘဲဖြစ်စေ လုပ်ကိုင်လျက် သတင်း၊ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ရုပ်ပုံ၊ ဓာတ်ပုံ၊ သရုပ်ဖော်ပုံ စသည်တို့ကို ရုပ်သံလွှင့် နည်းပညာဖြင့်ဖြစ်စေ၊ အင်တာနက်နည်းပညာဖြင့် ဖြစ်စေ၊ အခြားနည်းပညာ တစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ ဖော်ပြထားသော စာအုပ်၊ စာစောင်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသည့်ထုတ်ဝေစာတို့ကိုဆိုသည်။

(ဇ) **သတင်းအေဂျင်စီ**ဆိုသည်မှာ ပြည်တွင်းပြည်ပမှသတင်းများကို စုစည်း၍ နည်းတစ်မျိုးမျိုးဖြင့် ဖြန့်ချိသည့်လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဈ) **စိစစ်ခြင်း**ဆိုသည်မှာ စာနယ်ဇင်းတစ်ခုခုတွင် ပါဝင်သည့် အကြောင်းအရာများကို ပုံနှိပ်ခြင်းမပြုမီ ဖြတ်တောက်ခြင်း၊ ဖယ်ရှားခြင်း၊ တားမြစ်ခြင်း၊ ပိတ်ပင်ခြင်းတို့ကို ဆိုသည်။

(ည) **အများပြည်သူအကျိုးစီးပွား**ဆိုသည်မှာ အများပြည်သူ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်သုံးရပ်တွင် အများပြည်သူအကျိုးစီးပွားဖြစ်ထွန်းစေသည့် ကိစ္စရပ်များကို ဆိုသည်။

(ဋ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ပြန်ကြားရေးဝန်ကြီးဌာနကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့် အညီ နိုင်ငံသားတိုင်း လွတ်လပ်စွာ ရေးသားထုတ်ဝေဖြန့်ချိခွင့်ရှိသည့် သတင်းမီဒီယာလုပ်ငန်းများ ဖြစ်ပေါ်စေရန်၊

(ခ) သတင်းမီဒီယာလုပ်ငန်းသည် စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာ ရပ်တည်နိုင်စေရန်၊

(ဂ) သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များ အပြည့်အဝရရှိစေရန်၊

(ဃ) သတင်းမီဒီယာသမားများ လိုက်နာရမည့်တာဝန်၊ ကျင့်ဝတ်၊ စည်းကမ်းနှင့် ကျင့်စဉ်များကို ဆိုင်ရာလုပ်ငန်း၊ အဖွဲ့အစည်းများအတွင်း သတ်မှတ်ရေးဆွဲရန်၊

(င) နိုင်ငံသားတိုင်း၏သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးရန်၊

(စ) သတင်းမီဒီယာတစ်ခုခုတွင် ရေးသားဖော်ပြထုတ်လွှင့်မှု တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ယောက်၏ တိုင်ကြားချက်၊ အငြင်းပွားချက်များကို နှစ်ဖက်ညှိနှိုင်းဖြေရှင်းသော နည်းလမ်းဖြင့် ကျေအေးပြေငြိမ်းစေရန်။

အခန်း(၃)
သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်များ

၄။ သတင်းမီဒီယာသမားများသည်-

(က) ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာ ဝေဖန်၊ ထောက်ပြ၊ အကြံပြုရေးသားခွင့်ရှိသည်။

(ခ) နိုင်ငံသားတိုင်း သိခွင့်ရှိသော သတင်းအချက်အလက်များနှင့် သဘောထားအမြင်များကို ကျင့်ဝတ်စည်းကမ်းနှင့်အညီ စုံစမ်းဖော်ထုတ်ရေးသားခွင့်နှင့် သတင်းထုတ်လွှင့်ခွင့်တို့ ရှိသည်။

(ဂ) နိုင်ငံသားတစ်ဦး၏ အခွင့်အရေး ဆုံးရှုံးမှုဆိုင်ရာကိစ္စရပ်များကို ဖော်ထုတ်ရေးသားခွင့် ရှိသည်။

(ဃ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက သတ်မှတ်ထားသော စည်းကမ်းနှင့်အညီ အစိုးရရုံး၊ ဌာန၊ အဖွဲ့အစည်းများတွင် သတင်းအချက်အလက်ရယူခွင့်၊ နေရာထိုင်ခင်းရခွင့်နှင့် ဝင်ထွက်သွားလာခွင့်တို့ ရှိသည်။

၅။ သတင်းမီဒီယာလုပ်ငန်း၏ ထုတ်ဝေစာသည် စိစစ်ခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

၆။ သတင်းမီဒီယာသမားတစ်ဦးသည် -

(က) ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အာဏာပိုင်အဖွဲ့အစည်း (၃)ရပ်ကဖြစ်စေ၊ အမိန့်ညွှန်ကြားချက်ဖြင့် လုံခြုံရေးအဆင့်အတန်း သတ်မှတ်ထားသော စာရင်းဇယား၊ ဓာတ်ပုံ၊ မှတ်တမ်းရေးသားချက်များမှအပ အများပြည်သူသိခွင့်ရှိသော သတင်းအချက်အလက်များကို အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ တောင်းယူကြည့်ရှုခွင့်ရှိသည်။

(ခ) အများပြည်သူ၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော အစိုးရမဟုတ်သည့် အသင်း၊ အဖွဲ့၊ လုပ်ငန်းများမှ သတင်းအချက်အလက်များကို ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ တောင်းယူကြည့်ရှုခွင့်ရှိသည်။

၇။ သတင်းမီဒီယာသမားတစ်ဦးသည် စစ်မက်ဖြစ်ပွားရာဒေသ၊ အရေးအခင်း၊ အဓိကရုဏ်း၊ အများပြည်သူဆန္ဒပြရာ နေရာဒေသတို့၌ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းက သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ သတင်းရယူစဉ်တွင်-

(က) လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖမ်းဆီးထိန်းသိမ်းခြင်း၊ သတင်းမှတ်တမ်း စသည့်သတင်းရယူခြင်းနှင့် သက်ဆိုင်သော ကိရိယာများကို သိမ်းယူခံရခြင်းနှင့် ဖျက်ဆီးခံရခြင်းတို့မှ ကင်းလွတ်စေရမည်။

(ခ) လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများရှိက ယင်းတို့၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိစေရမည်။

၈။ သတင်းမီဒီယာသမားတစ်ဦးသည် -

(က) ကျင့်ဝတ်နှင့်အညီ မိမိအမည်ကို ထုတ်ဖော်ပြောဆို၍ သတင်းရယူရမည်ဖြစ်သော်လည်း အများပြည်သူအကျိုးငှာ စုံစမ်းဖော်ထုတ်ရမည့် သတင်းဖြစ်ပါက သက်ဆိုင်ရာ အယ်ဒီတာ၏ ခွင့်ပြုချက်ဖြင့် အမည်မဖော်ပြဘဲ စုံစမ်းခွင့်ရှိပြီး ထိုသို့ ဆောင်ရွက်ခဲ့ကြောင်းကို ဖော်ပြပေးရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ဖြင့် အရေးယူခံရသော အမှုတွင်တရားရုံး၏ အမိန့်အရ မဟုတ်ဘဲ သတင်းမီဒီယာဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းများကို သိမ်းဆည်းခြင်း၊ ချိပ်ပိတ်ခြင်းနှင့် ဖျက်ဆီးခြင်းတို့မှ ကင်းလွတ်ခွင့်ရရှိစေရမည်။

အခန်း(၄)
သတင်းမီဒီယာသမားများ လိုက်နာရမည့်တာဝန်နှင့် ကျင့်ဝတ်များ

၉။ သတင်းမီဒီယာသမားတစ်ဦးသည် အောက်ပါ ကျင့်ဝတ်စည်းကမ်းများကို လိုက်နာရန်တာဝန်ရှိသည်-

(က) သတင်းအချက်အလက် တိကျမှန်ကန်စေရန်နှင့် တတ်နိုင်သမျှ ပြည့်စုံစေရန် စိစစ်ခြင်း၊

(ခ) တိကျမှန်ကန်မှုမရှိသောသတင်းကို ဖော်ပြမိ၍ ပြင်ဆင်ရန်လိုအပ်ပါက ပုံနှိပ်မီဒီယာဖြစ်လျှင် ပြင်ဆင်ချက်ကို ထင်ရှားသော စာမျက်နှာ၌ လည်းကောင်း၊ အခြားမီဒီယာဖြစ်လျှင် အနီးစပ်ဆုံးအချိန်၌လည်းကောင်း အမြန်ဆုံး ဖော်ပြခြင်း၊

(ဂ) တရားရုံးတွင် စစ်ဆေးဆဲအမှုများနှင့် စပ်လျဉ်း၍ သတင်းဖော်ပြရာတွင် တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်း မပြုသမျှကာလပတ်လုံး တရားစွဲဆိုခံရသူအား အပြစ်ကင်းစင်သူအဖြစ် မှတ်ယူခြင်းနှင့် တရားရုံးအား မထီမဲ့မြင်ပြုရာရောက်သော သတင်းဝေဖန်ချက်များကို ဖော်ပြခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ဃ) သတင်းဓာတ်ပုံနှင့် အရုပ်အသံများ ဖော်ပြရာတွင် နည်းပညာတစ်ရပ်ရပ် အသုံးပြု၍ မလျော်ကန်သော ပြုပြင်ပြောင်းလဲခြင်းမှ ရှောင်ကြဉ်ခြင်း၊

(င) သတင်းဝေဖန်ချက်၊ အာဘော်နှင့်ဆောင်းပါးရေးသားခြင်းမှတစ်ပါး သတင်းရေးသားသူ၏ထင်မြင်ယူဆချက်၊ အာဘော်လုံးဝမပါရှိစေခြင်း၊

(စ) တစ်ပါးသူပိုင်ဆိုင်သည့် ဉာဏဆိုင်ရာပစ္စည်းများကို ခွင့်ပြုချက်မရဘဲ ကူးယူဖော်ပြခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ဆ) အများပြည်သူ၏ အကျိုးစီးပွားနှင့် စပ်ဆိုင်သည့် သတင်းရေးသားခြင်း မဟုတ်လျှင် ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာကို တမင်ထိခိုက်စေသော အရေးအသားနှင့် လူ့အခွင့်အရေးကို ထိခိုက်စေသော အရေးအသားမျိုး ဖော်ပြခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ဇ) ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ လူမျိုးတစ်မျိုးကို အကြောင်းပြု၍ ပဋိပက္ခဖြစ်စေနိုင်သော လှုံ့ဆော်ရေးသားမှုမှ ရှောင်ကြဉ်ခြင်း၊

(ဈ) မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ထုတ်ပြန်သည့် ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာခြင်း။

အခန်း(၅)
သတင်းမီဒီယာသမားလုပ်ငန်းထူထောင်ခြင်း

၁၀။ သတင်းမီဒီယာလုပ်ငန်း လုပ်ကိုင်လိုသူသည် အောက်ပါ နည်းလမ်းတစ်ရပ်အရ ထူထောင်ခွင့်ရှိသည်။

(က) တည်ဆဲ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ အများနှင့်မသက်ဆိုင်သော ကုမ္ပဏီကိုဖြစ်စေ၊ အများနှင့်သက်ဆိုင်သောကုမ္ပဏီကိုဖြစ်စေ ဖွဲ့စည်း၍ လုပ်ငန်းထူထောင်ခြင်း၊

(ခ) တည်ဆဲ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ လုပ်ငန်းထူထောင်ခြင်း။

၁၁။ ပုဒ်မ ၁၀ အရ ထူထောင်ခွင့်ရပြီးသော သတင်းမီဒီယာသည် သက်ဆိုင်ရာလုပ်ငန်းအမျိုးအစားအလိုက် ဝန်ကြီးဌာန၏ မူပိုင်ခွင့်နှင့် မော်ကွန်းဌာနတွင် မှတ်တမ်းတင်စာရင်းပေးသွင်း၍ ထိုသို့ပေးသွင်းပြီးကြောင်း အထောက်အထားလက်မှတ် ရယူရမည်။

အခန်း(၆)
ကောင်စီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၂။ ကောင်စီသည် သတင်းမီဒီယာသမားများနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်။

၁၃။ နိုင်ငံတော်သမ္မတသည် ဤဥပဒေပါ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် အောက်ပါအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များပါဝင်သော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းပေးရမည်-

(က) ကောင်စီဝင်များအဖြစ် နိုင်ငံတော်သမ္မတက အဆိုပြုသည့် ကိုယ်စားလှယ်တစ်ဦး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က အဆိုပြုသည့် ကိုယ်စားလှယ်တစ်ဦးစီ၊

(ခ) သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ ပုံနှိပ်ထုတ်ဝေသူများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်းရုပ်ပြဆရာများက သတ်မှတ်အချိုးအစားအလိုက် အဆိုပြုသည့် ကိုယ်စားလှယ်များ၊

(ဂ) လူမှုရေး၊ စီးပွားရေး၊ စာပေယဉ်ကျေးမှု၊ ဥပဒေရေးရာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာအသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သည့် လူထုအဖွဲ့အစည်းများက ရွေးချယ်သည့် ကိုယ်စားလှယ်များ၊

(ဃ) ကောင်စီဝင်ဦးရေကို အနည်းဆုံး(၁၅)ဦးမှ အများဆုံး (၃၀) ဦးအထိ သတ်မှတ်ပေးရမည်။

၁၄။ (က) ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများကို ကောင်စီဝင်များထဲမှ အများဆန္ဒအရ ရွေးချယ်တင်မြှောက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ရွေးချယ်တင်မြှောက်သည့်ကောင်စီပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

၁၅။ (က) ကောင်စီဝင်တစ်ဦး၏ သက်တမ်း(၁)ကြိမ်သည် ရွေးချယ်တင်မြှောက်ခံရသည့် နေ့မှစ၍ သုံးနှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်တစ်ဦးသည် သက်တမ်းနှစ်ကြိမ်ထက်ပို၍ တစ်ဆက်တည်း ဆောင်ရွက်ခွင့်မရှိစေရ။

၁၆။ ကောင်စီဝင်တစ်ဦးသည် အောက်ဖော်ပြပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ကောင်စီဝင်အဖြစ်မှ ရပ်စဲသည်-

(က) မိမိသဘောဆန္ဒအရ နုတ်ထွက်ခြင်း၊

(ခ) ကောင်စီဝင်တစ်ဦးဦးက သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်နှင့် ကျင့်ဝတ်များကို တမင်ဖောက်ဖျက်ခြင်းကြောင့် သော်လည်းကောင်း၊ ကောင်စီဝင်၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မှု မရှိခြင်းကြောင့်သော်လည်းကောင်း၊ ကောင်စီကသတ်မှတ်ထားသော စည်းကမ်းများကို တမင်ချိုးဖောက်မှုတစ်ခုခုကြောင့် ဆက်လက်တာဝန်ပေးရန် မသင့်လျှင်သော်လည်းကောင်း ကောင်စီဝင်များ၏ သုံးပုံနှစ်ပုံ ထောက်ခံတင်ပြချက်အရ နိုင်ငံတော်သမ္မတက ရာထူးမှရပ်စဲခြင်း၊

(ဂ) အကျင့်သိက္ခာ ပျက်ပြားရာရောက်သည့် ပြစ်မှုပြစ်ဒဏ် တစ်မျိုးမျိုး အပြစ်ပေးခံရခြင်း၊

(ဃ) ရူးသွပ်ခြင်း သို့မဟုတ် ကွယ်လွန်အနိစ္စရောက်ခြင်း၊

၁၇။ ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သတင်းမီဒီယာကို စောင့်ကြည့်ခြင်းနှင့် အရည်အသွေးမြှင့်တင်ပေးခြင်း၊

(ခ) သတင်းမီဒီယာလုပ်ငန်းဆိုင်ရာ စက္ကူ၊ စာရေးကိရိယာ၊ စက်ပစ္စည်းများ ပြည်ပမှ တင်သွင်းရာတွင် အခွန်အခ လျှော့ပေါ့ပေးရေးအတွက် ဆိုင်ရာအစိုးရဌာနများနှင့် ညှိနှိုင်းခြင်း၊

(ဂ) သတင်းမီဒီယာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ကျင်းပရန် စီစဉ်ခြင်း၊

(ဃ) သတင်းဆိုင်ရာ ထူးချွန်သူများကို ဆုချီးမြှင့်ရေးအတွက် စာနယ်ဇင်းအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) သတင်းမီဒီယာလုပ်ငန်း တိုးတက်ရေးအတွက် စီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်း၊

(စ) လိုအပ်သည့် အချိန်တိုင်း သတင်းထုတ်ပြန်ခြင်း၊

(ဆ) ပြည်သူများ သတင်းမှန်သိခွင့်ရရှိရေးအတွက် အစိုးရဌာန၊ အဖွဲ့အစည်း၊ လူထုအခြေပြု အဖွဲ့အစည်းများတွင် သတင်းထုတ်ပြန်ရေး တာဝန်ခံတစ်ဦး သတ်မှတ်ထားရှိရေး

ဥပဒေကြမ်း

အတွက် ကောင်စီက ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇ) မိမိလုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို နိုင်ငံတော်သမ္မတထံ တစ်နှစ်လျှင်တစ်ကြိမ် မပျက်မကွက် အစီရင်ခံခြင်း။

၁၈။ ကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများဖြင့် သတ်မှတ်ပေးရမည်။

အခန်း (၇)
ရန်ပုံငွေနှင့် ထောက်ပံ့ရေး

၁၉။ ကောင်စီသည် မိမိလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေထူထောင်ရမည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် တောင်းခံမှုအရ ပြည်ထောင်စုလွှတ်တော်က နှစ်စဉ် ခွဲဝေပေးသည့် ဘတ်ဂျက်ရန်ပုံငွေ၊

(ခ) ပြည်တွင်း၊ ပြည်ပစေတနာရှင်များ၏ နှောင်ကြိုးမဲ့လှူဒါန်းငွေများ၊

(ဂ) နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက နှောင်ကြိုးမဲ့ ထောက်ပံ့ကူညီမှုများ၊

(ဃ) သတင်းမီဒီယာလုပ်ငန်းများ၏ ထည့်ဝင်ငွေများ။

၂၀။ ကောင်စီသည် မိမိထူထောင်ထားသည့် ရန်ပုံငွေများကို ထိန်းသိမ်းခြင်း၊ စာရင်းပြုစုခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုခံယူခြင်း၊ ငွေစာရင်းဆိုင်ရာနှင့် ရန်ပုံငွေသုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

အခန်း (၈)
အရေးယူခြင်း

၂၁။ နစ်နာသော ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် သတင်းမီဒီယာသမားတစ်ဦးက ပုဒ်မ ၈ ပုဒ်မခွဲ (က)တွင် ပြဋ္ဌာန်းထားသည့် တာဝန်နှင့် ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း ယူဆလျှင် ရှေးဦးစွာ ကောင်စီသို့ တိုင်ကြားရမည်။

၂၂။ ကောင်စီသည် ပုဒ်မ ၂၁ အရ တိုင်ကြားချက်ကို လက်ခံရရှိပါက နှစ်ဖက်တွေ့ဆုံညှိနှိုင်းဖြေရှင်းခြင်းဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၃။ ပုဒ်မ ၂၂ အရ ကောင်စီ၏ရှေ့မှောက်တွင် ညှိနှိုင်းဖြေရှင်းရာ၌ ပြေလည်မှုမရှိပါက တိုင်ကြားသူ သို့မဟုတ် ကျေနပ်မှုမရှိသူသည် သက်ဆိုင်ရာ တရားရုံးတွင် ဥပဒေနှင့်အညီ တရားစွဲဆို နိုင်သည်။

၂၄။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသည် ပုဒ်မ ၆ ပုဒ်မခွဲ (ဆ)အရ သတင်းထုတ်ပြန်ရန် တာဝန်ရှိသူတစ်ဦးက သတင်းထုတ်ပြန်ရန်ငြင်းဆန်ခြင်း၊ အချိန်ဆွဲခြင်း သို့မဟုတ် သတင်းယူသူအား နှောင့်ယှက်ခြင်းတို့ကို ကျူးလွန်ကြောင်း တိုင်တန်းခြင်းခံရပါက ထိုသူအား စုံစမ်းစစ်ဆေး၍ ထိုက်သင့်သလိုအရေးယူရမည်။

၂၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တည်ထောင်ထားသော သတင်းမီဒီယာလုပ်ငန်းအားလုံးရှိ သတင်းမီဒီယာသမားတို့၏ တာဝန်၊ ကျင့်ဝတ်၊ သိက္ခာဖောက်ဖျက်မှုနှင့် တားမြစ်ချက်များ ချိုးဖောက်သည့် အမှုများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရသာ အရေးယူရမည်။

အခန်း (၉)
ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၆။ မည်သည့်သတင်းမီဒီယာသမားမဆို ပုဒ်မ ၉ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (စ) နှင့် ပုဒ်မခွဲ (ဆ) တို့ပါ တာဝန်နှင့် ကျင့်ဝတ်တစ်ရပ်ရပ်ဖြင့် ပြစ်မှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ် ၃ သိန်းမှ အများဆုံး ကျပ် ၁၀ သိန်းအထိ ချမှတ်ရမည်။

၂၇။ မည်သည့် သတင်းမီဒီယာလုပ်ငန်းလုပ်ကိုင်သူမဆို သတင်းမီဒီယာလုပ်ငန်း လုပ်ကိုင်ခွင့်မရှိဘဲ ယင်းလုပ်ငန်းလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ် ၁၀ သိန်းအထိ ချမှတ်ရမည်။

၂၈။ မည်သည့် သတင်းမီဒီယာသမားမဆို ပုဒ်မ ၉ ပုဒ်မခွဲ (ဇ) ပါ တားမြစ်ချက်ကို ချိုးဖောက်ခဲ့လျှင် တည်ဆဲဥပဒေတစ်ရပ်ရပ်ဖြင့် အရေးယူခြင်းခံရမည်။

အခန်း (၁၀)
အထွေထွေ

၂၉။ ကောင်စီဝင်များသည် ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်ချိန်တွင် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၃၀။ (က) ဤဥပဒေပါတာဝန်များကို သဘောရိုးဖြင့် ထမ်းဆောင်သော ကောင်စီဝင်များနှင့် ဤဥပဒေအရ ကောင်စီကဖွဲ့စည်းတာဝန်ပေးအပ်သော လုပ်ငန်းကော်မတီဝင်များကို တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ အရေးယူခွင့်မရှိစေရ။

(ခ) ကောင်စီက ဖျန်ဖြေစေ့စပ်ပေးသော သက်သေထွက်ချက်များကို တရားရုံးတွင် သက်သေခံအဖြစ် တင်သွင်းခွင့်မရှိစေရ။

(ဂ) ဖျန်ဖြေစေ့စပ်ပေးသော ကောင်စီဝင်များကိုလည်း တရားရုံးတွင် သက်သေအဖြစ် ဆင့်ခေါ်ခွင့်မရှိစေရ။

၃၁။ ကောင်စီသည် မိမိ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ရုံးလုပ်ငန်းဆိုင်ရာ နေ့စဉ်လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရေးအတွက် ရုံးအဖွဲ့ကို ဖွဲ့စည်း၍ လိုအပ်သော အရာထမ်းနှင့် အမှုထမ်းများကို ခန့်အပ်တာဝန်ပေးနိုင်သည်။

၃၂။ ဥပဒေအရ တားမြစ်ပိတ်ပင်ထားပြီး ပြစ်မှုဖြင့်အရေးယူခံရသည့် သတင်းစာ၊ ဂျာနယ်၊ စာစောင် စသည့်မီဒီယာဆိုင်ရာပစ္စည်းများကို ရှာဖွေသိမ်းဆည်းရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ ပုဒ်မ ၂၆ သို့မဟုတ် ပုဒ်မ ၂၇ အရ တရားစွဲဆိုလျှောက်ထားရန်ရှိက-

(က) သက်ဆိုင်ရာအစိုးရ၊ ဌာန၊ အဖွဲ့အစည်း၏ တာဝန်ပေးအပ်ခြင်းခံရသူတစ်ဦးဦးက တရားရုံးသို့ တိုက်ရိုက်လျှောက်ထားစွဲဆိုရမည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါက ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေရှေ့ရပ်ဖြင့်ဖြစ်စေ တရားရုံးသို့ တိုက်ရိုက် လျှောက်ထားစွဲဆိုနိုင်သည်။

၃၄။ တည်ဆဲပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မြို့နယ်တရားသူကြီးသည် ဤဥပဒေတွင် သတ်မှတ်ထားသော ဒဏ်ငွေကို ချမှတ်ရန် စီရင်ပိုင်ခွင့်ရှိစေရမည်။

၃၅။ (က) ဤဥပဒေ အာဏာမတည်မီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တည်ထောင်ထားသော မီဒီယာလုပ်ငန်းသည် သတ်မှတ်သည့် သက်တမ်းကုန်သည်အထိ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) အဆိုပါသတ်မှတ်ထားသော သက်တမ်းကုန်ဆုံးပြီး ဆက်လက်၍ လုပ်ငန်းလုပ်ကိုင်လိုပါက ဤဥပဒေအရ လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိမှသာ လုပ်ငန်းတစ်ခုခုကို သတ်မှတ်သည့် နည်းလမ်းအတိုင်း ဆက်လက်၍ လုပ်ကိုင်ခြင်း၊ သက်တမ်းတိုးခြင်း၊ မူပိုင်ခွင့်နှင့် မော်ကွန်းဌာနတွင် စာရင်းတင်သွင်းခြင်းတို့ ပြုလုပ်ခွင့်ရှိသည်။

၃၆။ ၁၉၆၂ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင် ဥပဒေအရ ထုတ်ပြန်ခဲ့သည့် လွတ်လပ်စွာရေးသားထုတ်ဝေခွင့်ကို ကန့်သတ်တားမြစ်သော အမိန့်များ၊ ညွှန်ကြားချက်များ၊ အမှာစာများနှင့် ထုတ်ပြန်ချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သမျှ ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် ကောင်စီနှင့် ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၅/၂၀၀၄)ကိုပြင်ဆင်သည့်ဥပဒေကြမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
၂၀၁၃ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (   )
အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၄)
ကိုပြင်ဆင်သည့် ဥပဒေကြမ်း
၁၃၇၅ ခုနှစ်၊ လ ရက်
၂၀၁၃ ခုနှစ်၊ လ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၅/ ၂၀၀၄) ကိုပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ-၃၃တွင် ပါရှိသော "မည်သူမဆို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာကို အသုံးပြု၍ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်အနည်းဆုံး (၇)နှစ် မှ အများဆုံး (၁၅)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။" ဆိုသည့်စကားရပ်အစား "မည်သူမဆို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာကို အသုံးပြု၍ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်အနည်းဆုံး ၃ နှစ်မှ အများဆုံး ၇ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။"

ကင်းလွတ်ချက် ။ ။ ဤပြဋ္ဌာန်းချက်သည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး(သို့မဟုတ်)ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်သော မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်တို့နှင့် မသက်ဆိုင်။

ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၄ တွင်ပါရှိသော "မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။" ဆိုသည့်စကားရပ်အစား "မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်ငါးဆယ်သိန်းမှ ကျပ်သိန်းတစ်ရာအထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ် ၆ လ ချမှတ်ရမည်။" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၅ တွင်ပါရှိသော "မည်သည့်သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူ၊ ယင်း၏အရာရှိ သို့မဟုတ် ဝန်ထမ်းမဆို ကြီးကြပ်မှုအဖွဲ့က ထုတ်ပြန်သောအမိန့်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။" ဆိုသည့်စကားရပ်အစား "မည်သည့်သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူ၊ ယင်း၏အရာရှိ သို့မဟုတ် ဝန်ထမ်းမဆို ကြီးကြပ်မှုအဖွဲ့က ထုတ်ပြန်သောအမိန့်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ် တစ်ဆယ်သိန်းမှ ကျပ်ငါးဆယ်သိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ် ၃ လအထိ ချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၆ တွင်ပါ ရှိသော "မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်များပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။" ဆိုသည့်စကားရပ်အစား "မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်များပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ်တစ်သိန်းမှ ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ်သုံးလအထိ ချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၇ တွင်ပါရှိသော "မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။" ဆိုသည့်စကားရပ်အစား "မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်တစ်သိန်းမှ ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။ ဒဏ်ငွေမဆောင်ပါက ထောင်ဒဏ်သုံးလအထိ ချမှတ်ရမည်။" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အဆိုပါဥပဒေ ပုဒ်မ ၅၁ ၏ နောက်၌ အောက်ပါတို့ကို ပုဒ်မ ၅၂ ဖြင့် အစားထိုးရမည်။

"ဤဥပဒေအရဖြစ်သော ပြစ်မှုအတွက် နိုင်ငံတော်သမ္မတ၏ ကြိုတင် ခွင့်ပြုချက်မရရှိဘဲ အရေးယူခြင်းသို့တည်းမဟုတ် တရားစွဲဆိုခြင်းမပြုရ။"

၈။ အဆိုပါဥပဒေရှိရင်း ပုဒ်မ ၅၂ ကို ၅၃ အဖြစ် ပြန်လည်အမှတ်စဉ် ရမည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

မရမ်းကုန်းမြို့နယ်၌ တံတားနှင့်ကွန်ကရစ်လမ်းဖွင့်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် သာယာအေးလမ်း ကိုယ့်အားကိုယ်ကိုး မေတ္တာပေါင်းကူးတံတားနှင့် ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ တံတားထိပ်၌ကျင်းပရာ တာဝန်ရှိသူများက မေတ္တာပေါင်းကူးတံတားနှင့် ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက တံတားကမ္ပည်းကျောက်စာအား အမွှေးနံ့သာရည်ပက်ဖျန်းပေးကာ တံတားနှင့်ကွန်ကရစ်လမ်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

အဆိုပါပေါင်းကူးတံတားနှင့် ကွန်ကရစ်လမ်းတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် လမ်းသူလမ်းသားတို့ စုပေါင်းထည့်ဝင်ငွေကျပ်သိန်း(၂၄၀)နှင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၈-၂၀၁၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၈)ပါ ကော်လံ ၄ ၊ စာကြောင်းရေ ၁၆ တွင် ဗိုလ်မှူးကြီး ရန်နိုင်လင်း အစား ဗိုလ်မှူးကြီးဉာဏ်နိုင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

* *ကျောဖုံးမှ*

ကောင်းထက်လျှန်၊ ကိုကိုနိုင် (မြန်မာ- က)အတွဲကလည်း ကောင်း၊ ရွှေတံဆိပ်ရရှိပြီး အမျိုးသားလေးယောက်တွဲ လက်နက်စုံတိုက်ခိုက်ကာကွယ်မှု အပြပြိုင်ပွဲနှင့် အမျိုးသမီး ၆၀ ကီလိုအတိုက်ပြိုင်ပွဲတို့မှ ငွေတံဆိပ်များကိုလည်းကောင်း အမျိုးသမီးနှစ်ယောက်တွဲ ဓားစွမ်းရည်အပြပြိုင်ပွဲ၊ အမျိုးသမီး ၆၀ ကီလိုအတိုက်ပြိုင်ပွဲနှင့် အမျိုးသား ၅၅ ကီလို အတိုက်ပြိုင်ပွဲတို့မှ ကြေးတံဆိပ်များရရှိခဲ့ခြင်း ဖြစ်သည်။ အိမ်ရှင်မြန်မာသည် စုစုပေါင်း ရွှေခြောက်ခု၊ ငွေ ခြောက်ခု၊ ကြေး ကိုးခုရရှိခဲ့ပြီး ပထမရရှိခဲ့သည်။ ဆုရရှိသူများနှင့် နိုင်ငံအလိုက်ဆုများကို အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

သတင်းဆောင်းပါး

ဆိုလာအစွမ်းဖြင့် အမှောင်ခွင်း၍ အလင်းဆောင်နေသည့်ရွာစတ္တိန်း

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - ဖိုးဇော်(အင်းစိန်)

လျှပ်စစ်ဓာတ်ဟုဆိုလိုက်သည်နှင့် မည်သူမဆို အနီးတွင်ရှိသော လက်ကိုင်ဖုန်း၊ မီးချောင်းနှင့်ကွန်ပျူတာစသော လျှပ်ကူးပစ္စည်းများကိုပြေးမြင်မိကြပါသည်။ အဆိုပါလျှပ်စစ်ဓာတ်အားထုတ်ယူရရှိမှုကို ထပ်မံစဉ်းစားကြည့်ပါက သက်ရှိဇီဝဓာတ်များဖြင့် ဖွဲ့စည်းထားသော ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးစသည့် စွမ်းအင်လောင်စာများမှတစ်ဆင့်ရရှိသော ဓာတ်သတ္တုသယံဇာတများကို အလေးထားအားကိုးကြသည်ကို ကမ္ဘာ့အဝန်းနေ့စဉ်မြင်တွေ့ကြားသိနေရသည်။

အလားတူ ကမ္ဘာပေါ်တွင် ယနေ့တိုးတက်လာသော သိပ္ပံနည်းပညာရပ်များကြောင့် ပြည့်ဖြိုးမြဲစွမ်းအင်ခေါ် နေအား၊ လေအားနှင့်ရေအားစသည်တို့မှ လျှပ်စစ်ဓာတ်အားထုတ်ယူအသုံးပြုခြင်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လာကြသည်။ အဆိုပါ ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုခြင်းဖြင့် အကန့်အသတ်ဖြင့် ထုတ်ယူရရှိနိုင်သော သဘာဝတွင်းထွက်စွမ်းအင်လောင်စာများအပေါ် မှီခိုမှုလျော့နိုင်သည့်အပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကိုလည်း လျော့နည်းကျဆင်းစေခြင်း၊ အထောက်အကူပြုပစ္စည်းများအတွက် ငွေကြေးကုန်ကျစရိတ်သက်သာခြင်းနှင့် အသုံးပြုသူအတွက် ထိရောက်လျင်မြန်သော အကျိုးကျေးဇူးများကို ရရှိခြင်းတို့ကို လေ့လာမှတ်သားရသည်။

ကျွန်တော်တို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်တွင် စတင်လျှောက်လှမ်းရသည့်အလျောက် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ကြုံတွေ့ရလေ့ရှိသော စွမ်းအင်ဆိုင်ရာအခက်အခဲများကိုအနည်းနှင့်အများကြုံတွေ့ရမည်ဖြစ်သည်။ နိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍတွင်သာမက အခြားသော သဘာ ဝသယံဇာတများပေါကြွယ်ဝစွာရှိသည့်အတွက် အခြားဖွံ့ဖြိုးဆဲနိုင်ငံများလောက် ခံစားရမှုမသိသာသော်လည်း လျှပ်စစ်ဓာတ်အားပြည့်ဝစွာမထုတ်လုပ် နိုင်ခြင်းသည် ဖွံ့ဖြိုးဆဲ နိုင်ငံအဖြစ်ရောက်ရှိရန်အတွက် စိန်ခေါ်မှုများပင်ဖြစ်သည်။

နိုင်ငံတော်အပိုင်းအနေဖြင့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိရေးအတွက် လိုအပ်သောစီမံကိန်းများကို နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်ကို မကြာခဏတွေ့မြင်ကြားသိနေရသည်။ ထို့အပြင် နိုင်ငံတစ်ဝန်းရှိ ကျေးလက်နှင့်မြို့ပြဒေသတို့တွင် လျှပ်စစ်ဓာတ်အားကို လျင်မြန်လွယ်ကူစွာရရှိနိုင်ရေးအတွက် နိုင်ငံအတွင်းရှိ စေတနာရှင်ပြည်သူများနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများဖြင့်ပူးပေါင်း၍ ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

၎င်းတို့အနက် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားမြို့ရှိ စတ္တိန်းစံပြကျေးရွာတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသဖြင့် ပြည်သူ့ဝန်ဆောင်မှုသတင်းမီဒီယာသမားတစ်ဦးအနေဖြင့် အခုလိုကွင်းဆင်းသွားရောက်မေးမြန်းခဲ့ပါသည်-

စတ္တိန်းရွာ တောင်သူဦးမောင်ဝင်းက “ ကျွန်တော်တို့ရွာမှာ အရင်က အခုလိုမီးမလင်းခင်ကတော့ နေဝင်ပြီဆိုရင် တစ်ရွာလုံးမှောင်မည်းနေပါတယ်။ ညရေးညတာအတွက် သွားလာရတဲ့အခါမှာလည်း မြွေတို့၊ ကင်းတို့စတဲ့ ပိုးကောင်တွေရဲ့ဘေးအန္တရာယ်ကတစ်မျိုး၊ လုံခြုံမှုအတွက်ကလည်းမကောင်းဆိုတော့ တစ်ခါတစ်လေများသွားစရာရှိရင် အတော်ကိုစဉ်းစားယူရပါတယ်။ အဲဒါတွေထက် ရွာကကျောင်းသားတွေစာဖတ်ဖို့က တတ်နိုင်တဲ့အိမ်အတွက် ကိစ္စမရှိပေမယ့်လို့ အများစုအတွက်ကဖယောင်းတိုင်ဖိုးထက် ဝမ်းရေးကအနိုင်နိုင်ဖြစ်နေရတော့ အတော်ကို ကသီကလင်ဖြစ်ကြရပါတယ်။ ဒီလိုနေထိုင်ရတုန်းမှာ ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းပံ့ပိုးကူညီမှုနဲ့အတူ ကိုရီးယားသမ္မတနိုင်ငံ KD Power ကုမ္ပဏီကလှူဒါန်းသည့် ဆိုလာပြားနဲ့ စက်ကြောင့်မီးအလင်းရောင်ရရှိခဲ့ပါတယ်။ အခု ဆိုလာစနစ်နဲ့ မီးရတဲ့အတွက် ရွာလမ်းမတစ်လျှောက် မီးရောင်ထိန်ထိန်နဲ့ အတော်ကိုကြည့်ရကောင်းပါတယ်။

ဆိုလာမီးအားကတော့ ဝပ်-၃၀၀၀ လောက်ထွက်ပါတယ်။ ဒါပေမယ့် ကျေးရွာတစ်ခုလုံး အိမ်တိုင်းမီးအလင်းရောင်တော့ ပေးနိုင်ဖို့ မလုံလောက်ပါဘူး။ ဒီအတွက် ရွာရဲ့အထွတ်အမြတ်ထားတဲ့ ရွာဦးစေတီနဲ့ ဆရာတော်ကျောင်းအပါအဝင် ရွာလမ်းမတစ်လျှောက်ကို ညနေမှောင်ရီတရောအချိန်ဖြစ်တဲ့ ညနေ ၆ နာရီလောက်ကနေ ညဦးပိုင်း ၉ နာရီလောက်ထိတော့ မီးပေးနိုင်ပါတယ်။ ဆိုလာစနစ်ဆိုတော့ နေရောင်ခြည်ရရှိနိုင်မှုနဲ့ အလင်းရောင်ပေါ်မူတည်တဲ့အတွက် ရာသီဥတုသာယာတဲ့နေ့ဆိုရင် မီးပိုရတယ်။ မိုးရွာ၊ မိုးအုံ့တဲ့နေ့တွေဆို မီးရရှိတဲ့အချိန်က နေသာတဲ့နေ့တွေထက် အချိန်အတိုးအလျော့ရှိပါတယ်။ ဘယ်လိုပဲဆိုဆို မရှိတာနဲ့စာရင် မီးရောင်လေးရှိတော့ ကျုပ်တို့တွေက တောင်သူတွေဆိုတော့ မိုးချုပ်ခါနီးမှ အိမ်ရောက်တယ်။ ရွာအတွက် သာရေးနာရေးကိစ္စတွေဆောင်ရွက်ဖို့အတွက် ညပိုင်းမှအားတာဆိုတော့ သွားလာရတာ ယခင်ထက်အများကြီးအဆင်ပြေတယ်ဗျာ။ ဒီထက်ပိုဝမ်းသာရတာက ကလေးတွေစာကျက်နိုင်အောင် အလင်းရောင်ရတာအများကြီးရွာအတွက်ကောင်းတယ်ဗျာ။

စတ္တိန်းစံပြကျေးရွာတွင်တပ်ဆင်ထားသော ကိုရီးယားသမ္မတနိုင်ငံ KD Power ကုမ္ပဏီကလှူဒါန်းသည့် ဆိုလာပြားနှင့် စက်ကိုတွေ့ရစဉ်။

ကျွန်တော်ကတော့ဖြစ်နိုင်ရင် ဒီထက်ပိုကောင်းတဲ့လျှပ်စစ်မီးကို ရချင်ပါတယ်။ ဒါမှ တခြားသော အသက်မွေးဝမ်းကျောင်းမှုအလုပ်တွေကို လုပ်နိုင်မယ်။ ဘာကြောင့်လဲဆိုတော့ ဘကြီးတို့ရွာက စိုက်ပျိုးရေးတစ်ခုတည်းကိုပဲ အားထားနေရပြီး ရာသီဥတုကလည်း မမှန်တဲ့နှစ်တွေများလာတော့ မိရိုးဖလာတောင်သူလုပ်ငန်းတစ်ခုတည်းနဲ့ ရေရှည်ရပ်တည်နိုင်ဖို့ကို အတော်ကြိုးစားရုန်းကန်ရမှာပါ။ ဒီအတွက် လျှပ်စစ်မီးကိုလိုချင်ခဲ့တာပါ။ နိုင်ငံတော်က တာဝန်ရှိလူကြီးတွေကို အခုလိုဖြစ်လာနိုင်တဲ့အထိ ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ။ ဒီထက်လည်း ပြည်ရွာအကျိုးသယ်ပိုးနိုင်ပါစေလို့ ဘကြီးတို့ ဆုတောင်းပေးပါတယ်” ဟု ကျေးရွာမီးအလင်းရောင်ရရှိမှုအပေါ် အားရဝမ်းသာရှင်းပြသည်။

စတ္တိန်းရွာကျောင်းဆရာမဒေါ်ကြည်ကြည်ဆင့်ကလည်း ဆိုလာစနစ်နဲ့ ကျေးရွာမီးအလင်းရောင်ရရှိမှုအပေါ် “အခုရွာလမ်းမပေါ် မီးလင်းလာတော့ ကလေးတွေအနေနဲ့ ဘေးအန္တရာယ်ကင်းစွာနဲ့ ကိုယ်လက်လှုပ်ရှားမှုပြုနိုင်မယ့်အပြင် ကျောင်းသားတွေအတွက် စာဖတ်ချိန်တိုးရရှိပါတယ်။ လူကြီးတွေအနေနဲ့လည်း ရွာရဲ့သာရေး၊ နာရေးကိစ္စတွေကို ဆွေးနွေးနိုးနှောတိုင်ပင်လာနိုင်တဲ့အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အများကြီးအထောက်အကူဖြစ်ပါတယ်။ အခုရတဲ့ ဆိုလာမီးက တစ်နေ့ကို အချိန်လေးနာရီလောက်ပေးနိုင်တာ အဆင်တော့သိပ်မပြေပါဘူး။ အခုထက်ပိုမိုကောင်းမွန်တဲ့လျှပ်စစ်မီးရရှိပါက ပိုကောင်းမှာပါ” ဟု ပြောကြားသည်။

အခုလိုမေးမြန်းစူးစမ်းရင်း ကျေးရွာလမ်းမတစ်လျှောက် ဆိုလာနှင့်သာယာနေသော ကျေးလက်ညရှုခင်းကို ငေးမောကြည့်ရှုလေ့လာကြကာ ဖော်ရွေပျူငှာသည့်အပြုံးများဖြင့် တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်သွားလာနေကြသည်

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားမြို့ရှိ စတ္တိန်းစံပြကျေးရွာတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

ကလည်း လပြည့်ညကိုသာ မျှော်လင့်တောင့်တစောင့်စားခဲ့ရသော ဒီရွာလေးအတွက် ဆိုလာ လရောင်နှင့် လိုက်ဖက်ခန့်ညားနေပါသည်။

ကျေးရွာတန်းကို လွန်မြောက်တော့ မီးမရှိစဉ်က ဆီးမီးရောင်တမှိန်မှိန်နှင့် အပူဇော်ခံရသည့် ရွာဦးစေတီတော်မှာ ဆိုလာကပေးတဲ့အလင်းရောင်နှင့် မှိုင်းညို့မှောင်ရီသည့်လွင်ပြင်အလယ်မှာ သပ္ပာယ်စွာဖူးမြော်တွေ့ရသည်။

ဆိုလာမီးအလင်းရောင်ရရှိမှုအပေါ်မှာလည်း ကျောင်းထိုင်ဆရာတော် ဦးနာဂသေနက အခုလိုမိန့်ကြားရာတွင် “ဒီဒေသမှာ အရင်ကညဆိုအလင်းရောင်ရဖို့ ရေနံဆီမီးခွက်နဲ့ ဖယောင်းတိုင်ကိုပဲ သုံးခဲ့ကြရပါတယ်။ ၂၀၁၂ခုနှစ် ဧပြီ ၂၄ ရက်မှာ ကိုရီးယားသမ္မတနိုင်ငံ KD Power ကုမ္ပဏီက ကျေးလက်တောရွာတွေကို ထောက်ပံ့တဲ့အစီအစဉ်အနေနဲ့ ဆိုလာပြားတွေ လာရောက်တပ်ဆင်လှူဒါန်းပေးခဲ့ပါတယ်။ ဆိုလာပြားအရေအတွက်က နည်းတော့သာသနိကအဆောက်အအုံတွေနဲ့ ရွာလမ်းတွေလောက်ကိုသာ မီးပေးနိုင်ခဲ့ပါတယ်။

လူနေအိမ်တွေအတွက် မလုံလောက်သေးပါဘူး။ နဂိုမရှိတာနဲ့စာရင် ရွာလမ်းမီးလင်းတယ်ဆိုတာကို ဝမ်းသာရတယ်။ မီးပေးချိန်ကတော့ ညနေ ၆ နာရီကနေ ည ၉ နာရီလောက်အထိ ပေးနိုင်ပါတယ်။ ဒီဒေသကသွားရေးလာရေးကလည်း ခက်ခဲ၊ ပညာရေးနဲ့ စီးပွားရေးအပိုင်းမှာလည်း ဖွံ့ဖြိုးမှုအားနည်းခဲ့ပါတယ်။ အဆင်ပြေတဲ့သူတွေက မြို့အရပ်ကို ပြောင်းကြရွှေ့ကြလုပ်တော့ ကိုယ်ထူမှကိုယ်ထဆိုသလို လျှပ်စစ်မီးရရှိရေးဆောင်ရွက်နိုင်ဖို့ ကျန်ခဲ့သူတွေအနေနဲ့လည်း အတော်ကို အခက်အခဲရှိပါတယ်။ လျှပ်စစ်မီးရဖို့ နိုင်ငံတော်အပိုင်းက ဦးဆောင်ပြီး ဆောင်ရွက်ပေးမှအဆင်ပြေနိုင်မှာပါ။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသအနေနဲ့ မိုးခေါင်ရေရှားတဲ့အပြင် ထင်းကလည်းရှားတော့ လျှပ်စစ်မီးရမယ်ဆိုရင် အများကြီး အဆင်ပြေပြီး ရွာရဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ စီးပွားရေးပိုင်းတွေမှာ ဖွံ့ဖြိုးလာသလို ဘာသာ၊ သာသနာပိုင်းမှာလည်း ကျေးရွာအနီးပတ်ဝန်းကျင်မှာ စာသင်သား သံဃာတော်တွေကို လက်ခံပို့ချလာနိုင်မှာဖြစ်တယ်။ ဒါကြောင့် လျှပ်စစ်မီးရမယ်ဆိုရင်တော့ သာဓုကို အကြိမ်ကြိမ်ခေါ်ရမှာပါ။

ယခုခေတ်ကာလရဲ့ တိုးတက်မှုတွေက မြို့ပြတွေသာမက ကျေးလက်တောရွာတွေမှာလည်း လျှပ်စစ်မီးဆိုတာမရှိမဖြစ်အရာဖြစ်လာပါပြီ။ ဦးပဉ္စင်းတို့အနေနဲ့ လျှပ်စစ်မီးရဖို့ မီးစက်တွေကိုသုံးမယ်ဆိုရင် တောအရပ်လည်း ဖြစ်ပြန်အများစုသော ဒကာဒကာမတွေအနေနဲ့လည်း အပိုဝင်ငွေနည်းပါးကြတာကြောင့် စက်သုံးဆီအတွက် ရေရှည်အသုံးပြုနိုင်မှာ မဟုတ်ပါဘူး။ တတ်နိုင်သူ

စတ္တိန်းစံပြကျေးရွာ ရွာဦးစေတီနှင့် အနီးတစ်ဝိုက် လျှပ်စစ်မီးရရှိရေး နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ဆောင်ရွက်ထားသည်ကို တွေ့ရစဉ်။

တွေကလည်း ကိုယ့်အိမ်မီးလင်းဖို့ ဆိုလာပြားတပ်ဆင်အသုံးပြုကြတယ်ဆိုပေမယ့် အများစုတွေကတော့ ဝန်ကြီးနဲ့အဖွဲ့လာရောက်စဉ်က တစ်အိမ်တစ်လုံးနှုန်းနဲ့ ဆိုလာမီးအိမ်ငယ်တွေချပေးတာကို အားကိုးနေရပါတယ်။ ဦးပဉ္စင်းတို့ တောအရပ်တောရွာတွေမှာ သစ်ဝါးတွေနဲ့အိမ်အများစုကို ဆောက်လုပ်နေထိုင်ကြတဲ့အတွက် မီးရေး ထင်းရေးလည်း စိတ်ချရ၊ ထသွားထလာအတွက်လည်းလွယ်ကူပေ့ါပါးတဲ့ ဆိုလာမီးအိမ်ငယ်တွေကိုလျှပ်စစ်မီးလောက် မကောင်းပေမယ့်လို့ အများကြီးအသုံးဝင်ပါတယ်” ဟုမိန့်ကြားသည်။

အလားတူ ကျေးရွာမီးလင်းရေးအတွက် တက်တက်ကြွကြွဆော်ဩနေတဲ့ ရပ်မိရပ်ဖ ဦးဟန်ထွန်းကလည်း ၎င်းအမြင်ကို အခုလိုပြောကြားရာတွင် “ဒီဆိုလာပြားနဲ့စက်တွေကိုတော့ ၂၀၁၂ ခုနှစ် ဧပြီလဆန်းပိုင်းမှာ စက်မှုဝန်ကြီးဌာနက ဝန်ထမ်းတွေလာရောက်ပို့ဆောင်ပေးပါတယ်။ သင်္ကြန်အပြီးမှာတော့ ကိုရီးယားနိုင်ငံသား ပညာရှင်တွေနဲ့ပူးပေါင်းပြီး တပ်ဆင်ကြပါတယ်။ တပ်ဆင်တဲ့နေရာမှာ အောက်ခံကွန်ကရစ်ခုံအတွက် ရွာကပံ့ပိုးပေးရပြီး ကျန်တာတွေကိုတော့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနဲ့ KD Powerကုမ္ပဏီက ထည့်ဝင်လှူဒါန်းကြပါတယ်။အခုလက်ရှိတပ်ဆင်ထားတဲ့ ဆိုလာစနစ်က ဝပ်-၃၀၀၀ လောက်ထွက်ပါတယ်။ ကျွန်တော်တို့ ရွာက အိမ်ခြေပေါင်း ၃၃၄ အိမ်နဲ့မီးထွက်အားနဲ့ဆိုရင် မလုံလောက်တဲ့အတွက် လမ်းမီးတွေအဓိကထား တပ်ဆင်နိုင်အောင် ကျေးရွာက လူတွေနဲ့ညှိနှိုင်းပြီး ဆောင်ရွက်ခဲ့ရာတွင် ၂၄-၄-၂၀၁၂ ရက်မှာ အားလုံးတပ်ဆင်ပြီးစီးခဲ့ပါတယ်။ ဆိုလာမီးစနစ်ဆိုတာက အခြားလျှပ်စစ်မီးတွေနဲ့ ဝပ်မတူတော့ ထွက်ရှိတဲ့လျှပ်စစ်ဓာတ်အား ဝပ်ကသေးပါတယ်။

ရွာမှာ ဆိုလာစနစ်သုံးပြီးတော့ ကိုးဝပ်ရှိတဲ့ မီးလုံး ၄၈ လုံး၊ ၂၀ ဝပ်ရှိတဲ့ မီးလုံးလေးလုံးနဲ့ ၂၅ ဝပ်ရှိတဲ့ မီးလုံး ကိုးလုံး အားလုံးဆိုရင် ၆၁ လုံး ထွန်းထားပါတယ်။ ဆိုလာပြားအရေအတွက်ကတော့ ၁၂ ချပ်ကို တပ်ဆင်လိုက်တော့ ၁၈ ပေ ၊၁၅ ပေအကျယ် ဆိုလာပြားကြီးရပါတယ်။ မီးပေးချိန်တွေကတော့ တစ်နေ့ကို လေးနာရီလောက် မှောင်ရီပျိုးချိန်နဲ့ ညဦးပိုင်းတွေအထိပေးထားပါတယ်။ ဒီနေ့လို ရာသီဥတု သာသာယာယာနဲ့ဆိုရင် ပိုပေးနိုင်ပေမယ့် မိုးရွာပြီး ရာသီဥတုမသာယာတဲ့နေ့တွေမှာဆိုရင်တော့ အချိန်နည်းနည်းပဲ ပေးနိုင်ပါတယ်။

ကျွန်တော်တို့ရွာက အရင်ကသောက်သုံးရေရရှိဖို့အတွက် ရွာချောင်းနံဘေးက အဝကျယ်တွင်းတွေကို အားကိုးအားထားပြုရပါတယ်။ ခေတ်ကာလအခြေအနေအရ သောက်ရေအတွက်ဆို စက်ရေတွင်းနဲ့ လက်နှိပ်တုံ့ကင်တွေကစိတ်ချရတဲ့အတွက် ရွာဇာတိရန်ကုန်နဲ့ မန္တလေးမြို့က အဆင်ပြေတဲ့ရွာသားတွေ လာရောက်တူးဖော်လှူဒါန်းမှုအတွက် အများကြီးအဆင်ပြေပါတယ်။ ဒါပေမယ့် စက်ရေတွင်းဆိုတာက လျှပ်စစ်မီးမဟုတ်ရင် စက်သုံးဆီထည့်အသုံးပြုကြရပါတယ်။ ရွာမှာက လျှပ်စစ်မီးမရှိတော့ စက်သုံးဆီနဲ့ အသုံးပြုရတဲ့အတွက် ရေအတွက်ကို ဆီနဲ့လဲယူနေရသလို ဖြစ်နေပါတယ်။

ဒီအတွက်ကြောင့် စက်အစားကို အခုကျွန်တော်တို့ရွာရဲ့ နယ်မြေဒေသအခြေအနေ အနေအထားအရ ရေထွက်အားကောင်းပြီး တွင်းတိမ်တဲ့အတွက် လက်နှိပ်တုံ့ကင်မတ်တူးအမျိုးအစားတပ်ဆင်အသုံးပြုပါက ရွာအတွက် အများကြီးအကျိုးရှိမှာပါ။ ဒီအတွက်လည်း သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ တိုင်ပင်ဆွေးနွေးနေပါတယ်။ ကျွန်တော်တို့လို မိုးခေါင်ရေရှားတဲ့ဒေသမှာ နယ်မြေစီးပွားရေးအခြေအနေအရ ရွာသူရွာသားအများစုကျပ်တည်းကြပါတယ်။

ကိုယ်ထူကိုယ်ထလျှပ်စစ်မီးလင်းရေးဆိုတာကလည်း အဆင်မပြေနိုင်ပါဘူး။ နိုင်ငံတော်အပိုင်းက ပံ့ပိုးပေးနိုင်မယ်ဆိုရင် ရွာရဲ့ဖွံ့ဖြိုးတိုးတက်မှုနှုန်းက အတိုင်းထက်အလွန်ဖြစ်မှာပါ။ ကျွန်တော်တို့ရွာကို အခုလို မီးအလင်းရောင်ဆောင်ကြဉ်းပေးတဲ့ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်း အမြဲမပြတ်ကျေးဇူးတင်ပါတယ်ဗျာ” ဟု ပြောကြားသည်။

ယခုအချိန်တွင် နိုင်ငံတော်အနေဖြင့် ခေတ်ပြောင်းစနစ်ပြောင်းဖြင့် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ကျေးလက်မြို့ပြဖွံ့ဖြိုးတိုးတက်အောင် အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိပေသည်။ နိုင်ငံတော်အပိုင်းတွင် နိုင်ငံတစ်ဝန်းလုံးရှိကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒငါးချက်ချမှတ်အကောင်အထည်ဖော်နေသကဲ့သို့ စက်မှုစီးပွားခေတ်ကျော်လွှားဆိုသည့် ဆောင်ပုဒ်နှင့်အညီ စက်မှုဝန်ကြီးဌာနအနေဖြင့်လည်း “စတ္တိန်းရွာမှာ သာတဲ့လ” ဆိုသကဲ့သို့ ကျေးလက်ပြည်သူများ အားထားရာ အရင်းအနှီးနည်းပါးပြီး ဘေးထွက်အန္တရာယ်မရှိသည့် ဆိုလာမီးအိမ်၊ ဆိုလာ မီးချောင်းနှင့် ဆိုလာပြားများကို အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ပါက နိုင်ငံတစ်ဝန်းကျေးရွာများတွင် ကိုယ်ပိုင်လဖြင့် တင့်တယ် နိုင်တော့မည်ဖြစ်ပါသည်။ ။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုအဆင့် စံပြရဲစာမေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၄

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တပ်ဖွဲ့ဝင်အဆင့်အတန်းအားလုံး စွမ်းရည် (၄)ရပ် မြင့်မားစေရန်နှင့် စိတ်ဓာတ်မြင့်မားမှု၊ စည်းကမ်းကောင်းမွန်မှု၊ သစ္စာရှိမှု၊ စည်းလုံးညီညွတ်မှု၊ စွမ်းရည်ပြည့်ဝမှုတို့တွင် "စံ" ပြုနိုင်ရေးကို ရည်မှန်းချက်ထားလျက် စံပြရဲစိစစ်ရွေးချယ်ရန်နှင့် ဆုချီးမြှင့်ခြင်းအစီအစဉ်များကို နှစ်စဉ် ကျင်းပခဲ့ရာ ၂၀၁၃ ခုနှစ်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုအဆင့်စံပြရဲ ရေးဖြေစာမေးပွဲကို ယနေ့ နံနက် ၉ နာရီက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်ရှိ အရိန္ဒမာခန်းမတွင် ပြုလုပ်သည်။ **(ယာပုံ)**

အဆိုပါ စံပြရဲ ရေးဖြေစာမေးပွဲတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များ၊ ရဲလေ့ကျင့်ရေးကျောင်းများ၊ သီးခြားသတ်မှတ်ထားသော တာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့များမှ ရဲအုပ်၊ ဒုတိယရဲအုပ်၊ ရဲအရာခံ၊ ရဲတပ်ကြပ်ကြီး ၊ ရဲတပ်ကြပ်၊ ရဲဒုတပ်ကြပ်၊ ရဲတပ်သားအဆင့်တပ်ဖွဲ့ဝင် ၁၆၁ ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။ အဆိုပါစာမေးပွဲကျင်းပရာသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူအရာရှိကြီးများက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

လက်မှတ်တွေလိုက်ထိုးပြီးသည့်အခါတွင် ဆောင်ရွက်မည်ဆိုလျှင် ခုနက တချို့တချို့တင်ပြသွားသလို မလိုလားအပ်သော ပြဿနာများ၊ ပြီးတဲ့အခါမှာ နိုင်ငံအတွက် ငွေကြေးကုန်ကျမယ့်ကိစ္စတွေ၊ ဒီအပြင် နိုင်ငံရေး မတည်ငြိမ်မှုတွေ၊ အချင်းချင်း တစ်ပါတီနှင့်တစ်ပါတီ တိုက်ခိုက်မှုတွေပိုများလာနိုင်ပါကြောင်း၊ အဲ့ဒီလိုဆိုလို့ရှိရင် မိမိတို့နိုင်ငံက ရည်မှန်း၊ မျှော်မှန်းထားသည့် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို အနှောင့်အယှက်ဖြစ်နိုင်တယ်ဆိုပြီးတော့လည်း သီးခြားနှုတ်ဖြင့်လာပြီး တင်ပြတာလည်းရှိပါကြောင်း၊ သို့ရာတွင် လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေဖြင့် ဆုံးခန်းတိုင်လုပ်ကြည့်ပါဦး။ စိတ်ရှည်သည်းခံပြီးတော့ စဉ်းစားဆောင်ရွက်ပါ။ စဉ်းစားဆောင်ရွက်ပြီးသည့်အခါမှာ အခုလို ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးကော်မတီကို ဖွဲ့စည်းတယ်။ ဖွဲ့စည်းသည့်အချိန်ကျတဲ့ အခါကျတော့ ထပ်ပြီး သူတို့ကတင်ပြပါကြောင်း၊ ဒီကာလမှာတော့ လွှတ်တော်ကိုတင်ပြပြီးတော့ ဒီကာလမှာတော့ ခေတ္တဆိုင်းငံ့သင့်ပါကြောင်း၊ ဒီလိုဆိုလို့ရှိရင်တော့ လွှတ်တော်ကို တင်ပြ၊ လွှတ်တော်က အဆုံးအဖြတ်ယူမယ်။ ပိုပြီးခိုင်မာသွားအောင် အဲ့လိုအခြေအနေမှာခုနတပ်မတော်သား ကိုယ်စားလှယ်တွေကလည်း သူတို့အမြင်၊ သူတို့အယူအဆတွေကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတာ အားလုံးကြားရတဲ့အတွက် ဒါဝမ်းမြောက်စရာဖြစ်ပါကြောင်း၊ ဒီနေရာမှာ မိမိတို့လွှတ်တော်၏ လုပ်ငန်းစဉ်ကို ပြန်ပြီးသုံးသပ်မယ်ဆိုရင် လွှတ်တော်က ဥပဒေပြုရေးတာဝန်ပါ။ ဥပဒေပြုရေး တာဝန်ဖြစ်သည့်အတွက် ဤဥပဒေတစ်ရပ်ဖြစ်လာရန် မိမိတို့အမြဲပြောနေကြပါကြောင်း၊ နိုင်ငံနှင့်နိုင်ငံသားအကျိုးစီးပွားဖြစ်ထွန်းစေသော ဥပဒေများဖြစ်ဖို့လိုပါကြောင်း၊ အဲ့ဒီရဲ့နောက်ကွယ်မှာ မပြောဘဲကျန်တာက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေး မဖြစ်ဖို့ လိုတယ်ဆိုတာတော့ မပြောခဲ့ပါကြောင်း၊ ဒါကြောင့်မို့လို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက်လည်း မိမိတို့ပြဋ္ဌာန်းလိုက်သည့် ဥပဒေတွေက လိုအပ်တာဖြစ်ပါကြောင်း၊ ထို့ ကြောင့် မိမိတို့ဥပဒေပြုတာဝန်ရှိသည့် လွှတ်တော်အဖွဲ့အစည်းအနေဖြင့် ဥပဒေပြုသည့်နေရာတွင် လူတစ်ယောက်အကျိုး၊ တစ်ပါတီ၊ တစ်ဖွဲ့အစည်းအကျိုးမဖြစ်စေဘဲ နိုင်ငံတော်အကျိုးကို ဖြစ်ထွန်းစေမယ့် ဥပဒေများဖြစ်ရန် အမြဲတိုက်တွန်းဆော်ဩထားတာရှိပါကြောင်း၊ သို့ကြောင့် အခုဥပဒေကြမ်းကော်မတီ၏ တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် လွှတ်တော်အငယ်လေး၏ တင်ပြချက်အပေါ် မူတည်ပြီးတော့ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များက အဆုံးအဖြတ်ပေးဖို့ဖြစ်ပါကြောင်း။ အခုဆွေးနွေးနေသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တင်ပြလာသော ဥပဒေကြမ်းအပေါ် ဥပဒေမဟုတ်ပါကြောင်း၊ ဥပဒေကြမ်းအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်သည့် ကာလအတွင်းမှာ ခေတ္တဆိုင်းငံ့ထားဖို့ကိစ္စနှင့်ပတ်သက်၍ လွှတ်တော်၏ သဘောထားမေးမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အဆိုပါဥပဒေကြမ်းအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်သည့် ကာလအတွင်းတွင် ခေတ္တဆိုင်းငံ့ထားရန် လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ချင်းတွင်းမြစ်အတွင်း စုန်ဆင်းလာသော အမြန်ရေယာဉ်ပေါ်မှ အိန္ဒိယနိုင်ငံလုပ် အကောက်ခွန်မဲ့ဆေးမျိုးစုံ ၃၇ မျိုးဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၄

ချင်းတွင်းမြစ်ကြောင်းအတွင်းတွင် အိန္ဒိယနယ်စပ်မှ အကောက်ခွန်မဲ့ အိမ်သုံးဆေးဝါးများ တရားမဝင် သယ်ဆောင်နေကြောင်း သတင်းအရ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်၊ တမူးခရိုင်၊ ခန္တီးခရိုင်၊ မော်လိုက်ခရိုင် ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များနှင့် ဟုမ္မလင်း၊ ကလေး၊ တမူး၊ မုံရွာတို့မှ မူးယစ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ခရိုင်ချင်းဆက်ရှာဖွေမှုများပြုလုပ်ခဲ့သည်။ ဩဂုတ် ၂၂ ရက် နံနက်၁၁ နာရီ ၁၅ မိနစ် တွင် မော်လိုက်ခရိုင်ရဲတပ်ဖွဲ့မှူးဦးစီးအဖွဲ့နှင့် ဟုမ္မလင်း(မူးယစ်)အဖွဲ့တို့ ပူးပေါင်း၍ မော်လိုက်ဆိပ်ကမ်းတွင် ချင်းတွင်းမြစ်အတွင်း စုန်ဆင်းလာသော အောင်ဇော်မိုးအမည်ရှိ သံခွံကုန်တင်အမြန်ရေယာဉ်အား ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ရှာဖွေစစ်ဆေးခဲ့ရာ အိန္ဒိယနိုင်ငံလုပ် အကောက်ခွန်မဲ့ ဆေးမျိုးစုံ ၃၇ မျိုး စုစုပေါင်း တန်ဖိုး ငွေကျပ် ၁၃၅၃ ဒသမ ၀၂၂ သိန်းအား ရေယာဉ်ဝမ်းဗိုက်အတွင်း ပီနံအိတ် ၇၂ ထုပ်ဖြင့် ထုပ်ပိုး၍ တရားမဝင်သယ်ဆောင်လာသည်ကို စစ်ဆေး တွေ့ ရှိသဖြင့် အဆိုပါ ပစ္စည်းများ သယ်ဆောင်လာသူများဖြစ်သည့် တမူးမြို့နေ ဆန်းလင်း(၄၂ နှစ်)၊ အငယ်လေး (ခ)ကျော်မျိုးသိန်း (၃၂ နှစ်)နှင့် အောင်ဆွေ(၄၅ နှစ်)ပါ ခုနစ်ဦးတို့ကို မော်လိုက်မြို့မရဲစခန်း (ပ)၆၅/၂၀၁၃၊ အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၁၈ ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ ထိုနေ့ ညနေ ၃နာရီ ၄၅မိနစ်က တမူး(မူးယစ်)မှ တပ်ဖွဲ့ဝင်များသည် တမူးမြို့ စန္ဒကူး (၄)ရပ်ကွက်နေ ဒီပ(ခ)ကံချား(၄၈ နှစ်)၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ အိန္ဒိယနိုင်ငံလုပ် OXYPED ဆေးပြား ၃၀၀၀၀၀ ၊ တန်ဖိုးငွေကျပ် သိန်း ၃၀ သိမ်းဆည်းရမိခဲ့သဖြင့် ဒီပ(ခ)ကံချားအား တမူးမြို့မရဲစခန်း (ပ) ၇၂/၂၀၁၃၊ အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၁၈ အရ အမှုဖွင့်အရေးယူထားသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

အမှတ်တံဆိပ်အမည်အမှတ်အသားသတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်း၊ အမှတ် (၄၀၀-၄၀၆) တွင်တည်ရှိသည့် ပထမအမျိုးသားအာမခံအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် အောက်ပါအမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်- ၉၂၉၈/၂၀၁၃ ဖြင့် မိမိတစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

First National Insurance
Assuring Peace of Mind, the Essence of Life
(၉၂၉၈/၂၀၁၃)

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝှမ်းတည်ထောင်ဖွင့်လှစ်ထားသည့် ပထမအမျိုးသားအာမခံအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ အာမခံရုံးများအားလုံးတွင် ရုံးဆိုင်းဘုတ်များ၊ အာမခံလုပ်ငန်းသုံးစာအုပ်စာတမ်းများ၊ ကြော်ငြာအမျိုးမျိုး၊ ထုတ်ပိုးပစ္စည်းအမျိုးမျိုးနှင့် လက်ဆောင်ပစ္စည်းအမျိုးမျိုး စသည်တို့တွင် ရိုက်နှိပ်ထုတ်လုပ်အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မိမိတို့မူပိုင်အဖြစ်အသုံးပြုလျက်ရှိသော အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတို့အာမခံရုံးများမှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက် (သို့မဟုတ်) အများကဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်အောင် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ တုပပြုလုပ်သုံးစွဲသည်ကိုတွေ့မြင်သိရှိရပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးသက်ထွန်း B.A, (Law), LL.B (စဉ် - ၃၅၅၇) ဒေါ်ကြည်ကြည်ငွေ B.A, (Law), LL.B (စဉ်-၂၃၆၇)

ပထမအမျိုးသားအာမခံအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ တရားလွှတ်တော်ရှေ့နေများ

အမှတ် (၆ စီ-၂)၊ ရန်ကင်းစင်တာကွန်ဒို၊ ဆရာစံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၅၅၆၈၁၂ ၊ ၀၉-၅၀-၁၅၂၃၄ ၊ ၀၉-၅၀-၃၁၂၃၄ ။

ပြည်တွင်းသတင်း

မိုးစပါးစိုက်ခင်းအတွင်း ငါးမျိုးများစိုက်ထည့်

ပူတာအို ဩဂုတ် ၂၄

မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုလုပ်ငန်းတစ်ရပ်အနေဖြင့် စပါးစိုက်ခင်းများအတွင်း ငါးမျိုးများ ထည့်သွင်းမွေးမြူခြင်းကို တောင်သူလယ်သမားများတွင်တွင်ကျယ်ကျယ် ဆောင်ရွက်လာစေရန်ရည်ရွယ်လျက် ကချင်ပြည်နယ် ပူတာအိုခရိုင် ငါးလုပ်ငန်းစီးဌာနက ကြီးမှူး၍ ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက်ရှိ မိုးစပါးမျိုးစေ့ထုတ်စံပြစိုက်ခင်း ၁၀ ဧကအတွင်း ငါးမျိုးများစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက ကျင်းပသည်။

စိုက်ထည့်

အခမ်းအနားတွင် ပူတာအိုခရိုင် အုပ်ချုပ်ရေးမှူးဦးလှိုင်ထွန်း၊ ပူတာအိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ မချမ်းဘောမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်၊ ပူတာအိုခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်ဦး၊ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက် ကျေးရွာများမှ တောင်သူလယ်သမားများက ရွှေဝါငါးကြင်းကောင်ရေ ၅၀၀၀ ကို မိုးစပါးမျိုးစေ့ထုတ်စံပြစိုက်ခင်း ၁၀ ဧကအတွင်းသို့ မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

ဖုန်ကန်(ပူတာအို)

ပုသိမ်အထက(၂)ကျောင်းဝင်း အရိပ်ရသစ်ပင်ကြီးများ၌ ခိုမှီနေကြသော ချိုးငှက်ကလေးတို့မှာ ငှက်တုပ်ကွေးမိနေသည့်အလား သေဆုံးသောငှက်များရှိနေသလို အပင်ပေါ်၌ကုပ်၍ ငြိမ်သက်စွာနားနေသည်ကိုလည်း ဤသို့ တွေ့ရသည်။

ပုသိမ်လှကြည်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၄-၈-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၇၁၆၅၀၀-၆၇၄၄၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၈ - ၉၇၈	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၀ - ၁၃၀၈	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၅ - ၇၆၅	ကျပ်
ထိုင်း	တစ်ဘတ်	၃၁. ၈ - ၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅ - ၁၅. ၅	ကျပ်
တရုတ်	တစ်ယွမ်	၁၅၈ - ၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၈၅ - ၂၉၇	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၆၀၀၀	ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၈၀၀-၃၀၀၀	ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၃၇၀၀-၆၅၀၀	ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၃၈၀၀-၆၀၀၀	ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၁၀၀-၁၈၅၀၀	ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၈၀၀၀-၂၀၀၀၀	ကျပ်
၈။	ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၈၄၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၃၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၅၀၀၀-၂၉၅၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၇၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၄၉၀
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၉၀-၇၇၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၂၅-၁၀၅၀
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၄၂၀-၄၈၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၂၄၀၀-၂၄၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀
၁၂။	သကြား	တစ်ပိဿာ	၉၆၀-၁၀၇၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပုလဲမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေး

ပုလဲ ဩဂုတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် မြို့နယ်အတွင်းရှိ မိုးရာသီသီးနှံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများထံသို့ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ဇွန် ၂၀ ရက်မှစ၍ ထုတ်ချေးပေးခဲ့ရာ ဩဂုတ် ၁၇ ရက်အထိ ရပ်ကွက်/ ကျေးရွာအုပ်စု ၄၃ အုပ်စုအထိ ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ပုလဲမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးထိန်းဝင်းက "ကျွန်တော်တို့စိုက်ဘဏ်က ဇွန် ၂၀ ရက်ကနေ ဒီနေ့အထိ ပုလဲမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု ၄၃ အုပ်စုက တောင်သူလယ်သမား ၇၅၆၄ ဦးအတွက် ငွေကျပ် ၂၅၈၃၃ ဒသမ ၈၀ သိန်းကို ထုတ်ပေးပြီးပါပြီ၊ စနေရုံးပိတ်ရက်ဖြစ်ပေမယ့် တောင်သူတွေ အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်အောင် တနင်္ဂနွေတစ်ရက်ပဲ အနားပေးပြီး စိုက်ပျိုးစရိတ်ချေးငွေတွေ ထုတ်ပေးနေခြင်းဖြစ်ပါတယ်။

ပုလဲမြို့နယ်မှာ ရပ်ကွက်/ကျေးရွာအုပ်စု ၆၁ အုပ်စုရှိပြီး စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ပေးဖို့ကျန်တဲ့ ၁၈ အုပ်စုကို ဩဂုတ်လမကုန်မီမှာ အပြီးထုတ်ပေးသွားမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

မြင့်သိန်းစိုး(ပုံတောင်ခြေ)

၂၂-၈-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၁)တွင် ပါရှိသည့် ဇနီးအဖြစ်မှ ပြတ်စဲကြောင်း ကြေညာခြင်းအပေါ် ရှင်းလင်းတင်ပြခြင်း

ကျွန်မ မသက်သက်အောင်(ခ)ဖရီဒါ ၁၂/မဂတ(နိုင်)၀၈၄၂၄၁နှင့် ကျော်ဆွေဦး(ခ)မိုဟာမက်အဘတ်စ် ၁၂/ကတတ(နိုင်)၀၂၇၇၁၅ တို့သည် ၆-၃-၂၀၀၅ရက်တွင် လူကြီးစုံရာဖြင့် နေကာဟ်ရာဒီ ပြုလုပ်ခဲ့ပြီး ရှစ်နှစ်အရွယ် သားတစ်ဦးမွေးဖွားခဲ့ပါသည်။ လက်ထပ်ပြီးသည်မှ ယနေ့တိုင် ယောက္ခမနေအိမ်တွင် လိုက်ပါ နေထိုင်ဆဲဖြစ်ပါသည်။ ကျော်ဆွေဦး(ခ)မိုဟာမက်အဘတ်စ်မှာ ၂၃-၉-၂၀၁၂ရက်မှစ၍ နေအိမ်မှဆင်းသွားခဲ့ပြီး သတင်းစာမှတစ်ဖက်သတ် ကြေညာခဲ့ခြင်းဖြစ်ပါသည်။ သို့ပါ၍ ကျွန်မသာလျှင် တရားဝင် မယားကြီးဖြစ်ကြောင်း အများသိစေရန် ရှင်းလင်းတင်ပြပါသည်။

(မေးမြန်းစုံစမ်းနိုင်ပါသည်။)

နှစ်ဖက်သော မိဘများနှင့် မသက်သက်အောင်(ခ)ဖရီဒါ
၁၂/မဂတ(နိုင်)၀၈၄၂၄၁

မြန်မာနိုင်ငံတွင် (MMA) ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ အတိုက်ပြိုင်ပွဲကြီး ပထမဦးဆုံးအကြိမ်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံတွင် ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ အတိုက်ပြိုင်ပွဲကြီး World Series ပွဲစဉ်များကို ပထမဆုံးအကြိမ်အဖြစ် အားကစားဝန်ကြီးဌာနကကြီးမှူး၍ Forever၊ Bec-Tero နှင့် မြန်မာမီဒီယာဂရု(ပ်)တို့ ပူးပေါင်းပြီး ရန်ကုန်မြို့ သုဝဏ္ဏ အမျိုးသားအားကစားရုံ(၁)၌ ဩဂုတ် ၃၁ ရက်ညနေ ၃ နာရီတွင် ကျင်းပမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲကြီးသည် အင်ဒိုချိုင်းနားဒေသအတွက် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ကိုးနိုင်ငံက လာရောက်ယှဉ်ပြိုင်ကြမည်။ ပြိုင်ပွဲတွင် အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျ၊ ပါကစ္စတန်၊ အီရန်၊ ဂျပန်၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် မြန်မာနိုင်ငံတို့မှ လက်ဝှေ့ကျော်များ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ပြိုင်ပွဲ၌ ဝိတ်တန်းခုနစ်တန်းပါဝင်ပြီး ကမ္ဘာ့ချန်ပီယံလုပွဲ နှစ်ပွဲ၊ အင်ဒိုချိုင်းနားချန်ပီယံလုပွဲ လေးပွဲနှင့် မြန်မာချန်ပီယံလုပွဲတစ်ပွဲ စုစုပေါင်းပွဲစဉ်ခုနစ်ပွဲ ယှဉ်ပြိုင်ထိုးသတ်မည် ဖြစ်သည်။ ပြိုင်ပွဲတွင် ၅ မိနစ်သုံးချီ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး သရေပွဲမရှိဘဲ ဒိုင်များ၏ အဆုံးအဖြတ်ဖြင့် သတ်မှတ်မည်။ ထိုးသတ် ရာတွင် ခေါင်းဖြင့်တိုက်ခြင်း၊ ရိုက်ခြင်း ခွင့်မပြုဘဲ လက်သီး၊ တံတောင်၊ ခြေထောက်၊ ဒူးများဖြင့် တိုက်ခိုက်နိုင်ပြီး ကြမ်းပေါ်သို့ လဲကျနေလျှင် ချုပ်ခြင်းနှင့် ဆက်လက်တိုက်ခိုက်ခြင်းများ ပြုနိုင်သည့် ပြိုင်ပွဲကြီးဖြစ်သည်။

ပြိုင်ပွဲ၌ ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် အီရန်မှ Akbar Karimi နှင့် ပါကစ္စတန်မှ PakAttack တို့ ယှဉ်ပြိုင်ထိုးသတ် ဗိုလ်လုကြမည်ဖြစ်ပြီး မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် ဂျပန်နိုင်ငံမှ လက်ဝှေ့ကျော် Samurai နှင့် အမေရိကန်နိုင်ငံမှ

ဩစတြေးလျမှ **Ashley Byrne**

အင်္ဂလန်မှ **Kristoffer Shaw**

John malbrough တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ အင်ဒိုချိုင်းနား ဝယ်လ်သာဝိတ်တန်းတွင် ဩစတြေးလျနိုင်ငံမှ Ashley Byrneနှင့် အင်္ဂလန်မှ Kristoffer Shaw၊ အင်ဒိုချိုင်းနား လိုက်ဝိတ်တန်းတွင် အင်္ဂလန်မှ Mark Gittinsနှင့် အမေရိကန်မှ Will Chope၊ ဖယ်သာဝိတ်တန်းတွင် ထိုင်းနိုင်ငံမှ Jitsadapong thongနှင့် ဖိလစ်ပိုင်နိုင်ငံမှ Dean Bermudez၊ ဘင်တန်ဝိတ်တန်းတွင် အီရန်မှ Majid Hamid နှင့် ဖိလစ်ပိုင်မှ Jesse Rafols တို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှလည်း ထက်အောင်ဦး (တောင်ကလေး)နှင့် ဖိုးသားကြီး (မန္တလေး)တို့အတွဲ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါ ကမ္ဘာ့အဆင့်လက်ဝှေ့ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပမည်ဖြစ်၍ မြန်မာနိုင်ငံအပါအဝင် အမေရိကန်နှင့် တရုတ် ရုပ်သံလိုင်းများကလည်း တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ရန်ကုန်မြို့ သုဝဏ္ဏအမျိုးသားအားကစားကွင်း(၁)သို့ တိုက်ရိုက်သွားရောက်ကြည့်ရှုလျှင် ဖုန်း-၀၁-၅၄၉၂၉၇ သို့ ဆက်သွယ်၍ လက်မှတ်များကို ရိုးရိုးတန်းငွေကျပ် ၈၀၀၀၊ အထူးတန်းငွေကျပ် ၁၅၀၀၀တို့ဖြင့် ဝယ်ယူကြည့်ရှုနိုင်ကြောင်း သိရသည်။

မင်းထက်

ကလေးမြို့ ရေဘေးသင့်ပြည်သူများအား ပြောင်းရွှေ့နေရာချပေး

ကလေး ဩဂုတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ကလေးမြို့တွင် ဩဂုတ် ၁၈ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေရှဉ့်ရာချောင်းနှင့် မြစ်သာမြစ်တို့ ရေလျှံတက်လာပြီး ကလေးမြို့ ချမ်းမြေ့အောင်စည်၊ အောင်မြေမာန်၊ အောင်မင်္ဂလာ၊ ညောင်ပင်သာရပ်ကွက် အနိမ့်ပိုင်းနေရာများနှင့် ပြင်သာ၊ ကျီကုန်း၊ ဖောင်ကူး၊ တောင်အူကျေးရွာများရှိ အနိမ့်ပိုင်းနေရာ နေအိမ်များနှင့် လယ်ယာမြေများ ရေနစ်မြုပ်မှုဖြစ်ခဲ့သည်။

အဆိုပါ ရေနစ်မြုပ်သည့် ရပ်ကွက်များနှင့် ကျေးရွာမှ ရေဘေးသင့်ပြည်သူများကို ဩဂုတ် ၂၂ ရက်အထိ အိမ်ထောင်စု ၂၆၇ မှ လူဦးရေ ၁၂၈၀ တို့အား ဩဂုတ် ၂၀ ရက်မှစ၍ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်၊ မြို့နယ်ဌာန ဆိုင်ရာများ၊ စီမံခန့်ခွဲမှုကော်မတီများနှင့် အထောက်အကူပြုအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက် စီမံခန့်ခွဲမှုကော်မတီများက ရေဘေးသင့် အိမ်ထောင်စုဝင်များကို အောင်မင်္ဂလာဇာတ်ရုံ၊ စကားလှဘုရားဓမ္မာရုံနှင့် အမှတ်(၁၅)အမကကျောင်းများနှင့် ကျီကုန်းကျေးရွာ ဘုန်းကြီးကျောင်းများတွင် အချိန်မီပြောင်းရွှေ့နေရာချထားပေးခဲ့သည်။ **(အပေါ်ပုံ)**

ရေဘေးဒုက္ခသည်များကို ခရိုင်၊ မြို့နယ်၊ ရပ်ကွက်စီမံခန့်ခွဲမှုကော်မတီများ၏ကြီးကြပ်မှုဖြင့် ပြည်သူများက ထမင်းထုပ်များ ပေးပို့ခြင်း၊ သောက်ရေသန့်များ ဝေငှခြင်း၊ကျန်းမာရေးဆိုင်ရာလိုအပ်သည်များ ပြုစုစောင့်ရှောက်ခြင်း၊ နေထိုင်စားသောက်ရေး၊ လျှပ်စစ်မီးရရှိရေးများကို စီမံဆောင်ရွက်ပေးခဲ့ပြီး ဌာနဆိုင်ရာများကလည်း ဆန်အိတ်များ လှူဒါန်းကြကြောင်း သိရသည်။

ဂျူနိုင်း

မိုင်းဖြတ်၌ မိုဘိုင်းဖုန်း ဆင်းကတ်များ ရောင်းချပေး

မိုင်းဖြတ် ဩဂုတ် ၂၄

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများဆက်သွယ်ရေး လွယ်ကူစေရန်ရည်ရွယ်ရောင်းချပေးသည့် ငွေကျပ် ၁၅၀၀ တန် GSM မိုဘိုင်းဖုန်း ဆင်းကတ်များကို မိုင်းဖြတ်မြို့နယ်၌ တတိယအကြိမ် ဩဂုတ်လအတွက် ခွဲတမ်း ၂၀၀ ရရှိသဖြင့် ဩဂုတ် ၂၃ ရက်က ဌာနဆိုင်ရာ၊ တပ်နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများကို လျှောက်လွှာတင်ထားသည့်အပေါ် မူတည်၍ အချိုးကျခွဲဝေပေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း အများပြည်သူရှေ့ ထင်သာမြင်သာရှိအောင် မဲနှိုက်ဆောင်ရွက်ပေးသဖြင့် မဲပေါက်သူတို့ ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

သန်းဇော်(မိုင်းဖြတ်)

လျှပ်စစ်သုံးလျှင်
သတိယှဉ်
ဝန်အားမများ
မသုံးရ

ဂုဏ်ယူဝမ်းမြောက်ခြင်း

Customer များ၏ စိတ်ချယုံကြည်အားထားမှုရရှိထားပြီး ၂၀၁၃ခုနှစ် ဩဂုတ် ၂၁ရက်တွင် ပြည့်မြောက်ခဲ့သည့် ၂၁ နှစ်တိုင်အောင် ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိသော CB BANK အတွက် အထူးပင်ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းနှင့် ပြည်တွင်းဘဏ်လုပ်ငန်းများ၊ နိုင်ငံတကာဘဏ်လုပ်ငန်းများကို ယခုထက်ပိုမို၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် အစဉ်ထာဝရ တိုးတက် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်-

- **Tun Foundation Bank Ltd.**
- **Myanmar Golden Star Co., Ltd.**
- **MGS Beverage Co., Ltd.**
- **MGS Food Co., Ltd.**
- **Pioneer Venture Ltd.**
- **Nan Htike Co., Ltd.**
- **Tun Nyunt Co., Ltd.**
- **Star Exploration (Mining) Co., Ltd.**
- **Rice Traders Co., Ltd.**

နိုင်ငံတကာအားကစားသတင်း

၂၀၁၄ ကမ္ဘာ့ဖလားအတွက် ဘရာဇီးပြင်ဆင်နေပြီ

မိုးမြင့်လင်းလက်

၂၀၁၄ ကမ္ဘာ့ဖလားပွဲအောင်မြင်မှုရဖို့အတွက် ဘရာဇီး နည်းပြ စကိုလာရီကို လုပ်ပိုင်ခွင့်အပြည့်အဝပေးထားတယ်လို့ ဘရာဇီးဘောလုံးအဖွဲ့ချုပ်က ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောကြားလိုက်တာကြောင့် ဥရောပလိဂ်ပွဲစဉ်တွေရဲ့ ရာသီအစ သည်းသည်းလှုပ် ရေးသားဖော်ပြမှုတွေကခွဲထွက်ပြီး ဘရာဇီးအသင်းရဲ့ ပြင်ဆင်မှုတွေဘက်ကို စောင်းငဲ့ကြည့်ဖြစ်ခဲ့ပါတယ်။

ဘရာဇီးအသင်းနည်းပြ စကိုလာရီဟာ တကယ်တော့ ခေသူမဟုတ်ဘူးဆိုတာ ဘရာဇီးဘောလုံးအဖွဲ့ချုပ်က ကောင်းကောင်းသိထားပါတယ်။ ၂၀၀၂ခုနှစ်၌ ကမ္ဘာ့ဖလားပွဲမှာ ဘရာဇီးအတွက် ကမ္ဘာ့ဖလားရရှိအောင် ကြိုးစားပေးခဲ့သူဖြစ်ပြီး မကြာမီက ကွန်ဖက်ဒရေးရှင်းဖလားကိုလည်း ပူပူနွေးနွေးရယူပေးထားနိုင်သူ ဖြစ်ပါတယ်။

ဒါပေမယ့် မကြာမီက လန်ဒန်မြို့မှာ အင်္ဂလန်အသင်းနဲ့ ဘရာဇီးတို့ ချစ်ကြည်ရေးခြေစမ်းပွဲ ကစားတဲ့အခါ အင်္ဂလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ရှုံးခဲ့တာမို့ ဘရာဇီးနည်းပြ စကိုလာရီလည်း မျက်နှာပျက်စရာဖြစ်ခဲ့ရပါတယ်။

ဒီလို ရှုံးပွဲကြုံတွေ့ခဲ့ရမှုအပေါ် ဘရာဇီးဘောလုံးအသင်းရဲ့ နည်းစနစ်ပိုင်းဆိုင်ရာကော်မတီရဲ့ အစီရင်ခံစာအရ နည်းပြ စကိုလာရီအပေါ် ဝေဖန်ပြစ်တင်မှုမပြုဘဲ လုပ်ပိုင်ခွင့်ကျယ်ကျယ်ပြန့်ပြန့်ပေးဖို့အတွက်နဲ့ နည်းဗျူဟာအပိုင်းမှာ လွတ်လပ်စွာကိုင်တွယ်စီမံခွင့်ပြုဖို့သာ အကြံပြုခဲ့ပါတယ်။

ဘရာဇီးနည်းပြ စကိုလာရီဟာ ၂၀၁၀ ကမ္ဘာ့ဖလားပွဲမှာ ပါဝင်ကစားခဲ့ဖူးတဲ့ မိုင်ကွန်နဲ့ ဟန်ရီကွီတို့ကို ပြန်လည်ခေါ်ယူထားပါတယ်။

ဘရာဇီးအသင်းအတွက် နေရာစုံမှာ အားနည်းမှု၊ ချို့ယွင်းမှုမရှိအောင် နည်းပြစကိုလာရီ ကြိုးစားနေတာမို့ လာမယ့် စက်တင်ဘာလအတွင်းမှာ ဩစတြေးလျ၊ ပေါ်တူဂီအသင်းတို့နဲ့ ခြေစမ်းပွဲမှာ သေသေချာချာ ပြင်ဆင်ကစားမှာ ဖြစ်ပါတယ်။

ဘရာဇီးအသင်းဟာ စက်တင်ဘာ ၇ ရက်မှာ ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် ဘရာဇီးနိုင်ငံ ဘရာဆီးလီးယားမြို့ မိန်းဂါရင်ချာ အားကစားကွင်းမှာ ဩစတြေးလျအသင်းနဲ့ ကစားဖို့ စီစဉ်ထားပါတယ်။ ဒါ့အပြင် စက်တင်ဘာ ၁၀ ရက်မှာ အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ ဂီလ်လက်တီ အားကစားကွင်းမှာ ဘရာဇီးနဲ့ ပေါ်တူဂီ အသင်းတို့ရဲ့ ချစ်ကြည်ရေး ခြေစမ်းပွဲကို ကစားမှာဖြစ်ပါတယ်။

လောလောဆယ်မှာတော့ နောက်ခံလူ ဒေးဗစ်လုဇ်၊ ညာနောက်ခံလူ အဲလ်ဗက်စ်နဲ့ တိုက်စစ်မှူး ဟော့ခ်တို့ကိုလည်း ပြန်ခေါ်ထားပြီဖြစ်ပါတယ်။ ဂိုးသမားဆီဆာကိုလည်း နည်းပြ စကိုလာရီက ပြန်လည်အသုံးပြုဖို့ စီစဉ်နေပါတယ်။ ဘရာဇီးအသင်းမှာ ဂိုးသမားတွေ အဖြစ် ဆီဆာနဲ့ ဂျက်ဖာဆင်၊ နောက်ခံလူတွေအဖြစ် သီယာဂိုဆေးလ်ဗား၊ ဒေးဗစ်လုဇ်၊ ဒန်တီ၊ ဟန်ရီကွီ၊ အဲလ်ဗက်စ်၊ မိုင်ကွန်၊ မာဆယ်လိုတို့ကို ခေါ်ယူထားပါတယ်။

ခေါ်ယူ

ကွင်းလယ်မှာတော့ ရှက်တာဒိုးနက်မှာ ကစားနေတဲ့ ဖာနန်ဒို၊ လာဇီယိုမှာ ကစားနေတဲ့ ဟာနာနက်စ်၊ ဘိုင်ယန်မြူးနစ်မှာ ကစားနေတဲ့ ဂတ်စ်တာဗို၊ စပါးမှာ ကစားနေတဲ့ ပေါလင်ဟို၊ ချယ်လ်ဆီးမှာ ကစားနေတဲ့ ရာမီးရက်စ်နဲ့ အော်စကာတို့ကို ခေါ်ယူထားပါတယ်။

ဘရာဇီးအသင်း တိုက်စစ်မှာတော့ ဟော့ခ်၊ ဘားနက်၊ နေမာ၊ ဖရက်ဂျို၊ လူးကတ်စ်တို့ကို စကိုလာရီ ရွေးချယ်ထားတာမို့ ဘရာဇီးရဲ့ ခြေစွမ်းကို အကဲခတ်ရမှာ ဖြစ်ပါတယ်။ ။

ဘောလုံးသတင်းအတိုအထွာ

မောင်ချစ်ကြည်

- ရိုးမားတိုက်စစ်မှူး အသက် ၂၁ နှစ်အရွယ်ရှိ လာမီရာကို စပါးက ခေါ်ယူမည်ဖြစ်သည်။
- ရီးရဲမက်ဒရစ်က လီဗာပူးတိုက်စစ်မှူး ဆွာရက်ဇ်ကို ခေါ်ယူရန် ကမ်းလှမ်းမှုကို လီဗာပူးပိုင်ရှင် ဟန်နရီက ငြင်းပယ်လိုက်သည်။
- လီဗာပူးနည်းပြ ရော်ဂျာက ဆားဘီးယားတိုက်စစ်မှူး အသက် ၁၆ နှစ်အရွယ်ရှိ ဇစ်ကိုဗစ်ကို ခေါ်ယူရန် စီစဉ်နေသည်။
- အဲဗာတန်မှ ဘယ်လ်ဂျီယံကစားသမား အသက် ၂၅နှစ်အရွယ်ရှိ ဖယ်လိုင်နီကို မန်ယူက ပေါင် ၂၃ သန်းပေးမည်ဟု ကမ်းလှမ်းထားသည်။
- ရီးရဲမက်ဒရစ် ကွင်းလယ်ကစားသမား ၂၄ နှစ်အရွယ်ရှိ အိုဇီးလ်ကို ပေါင်၃၈သန်း ပေးပါက ရောင်းချမည်ဟု ရီးရဲမက်ဒရစ် တာဝန်ရှိသူများက ပြောကြားသည်။

ဘရာဇီးကွင်းလယ်ကစားသမား ချယ်လ်ဆီးခေါ်ယူ

ချယ်လ်ဆီးက ရုရှားကလပ် အင်ဇီမာခါကာလာအသင်းမှ ကွင်းလယ်ကစားသမား ဝီလျံကို ပေါင်သန်း ၃၀ ဖြင့်စာချုပ်ရန် သဘောတူလိုက်ပြီဖြစ်သည်။ အသက် ၂၅ နှစ်ရှိ ဝီလျံသည် ဗုဒ္ဓဟူးနေ့က ဆေးစစ်ပြီး စပါးသို့ ရောက်ရှိလာသည်။ သို့သော်လည်း ချယ်လ်ဆီးနှင့် ဆက်လက်ဆွေးနွေးပြီး ခေါ်ယူရန်သဘောတူခဲ့သည်။

ချယ်လ်ဆီးနှင့်ပွဲ ရွန်းနေပါဝင်နိုင်

ချယ်လ်ဆီးက တိုက်စစ်မှူးရွန်းနေကို ခေါ်ယူရန်ကြိုးပမ်းနေသော်လည်း ဩဂုတ် ၂၆ ရက်တွင် ချယ်လ်ဆီးနှင့် ယှဉ်ပြိုင်ကစားမည့် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ရွန်းနေပါဝင်နိုင်ကြောင်း မန်ယူနည်းပြဒေးဗစ်မိုယက်စ်က ပြောသည်။ အသက် ၂၇နှစ်အရွယ်ရှိ တိုက်စစ်မှူးရွန်းနေသည် ပြီးခဲ့သော သီတင်းပတ်ကုန်ပိုင်းက ဆွမ်ဆီးကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားခဲ့သည့်ပွဲတွင် နာရီဝက် ပါဝင်ကစားခဲ့သည်။ ဩဂုတ် ၂၆ ရက်ပြိုင်ပွဲအပြီး ချယ်လ်ဆီးက ရွန်းနေကို တတိယအကြိမ်ခေါ်ယူစာချုပ်ရန် ကမ်းလှမ်းလိမ့်မည်ဟု ဆိုသည်။

ဒေါ့မွန်သုံးပွဲဆက်တိုက်နိုင်

ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲများကို ဩဂုတ် ၂၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဒေါ့မွန်က ဝါဒါဘရီမင်ကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ယခုနှစ်ရာသီတွင် သုံးပွဲဆက်တိုက် အနိုင်ရရှိထားသည်။ ပိုလန်တိုက်စစ်မှူး လီဝမ်ဒေါစကီးက ဒေါ့မွန်အတွက် သုံးပွဲကစားရာတွင် နှစ်ဂိုးမြောက် သွင်းယူပေးခဲ့သည်။ နုရီသာဟင်းက မြေမကျဘောဖြင့် ဒေါ့မွန်အတွက် ဂိုးသွင်းယူသော်လည်း ဂိုးမဝင်ခဲ့ပေ။ ဝီဂန်တိုက်စစ်မှူးဟောင်း ဆန်တို့စ်က ဝါဒါဘရီမင်အတွက် ချေပဂိုးသွင်းယူရန် ကြိုးစားခဲ့သည်။ ဒေါ့မွန်အသင်းသည် ၂၀၀၁-၂၀၀၂ ဘောလုံးရာသီအပြီးနောက်ပိုင်း ပထမဆုံးအကြိမ် ရာသီအစအဖွင့်ပွဲ သုံးပွဲ အနိုင်ရလိုက်ခြင်းဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)
ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်း၊ အထူးအဖွဲ့(၁၃)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်အတွင်း တံတားဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက် လုပ်ငန်းအလိုက်/အပိုင်းလိုက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	လုပ်ငန်းအမည်	ပစ္စည်းအမျိုးအမည်(ကျင်း/တန်)				
		ဘိလပ်မြေ ဆင်တံဆိပ်	သစ်မာ	တောသစ်	ချောင်း ကျောက်စရစ်	ချောင်း သဲ
	ငဖဲ-စေတုတ္တရာ-ဆော-ထီးလင်း-ဂန့်ဂေါလမ်း					
၁။	တံတားအမှတ်(၁/၈)တောင်အိုချောင်းတံတား	၁၀၅	-	၂၅	၆၅	၅၀
၂။	တံတားအမှတ်(၁/၆)ကြီးချောင်းတံတား	၅၄	၄၅	၅၈	၅၅	၅၃
၃။	တံတားအမှတ်(၂/၂၄)	၁၃၀	-	၃၀	၈၀	၆၀
	ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်း					
၄။	တံတားအမှတ်(၁/၁၀၀)	၃၅၀	-	၉၀	၂၄၀	၁၅၀
၅။	တံတားအမှတ်(၁/၁၀၇)	၁၃၀	-	၃၀	၈၀	၆၀
၆။	တံတားအမှတ်(၂/၁၁၃)	၁၇၀	-	၄၀	၁၀၄	၈၀
၇။	တံတားအမှတ်(၁/၁၁၅)	၁၀၅	-	၂၅	၆၅	၅၀
၈။	တံတားအမှတ်(၁/၁၁၇)	၁၀၅	-	၂၅	၆၅	၅၀
	ဆိပ်ဖြူ-ဆော-ကန်ပက်လက်လမ်း					
၉။	တံတားအမှတ်(၁/၅၆)	၁၀၅	-	၂၅	၆၅	၅၀
၁၀။	တံတားအမှတ်(၆/၆၁)	၁၀၅	-	၂၅	၆၅	၅၀
၁၁။	တံတားအမှတ်(၄/၆၄)	၁၃၀	-	၃၀	၈၀	၆၀
	ကျောက်ထု-ဆောလမ်း					
၁၂။	တံတားအမှတ်(၂/၁၆)	၁၃၀	-	၃၀	၈၀	၆၀
	ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်း					
၁၃။	တံတားအမှတ်(၆/၇၈)ဂုံဘိုတံတား	၉၅	၈၂	၁၀၂	၉၇	၉၃

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၆-၈-၂၀၁၃ ရက်
တင်ဒါပုံစံရောင်းချမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ဂန့်ဂေါခရိုင်၊ မကွေးတိုင်းဒေသကြီး
နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန် - ၅-၉-၂၀၁၃ ရက်၊ မွန်းတည့် ၁၂ နာရီ
တင်ဒါဖွင့်မည့် ရက်/အချိန် - ၅-၉-၂၀၁၃ ရက်၊ မွန်းလွဲ ၁၄း၀၀ နာရီ
တင်ဒါဖွင့်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ဂန့်ဂေါခရိုင်၊ မကွေးတိုင်းဒေသကြီး
အသေးစိတ်သိရှိလိုပါက - ဖုန်း-၀၉-၅၁၈၃၇၀၇၊ ၀၆၂-၅၀၀၂၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ သမိုင်း၊ မြေကွက်အမှတ် ၂၆+၂၇၊ ဧရိယာ ၀ ဒသမ ၂၆၃ ဧက၊ နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဦးကိုကိုကျော်+၂ ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းစာချုပ် ၂၈၆၇/၂၀၁၃ တင်ပြ၍ ဦးစိုးမျိုးထွန်း(ခ) ဦးသာထက် ၁၂/မရက(နိုင်)၀၀၀၄၅၅ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

မြေကွက်များဝယ်လိုသည်

၀၉-၄၄၈၀၂၅၇၇၂
၀၉-၄၂၈၈၈၇၀၂၀
၀၉-၇၃၂၃၄၆၅၆
၀၉-၇၃၂၂၉၉၆၅

ဈေးပြိုင်တင်ဒါခေါ်ယူခဲ့ခြင်းအား ပယ်ဖျက်ခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ တင်ဒါစိစစ်ရေးအဖွဲ့မှ ၁၈-၈-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် သိုလှောင်ရုံ(၂၄)လုံး၊ ဝန်ထမ်းအိမ်ရာတစ်လုံးတို့အား ဈေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။ အဆိုပါ Lot(5)တွင် ပါဝင်သော မကွေးတိုင်းဒေသကြီး၊ မကွေးမြို့မှ သိုလှောင်ရုံလေးလုံးနှင့် ဝန်ထမ်းအိမ်ရာတစ်လုံးတို့မှာ ပြည်ထောင်စုဝန်ကြီးဌာနအချင်းချင်း လွှဲပြောင်းပေးအပ်ရန်ကိစ္စပေါ်ပေါက်လာပါသဖြင့် ၄င်းLot(5)အား ဈေးပြိုင်တင်ဒါရောင်းချခြင်းမှ ပယ်ဖျက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမြန်ပြန်လာပါ

မမေသီတာစိုး(ခ)ဗိုလ်မ အသက်(၃၂)နှစ် ၁၂/သဃက(နိုင်)၁၅၈၈၅၇သည် ၁-၈-၂၀၁၃ရက် ၀၉း၀၀နာရီအချိန်က ပျောက်ဆုံးသွားပါသဖြင့် အမြန်ပြန်လာပါ။

ဖြားယောင်း၊ သွေးဆောင်၊ လက်ခံ အရေးယူမည်။

တွေ့ရှိက အကြောင်းကြားပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။

ဦးလွင်မိုး
ဖုန်း-၀၉-၄၃၀၈၈၃၁၄

'ကံကောင်း'

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်
သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ(၃)၊ (၂)၊ (၁)
အောင်ချမ်းသာတိုးချဲ့၊ V.I.P အကွက်များ၊ လုံးချင်းတိုက်များ
သန်လျင်၊ ကျောက်တန်းမြေကွက်များရောင်းဝယ်ရန်ရှိသည်။
(သန်လျင်၊ ကျောက်တန်း၊ သီလဝါသီးသန့်)
ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉၊ ၀၉-၄၂၀၁၈၅၅၇၇
၀၉-၄၄၀၀၀၅၀၁၈၊ ၀၉-၇၃၂၂၇၅၅၆

ကျေးဇူးဆပ်ပါမည်

ကျွန်တော် တင်စိန် ၁၂/ဥကတ(နိုင်)၀၆၃၂၅၅ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၃၁၀၇၃၃၈၁

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ပြည့်အောင် ၁၀/သဖရ(နိုင်)၀၉၁၅၂၉ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၃၁၀၇၃၃၈၁

ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့နယ်(ခွဲ)၊ သပြေကုန်းကျေးရွာနေ နော်နန္ဒာမွန် ၃/ ဘသဆ(နိုင်)၀၀၆၃၈၅ ၏ ဖခင်အမည်မှန်မှာ ဦးဖိုးဘဲ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ချမ်းသာရွှေပြည်အိမ်ရာစီမံကိန်းဝင်း၊ မြေကွက်အမှတ်(H-28)၊ အကျယ်အဝန်း(၇၅ပေ×၇၅ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကေသီလှိုင် ၁၂/စခန(နိုင်)၀၁၉၀၃၃ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း မူရင်းအထောက်အထားစာရွက်စာတမ်းများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ညိုမာသွယ်(LL.B, D.B.L)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၈၈)
အခန်း(၁၄-က)၊ ဒုတိယထပ်၊ အမှတ်(၈၃)၊ ပန်းဆိုးတန်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၂၁၈၁၅

မူလတန်းကျောင်းသားဗဟိုပြုသင်ကြားမှုစနစ် CCA မင်္ဂလာတောင်ညွန့်၌ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံတွင် ကျောင်းနေအရွယ်ကလေးများ စာတတ်မြောက်ရေး၊ ကလေးများ အခမဲ့ပညာသင်ကြားရေးစီမံကိန်းများ ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ကျောင်းသားဗဟိုပြုသင်ကြားမှုစနစ် Child Centered Approach (CCA) စီမံကိန်းကို စတင်ခဲ့သည်။ မင်္ဂလာတောင်ညွန့်မြို့နယ် ပညာရေးမှူး ဒေါ်တင်နွဲ့က CCA ဖော်ဆောင်သည့်အခြေအနေကို ရှင်းပြသည်။

"ဆရာမကြီးတို့မြို့နယ်မှာ CCA လုပ်ဆောင်ဖို့အတွက် မင်္ဂလာတောင်ညွန့်အရှေ့ခြမ်း၊ အလယ်ခြမ်း၊ အနောက်ခြမ်းအုပ်စု သုံးစုခွဲထားတယ်။ ကျောင်းတိုင်းမှာတစ်ပတ်တစ်ကြိမ်၊ အုပ်စုတွင်းမှာ တစ်လနှစ်ကြိမ်လုပ်ဖြစ်တယ်။ အလှည့်ကျကျင်းပတဲ့ ကျောင်းမှာ လက်တွေ့အနေနဲ့ ကျောင်းသားလေးတွေကို ဆရာမတစ်ယောက်က သရုပ်ပြအနေနဲ့အကြောင်းအရာတစ်ခု ချပြတယ်။ ကလေးတွေကဆွေးနွေးတယ်။ သူတို့ရဲ့စိတ်ကူးလေးတွေနဲ့ စဉ်းစားတယ်။ ပြီးတော့ ဆရာမက ရှင်းပြ၊ မှတ်ချက်ပေးတယ်။ လာတဲ့ ဆရာ ဆရာမတွေက ဝိုင်းဝန်းအကြံပေးတယ်။ ဒီလိုလုပ်ဆောင်ရတာကတော့ ဆရာ ဆရာမတွေအနေနဲ့ ကိုယ့်ကျောင်းမှာပဲကိုယ်သင်တဲ့အခါကျ ကိုယ့်အမြင်ပဲရှိတဲ့အတွက် ဒီလိုအုပ်စုတွင်းဆွေးနွေးပွဲတွေမှာ ကိုယ့်အမြင် သူ့အမြင်ပေါင်းစပ်လိုက်တော့ အားနည်းချက်၊ အားသာချက်၊ ကောင်းမွန်တဲ့သင်ကြားနည်းတွေ၊ အကြံဉာဏ်ကောင်းတွေ ဖလှယ်ရရှိပြီး စာသင်တဲ့အခါ အထောက်အကူပြုတာပေါ့"ဟု ပြောကြားခဲ့သည်။

ယခင်နှစ်ပေါင်းများစွာမှ လွန်ခဲ့သည့်နှစ် အနည်းငယ်ခန့်အထိ မြန်မာနိုင်ငံရှိကျောင်းများတွင် ကျင့်သုံးသင်ကြားနေဆဲ ဆရာဗဟိုပြုသင်ကြားနည်း Teaching Centered Approach (TCA) နှင့် လက်တွေ့ကျယ်ပြန့်လာအောင် စီစဉ်လျက်ရှိသော ကျောင်းသားဗဟိုပြုသင်ကြားနည်း Child Centered Approach (CCA)တို့ကွာခြားချက်ကိုလည်း ဆရာမကြီးဒေါ်တင်နွဲ့က သုံးသပ် ပြောကြားသည်။

"ဒီစနစ်က ပိုကောင်းတယ်။ ဆရာမကြီးတို့လက်ထက်ကတည်းကဆိုရင် ဆရာပြောပြ၊ ရေးပြတာကိုပဲ မှတ်သားကျက်မှတ်နေခဲ့တာ။ အခု ဒါအစား ကလေးတွေကို ဆရာချပြလိုက်တဲ့အကြောင်းအရာတစ်ခုပေါ်မှာ အမြင်တွေဆွေးနွေးကြတဲ့အခါ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရတဲ့အတွက်ပျော်လာမယ်။ သင်ခန်းစာအပေါ် စိတ်ဝင်စားလာမယ်။ အရင်ကထက်စာရင် ပိုမှတ်မိသွားတယ်။ အထူးသဖြင့် ကျက်မှတ်ရတဲ့ ဘာသာရပ်တွေအတွက် ပိုပြီးအထောက်အကူပြုစေတယ်။ ဒါ့ကြောင့် ခေတ်ဟောင်း ပုံစံပြန်မသွားအောင် ဆရာ ဆရာမတွေကို အဓိကမှာကြားရတယ်"။

CCAစနစ်ကို၂၀၁၁-၂၀၁၂ခုနှစ်၌စီမံကိန်းရေးဆွဲခဲ့ကာ စတင်အကောင်အထည်ဖော်ခဲ့သည်။ သို့ရာတွင် တစ်နိုင်ငံလုံးအနေဖြင့်မူ လက်တွေ့အကောင်အထည်ဖော်ရန် ကြိုးပမ်းနေရဆဲဖြစ်ကြောင်း လက်ထောက်မြို့နယ်ပညာရေးမှူး ဦးသိန်းဇော်က ရှင်းပြသည်။

"ဆရာ ဆရာမတွေကို ပြောင်းလဲလာတဲ့စနစ်အပေါ်မှာ အာရုံစိုက်စေချင်တယ်။ ကလေးတွေသင်ကြားတဲ့အခါမှာ စိတ်စေတနာနဲ့ တကယ်တတ်မြောက်စေချင်တဲ့စိတ်နဲ့ သင်ကြားပေးစေချင်ပါတယ်"ဟု လက်ထောက်မြို့နယ်ပညာရေးမှူးက၄င်း၏အမြင်ကို သုံးသပ်ခဲ့သည်။

မြတ်စန္ဒီသင်းဇော်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

အပတ်စဉ်လူနာ၂၀၀ ကို ဆေးကုသပေးလျက်ရှိသည့် ဇမ္ဗူထိန်လင်းကျောင်းတိုက်

ဖျာပုံ ဩဂုတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ဇမ္ဗူထိန်လင်းကျောင်းတိုက်ရှိ ဇမ္ဗူသုခကုသိုလ်ဖြစ်ဆေးခန်းက အပတ်စဉ်လူနာပေါင်း ၂၀၀ ကျော်ကို အခမဲ့ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆေးခန်းကို ဇန်နဝါရီ ၁ ရက်က အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်ဆေးကုသပေးခဲ့ရာ ဇူလိုင်လကုန်အထိ လူနာဦးရေ ၅၀၀၀ ကျော်ကို အခမဲ့ဆေးကုသပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

အကုန်အကျခံ

ဆေးခန်း၌ မြို့ပေါ်ရှိဒေသခံဆရာဝန်များနှင့် ဆေးရုံမှ ဆရာဝန်များက မိမိတို့ဆန္ဒအလျောက် အလှည့်ကျလာရောက်ကာ တစ်နေ့လျှင် လူနာနှစ်ရာကျော်ကို အခမဲ့စမ်းသပ်ကုသပေးလျက်ရှိပြီး လူနာများအတွက် ဆေးဝါးအပြင် လိုအပ်ပါက ECG၊ ဓာတ်ခွဲ၊ ဓာတ်မှန်စသည့် စမ်းသပ်စစ်ဆေးခြင်းများကို ဆေးခန်းက အကုန်အကျခံကုသပေးနေကြောင်း ဇမ္ဗူသုခဆေးခန်းမှ ကိုဝီချိုင်း (ကြိုးကြာလျှပ်စစ်)က ပြောသည်။

"ကျွန်မဆေးလာပြတာ နှစ်ကြိမ်ရှိပါပြီ။ အဆင်ပြေပါတယ်။ အခုလို အခမဲ့ဆေးကုသပေးတဲ့အတွက် ငွေကြေးချို့တဲ့သူတွေအနေနဲ့ ကျေးဇူးတင်ပါတယ်" ဟု ဖျာပုံမြို့နယ် သရက်ပင်ဆိပ်ကျေးရွာမှ လူနာတစ်ဦးကပြောသည်။

ဆေးခန်းကုန်ကျစရိတ်မှာ တစ်ပတ်လျှင် ငွေကျပ်သုံးသိန်းမှ လေးသိန်းအထိရှိပြီး လစဉ်အလှူရှင်များကလှူဒါန်းကြပြီး မွေးနေ့၊ မင်္ဂလာဦးအလှူစသည့် အထိမ်းအမှတ်အဖြစ် တစ်နေ့ကုန်ကျစရိတ်အားဖြင့် လာရောက်လှူဒါန်းငွေများမှ ကျခံသုံးစွဲလျက်ရှိကြောင်း အဆိုပါဆေးခန်းမှ ကိုဝဏ္ဏထွန်းက ပြောပြသည်။ **(အပေါ်ပုံ)**

ဇမ္ဗူသုခဆေးခန်းသို့ ဖျာပုံမြို့ပေါ်ရှိ လူနာများအပြင် ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ ကျိုက်လတ်စသည့်မြို့နယ်များအတွင်းကျေးရွာများက လူနာများလည်း လာရောက်ကုသမှုခံယူနေကြပြီး ဆေးခန်းမှ လူမျိုးဘာသာ မရွေး မည်သူ့ကိုမဆို အခမဲ့ဆေးကုပေးလျက်ရှိကြောင်းနှင့် ဆေးခန်းသို့ ဆက်သွယ်လိုပါက ဦးသောင်းရှိန် ဖုန်း-၀၄၅-၄၀၁၈၈၊ ကိုမျိုးဝင်းထိုက် ဖုန်း-၀၉-၄၅၁၂၃၀၆၃၆၊ ကိုဝီချိုင်း (ကြိုးကြာလျှပ်စစ်) ဖုန်း၀၉-၄၂၂၄၇ ၈၈၉၉၊ကိုဝဏ္ဏထွန်းဖုန်း၀၉-၄၂၂၄၆ ၅၄၉၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **သူဇာနွယ်(ဖျာပုံ)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ရခိုင်ပြည်နယ်အတွင်း တည်ဆောက်မည့် ၂၃၀ ကေဗွီဓာတ်အားလိုင်းများအတွက် ကြိုးဆွဲလုပ်ငန်းသုံး Tools & Equipments များကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက်	-	၂၃-၈-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်	-	၁၆-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန်	-	၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်(ဗန်းမော်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(ဗန်းမော်)အတွက် အောက်ဖော်ပြပါပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	ဗီရို(Leeco)(၃ပေ×၁ပေ×၆ပေ)	၅လုံး
(၂)	မှန်ဗီရို(၆ပေ×၃ပေ×၁ပေ ၆ လက်မ)	၅လုံး
(၃)	ဖိုင်တင်စင်(၆ပေ×၄ပေ×၁.၆ပေ)	၅လုံး
(၄)	ဖိုင်တင်စင်(၃ပေ×၁ပေ×၃ပေ)	၅လုံး
(၅)	စားပွဲ(၅ပေ×၃ပေ×၂ပေ ၆လက်မ)	၆လုံး
(၆)	ခုတင်(၆.၆ ပေ×၃.၆ ပေ×၁.၆ ပေ)	၂၀ လုံး
(၇)	ပလတ်စတစ်ထိုင်ခုံ(လက်တန်းမပါ)	၁၀၀ လုံး
(၈)	Stage ခုံ(၈ပေ×၄ပေ×၆လက်မ)	၁၀လုံး
(၉)	White Board (တပ်ဆင်ခြင်းအပါအဝင်)(၁၆ ပေ×၄ပေ)	၅လုံး
(၁၀)	Aluminum Ladder(2 Way Combination) (၁၄ပေ)	၁ ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(ဗန်းမော်)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၃-၉-၂၀၁၃ ရက် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(ဗန်းမော်) ဖုန်း-၀၉-၆၄၂၂၃၅၄၊ ၀၉-၃၆၀၆၈၀၅၄၊ ၀၇၄- ၅၀၂၇၀ တွင် စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
နည်းပညာတက္ကသိုလ်(ဗန်းမော်)

ကျန်းမာရေးဝန်ကြီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး ဆေးသိပ္ပံပညာဦးစီးဌာန
မုံရွာသူနာပြုနှင့်သားဖွားသင်တန်းကျောင်း
အဆောက်အအုံဆောက်လုပ်ရေးအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မုံရွာသူနာပြုနှင့် သားဖွားသင်တန်းကျောင်းတွင် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း၊ အုတ်တံတိုင်းကာရံခြင်း၊ သွပ်ဆူးကြိုးတပ်ဆင်ခြင်း၊ သင်တန်းသူ အိပ်ဆောင်ဆေးသုတ်ခြင်းနှင့် Aluminium Partition ကာရန်ခြင်းဆိုင်ရာဆောက်လုပ်ရေးလုပ်ငန်း(၅)ရပ်အား အိတ်ဖွင့်တင်ဒါဖြင့် လုပ်ငန်းအပ်နှံလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများတင်သွင်းမည့် ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ ကြော်ငြာခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၂၈-၈-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၇-၉-၂၀၁၃ရက် ညနေ ၄ နာရီ

၃။ တင်ဒါလျှောက်လွှာပုံစံကို စစ်ကိုင်းတိုင်းဒေသကြီး ဆေးသိပ္ပံပညာဦးစီးဌာန မုံရွာသူနာပြုနှင့်သားဖွားသင်တန်းကျောင်းတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါကြောင်းနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မုံရွာသူနာပြုနှင့်သားဖွားသင်တန်းကျောင်း ကျောင်းအုပ် ရုံးဖုန်း-၀၇၁-၂၂၄၂၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ
ပုံစံ(၈)ဝင် ထင်း/မီးသွေးများ
ရောင်းချရန် လေလံကြော်ငြာ

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ ဖမ်းဆီးရမိသော အောက်ဖော်ပြပါပုံစံ(၈)ဝင် ထင်း/မီးသွေးများကို သစ်တောဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး၊ အစည်းအဝေးခန်းမ၌ ၂၈-၈-၂၀၁၃ရက် နံနက် ၁၀နာရီတွင် မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	မြို့နယ်	ထင်း(တန်)	မီးသွေး(တန်)	မီးသွေးအမှုန့်(တန်)
၁။	လှည်းကူး	(၅၈.၇၁၃၆)	(၈၅.၃၃)	(၁၈.၆၇)တန်
၂။	တိုက်ကြီး	(၁၁၈.၉၉၁၃)	-	-
၃။	မှော်ဘီ	-	-	(၂၁.၂၀)တန်
	စုစုပေါင်း	**(၁၇၇.၇၀၃၉)တန်**	**(၈၅.၃၃)တန်**	**(၃၉.၈၇)တန်**

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် ၂၅-၈-၂၀၁၃ရက်မှစ၍ ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး ဖုန်း-၀၁-၆၄၄၁၉၇၊ ၀၁-၆၈၃၅၆၅နှင့် သက်ဆိုင်ရာမြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိရုံးများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးကော်မတီ

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
စက်ရုံ(၂)ရုံနှင့် စက်ရုံခွဲ(၁)ရုံအား ပုဂ္ဂလိကသို့ အကျိုးတူ/ငှားရမ်းရန်အတွက်
တင်ဒါဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ စက်ရုံ(၂)နှင့် စက်ရုံခွဲ (၁)ရုံတို့အား အကျိုးတူ/ငှားရမ်းရန်အတွက် စိတ်ပါဝင်စားသူ ပုဂ္ဂလိကပြည်တွင်း ပြည်ပလုပ်ငန်းရှင်များမှ ၁၈-၉-၂၀၁၃ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

(၁) အမှတ် (၃) အထည်စက်ရုံ (စစ်ကိုင်း)
(၂) အမှတ် (၁၁) အထည်စက်ရုံ (ပခုက္ကူ)
(၃) အမှတ် (၃) အထည်စက်ရုံခွဲ (စစ်ကိုင်း)

ဆက်သွယ်ရမည့်လိပ်စာ - ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊
အပြည့်အစုံ အထည်အလိပ်လုပ်ငန်း၊
ရုံးအမှတ် ၃၇၊ နေပြည်တော်၊ စက်မှုဝန်ကြီးဌာန၊
ဖုန်း-၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၈၅

မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှု သင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းဌာန(ရန်ကုန်)တွင် ဖွင့်လှစ်သွားပါမည်။

စဉ်	သင်တန်းအမျိုးအစား	အနည်းဆုံးပညာအရည်အချင်း
၁။	ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁)	ဒုတိယနှစ်၊ ဘွဲ့ရများ
၂။	အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း(အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၃။	အစားအစာနှင့်အဖျော်ယမကာဧည့်ခံကျွေးမွေးရေး သင်တန်း(အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၄။	အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေး သင်တန်း(အဆင့် ၁)	တက္ကသိုလ်ဝင်တန်း
၅။	အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း (အဆင့် ၁)	ဤသင်တန်းဌာနမှအခြေခံ (အဆင့် ၁)အစားအစာ ထုတ်လုပ်ရေးသင်တန်းတက်ရောက်ပြီးသူဖြစ်ရမည်။
၆။	ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း(အဆင့် ၂)	
	(စီမံ/ဘဏ္ဍာ)	-စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့)ဘွဲ့တစ်ခုခုရပြီးစာရင်းကိုင် ပညာအခြေခံကျွမ်းကျင်သူ။
	(အခန်းဌာန)	-တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏
	(အစားအစာနှင့်အဖျော်ယမကာဌာန)	အဆင့် (၁) သင်တန်းတစ်ခုအောင်မြင်ပြီးသူ(သို့)တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။

သင်တန်းကာလ - ၁၆-၉-၂၀၁၃ရက်မှ ၈-၁၁-၂၀၁၃ရက်အထိ

သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်

လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာပူးတွဲတင်ရမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၄၈၃၆

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

မူဆယ်ခရိုင်၌ ချို့တဲ့လူနာများအား ထောက်ပံ့

မူဆယ် ဩဂုတ် ၂၄

မူဆယ်ခရိုင် မူဆယ်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ဩဂုတ် ၂၀ ရက် မွန်းလွဲ ၂ နာရီက မူဆယ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာအေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ပပမင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စုပေါင်း၍ မူဆယ်ခရိုင်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသော ချို့တဲ့လူနာ ၁၆ ဦးကို ငွေနှင့် အာဟာရဖြစ်စေမည့် အစားအသောက်များ လာရောက်လှူဒါန်းသွားကြောင်း သိရသည်။

လူနာများအတွက် အာဟာရကြက်သားဆန်ပြုတ် ငါးရက်စာကိုလည်း ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌမှ လှူဒါန်းခဲ့ပြီး ဆက်လက်၍ မိုင်းယု ၁၀၅ မိုင် သုဝဏ္ဏသိင်္ဂီ သီလရှင်စာသင်ကျောင်းတွင် စာအုပ်များ၊ စာရေးကိရိယာများ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

သိန်းဇော်(ရွှေလီဦး)

ဒလ၌ ကျောင်းပြင်ပ မူလတန်းပညာရေး ကျောင်းအုပ်ကြီးများ စွမ်းဆောင်ရည်မြှင့်တင်

ဒလ ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီးအတွင်း အသက် ၁၀ နှစ်မှ ၁၄ နှစ်အကြား အခြေခံပညာကျောင်းများ မတက်ရောက်နိုင်သူများကို သင်ကြားခွင့်ရရှိစေရန် ကျောင်းပြင်ပ မူလတန်းပညာရေးကို Unicef နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်က စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ဩဂုတ် ၁၈ ရက် ညနေ ၅ နာရီက ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကျောင်းပြင်ပမူလတန်းပညာရေး အခြေစိုက်စခန်း ကျောင်းအုပ်ကြီးများ စွမ်းဆောင်ရည်မြှင့် သင်တန်းဆင်းပွဲကို ဒလမြို့နယ် အမက(၇) ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ပေးအပ်

သင်တန်း တက်ရောက်လာကြသော ကော့မှူး၊ ကွမ်းခြံကုန်း၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ဒလမြို့နယ်တို့ရှိ ကျောင်းပြင်ပ မူလတန်းပညာရေးအခြေစိုက်စခန်းများက သင်တန်းတက်ရောက်သော ကျောင်းအုပ်ကြီးများအား မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး သင်တန်းသား ကျောင်းအုပ်ဆရာကြီး ဦးဆန်းဝင်းက ကျေးဇူးတင်စကားပြောကြားကာ ကလေးများအတွက် ဒီနေ့ (Today) သီချင်းများဖြင့် သီဆို၍ အခမ်းအနားကို ပိတ်သိမ်းခဲ့သည်။

တက်ရောက်

အဆိုပါ စွမ်းဆောင်ရည်မြှင့် သင်တန်းကာလမှာ နှစ်ရက်ဖြစ်ပြီး တောင်ပိုင်းခရိုင်(ခ) မြို့နယ် ငါးမြို့နယ်ရှိ ကျောင်းအုပ် ၂၇ ဦး သင်တန်း တက်ရောက်ခဲ့ကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင် (ခ) ကျောင်းပြင်ပ မူလတန်းပညာရေး အခြေစိုက်စခန်းတို့မှာ ဒလမြို့နယ်တွင် ခြောက်ကျောင်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် ခြောက်ကျောင်း၊ တွံတေးမြို့နယ်တွင် သုံးကျောင်း၊ ကွမ်းခြံကုန်းမြို့နယ်တွင် ခြောက်ကျောင်းနှင့် ကော့မှူးမြို့နယ်တွင် ခြောက်ကျောင်း စုစုပေါင်း အခြေစိုက်စခန်း ၂၆ ကျောင်း ရှိကြောင်း သိရသည်။

သန်းဌေး(ဒလ)

ပဌမအကြိမ်မြောက် ကရင်ရိုးရာ လက်ချည်ဖြူဖွဲ့မင်္ဂလာကျင်းပ

ကျိုက်ထို ဩဂုတ် ၂၄

ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးဘုရားလမ်းရှိ ဆိပ်ဖူးတောင်လူငယ်ပရဟိတဂေဟာ၌ ဆိပ်ဖူးတောင်ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီက ဦးစီးကျင်းပသည့် ပဌမအကြိမ်မြောက် ကရင်ရိုးရာလက်ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက ဆိပ်ဖူးတောင်လူငယ်ပရဟိတဂေဟာ၌ ကျင်းပရာ ဆိပ်ဖူးတောင် ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဇောတိက၊ မွန်ပြည်နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစောမြင့်ဆွေနှင့် ကော်မတီဝင်များ၊ (၈၈) မျိုးဆက်သစ်ကျောင်းသားခေါင်းဆောင် ကိုကိုကြီးနှင့်အဖွဲ့ဝင်များ၊ ဆိပ်ဖူးတောင် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစောမျိုးချစ်နှင့် ကော်မတီဝင်များ၊ အနုပညာရှင်များ၊ လူငယ်ပရဟိတဂေဟာမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ဖိတ်ကြားထားသူများ အပါအဝင် စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ထိန်းသိမ်း

အခမ်းအနားတွင် ဆိပ်ဖူးတောင်ဆရာတော် ဘဒ္ဒန္တဇောတိကမှ ဩဝါဒစကားမြွက်ကြားပြီး ဦးစောမြင့်ဆွေက လက်ချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ ဦးစောမျိုးချစ်က ကရင်စာပေနှင့်ယဉ်ကျေးမှုအခွန့်ရှည်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ကြရန်လိုကြောင်း၊ (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုကိုကြီးက ဉာဏ်ပညာနှင့် ချစ်ခြင်းတရားကို အခြေပြုပြီး ကရင်ရိုးရာလက်ချည်ဖြူဖွဲ့ မင်္ဂလာပွဲအား အရှည်သဖြင့် ကျင်းပနိုင်ရေး ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း၊ တိုင်းရင်းသားများအတွက် အရေးကြီးဆုံးဖြစ်သည့် ပညာရေးကဏ္ဍဖြင့် နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် တိုင်းရင်းသားအားလုံး သွေးစည်းညီညွတ်ရန်လိုအပ်ကြောင်း၊ အထူးသဖြင့် ကလေးငယ်များ ပညာသင်ကြားနိုင်ရေးသည် အဓိကအချက်ဖြစ်ပြီး ပညာရေးဖြင့် နိုင်ငံတော်ကို တည်ဆောက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ တက်ရောက်လာသည့် ကရင်တိုင်းရင်းသား တိုင်းရင်းသူများက တိုင်းရင်းသားတွေ ညီညွတ်ကြပါစေသီချင်းကို ကရင်ဘာသာဖြင့် သီဆိုအပြီး တစ်ဦးနှင့်တစ်ဦး လက်ချည်ဖြူဖွဲ့ (ပိုးကြိုးအဖြူနှင့်အနီ)တို့ကို လက်ကောက်ဝတ်တွင် ချည်နှောင်ခဲ့ကြပြီး ရွှေသံစဉ်တေးဂီတအဖွဲ့က သီချင်းများ သီဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တောတောင်ပျက်ပြုန်း မြေဆီသုဦး၏

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(တောင်ကြီး)တွင် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမည်
၁။	နည်းပညာတက္ကသိုလ်(တောင်ကြီး) အေးသာယာ	အိမ်သာကန်ပြင်ဆင်ခြင်း (အမျိုးသမီးဆောင်)
၂။	နည်းပညာတက္ကသိုလ်(တောင်ကြီး) အေးသာယာ	ခြံစည်းရိုးကာရံခြင်း

၂။ အိတ်ဖွင့်တင်ဒါကို ၂-၉-၂၀၁၃ရက် ညနေ ၄း၃၀နာရီနောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်သည်။ တင်ဒါကို ၅-၉-၂၀၁၃ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

၃။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဖုန်း-၀၉-၅၂၁၄၃၇၆၊ ၀၈၁-၂၁၂၇၆၈၅၊ ၀၈၁-၂၁၂၇၆၇၆

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စီမံကိန်းများ ရုံးခွဲများတွင် အသုံးပြုရန်လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာဒေသပစ္စည်း သို့လှောင်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

လျှပ်စစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းသုံးပစ္စည်း၊ သတ္တုထည့်အိတ်ခွံနှင့် ဆက်စပ်ပစ္စည်း၊ ဆေးနှင့်ဆေးဝါးပစ္စည်း၊ Printer/Copier/Fax/Computer ဆက်စပ်ပစ္စည်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်း၊ စက္ကူနှင့် စာရေးကိရိယာပစ္စည်း၊ စက်ဆီ/ချောဆီပစ္စည်း၊ Tyre & Battery ပစ္စည်း၊ ရုံးအသုံးအဆောင်/ဧည့်ရိပ်သာသုံးပစ္စည်းများ၊ သုတ်ဆေးများနှင့် ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ။

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၂၆-၈-၂၀၁၃ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၃-၉-၂၀၁၃ ရက်

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာနှင့် နယ်စီမံကိန်း/ရုံးခွဲများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

(က) အမှတ်(၂) သတ္တုတွင်းလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ် ၁၉၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၉၃၉၁

(ခ) နေပြည်တော်သတ္တုတွင်းစီမံကိန်းရုံး (ပျဉ်းမနား)၊ ပုဗ္ဗသီရိမြို့နယ်။ ဖုန်း-၀၆၇-၂၂၁၂၆

(ဂ) ခဲမဖြူသတ္တုစင်စက်ရုံ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၅၆-၂၁၀၂၉

(ဃ) အထွေထွေမန်နေဂျာ (တနင်္သာရီတိုင်းဒေသကြီး)ရုံး၊ ထားဝယ်မြို့။ ဖုန်း-၀၅၉-၂၁၁၀၀

(င) ဒုအထွေထွေမန်နေဂျာ (တနင်္သာရီတိုင်းဒေသကြီး)ရုံး၊ မြိတ်မြို့။ ဖုန်း-၀၅၉-၄၂၂၉၄

(စ) အထွေထွေမန်နေဂျာရုံး (ကယား၊ ရှမ်း၊ မန်း)မန္တလေးမြို့။ ဖုန်း-၀၂-၅၉၈၇၅

(ဆ) ကယားပြည်နယ်၊ မော်ချီးသတ္တုတွင်းစီမံကိန်း၊ လွိုင်ကော်ရုံးခွဲ၊ လွိုင်ကော်မြို့။ ဖုန်း-၀၈၃-၂၁၀၇၆

(ဇ) စစ်ကိုင်းတိုင်းဒေသကြီး သတ္တုတွင်းစီမံကိန်းရုံး၊ မုံရွာမြို့။ ဖုန်း-၀၇၁-၂၂၉၇၀

(ဈ) အထွေထွေမန်နေဂျာရုံး (ကချင်ပြည်နယ်)၊ မြစ်ကြီးနားမြို့။ ဖုန်း-၀၇၄-၂၆၃၀၄

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန
နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၉၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းပိုင် ဆိပ်ခံဘော (Pontoon) (၁၆၀'×၈၀'×၇')အား လွှန်းတင်ပြင်ဆင်ခြင်း၊ ဆိပ်ကမ်းတွင်ပြန်လည်တပ်ဆင်ခြင်းလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ တင်ဒါပုံစံများကို ၂၂-၈-၂၀၁၃ရက်မှ ၃၀-၈-၂၀၁၃ရက်အထိ ရုံးအမှတ် (၄၁) နေပြည်တော်တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ ၃၀-၈-၂၀၁၃ရက် ညနေ ၁၆း၀၀နာရီ ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၃၆၀နှင့် ၀၆၇-၄၀၈၂၀၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂)ပဲခူး(ဘုရားကလေး) အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း (တင်ဒါအမှတ် ၁/၂၀၁၃)

၁။ ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂)မှ ဆောင်ရွက်နေသော ရွှေကျင်မြို့နယ်၊ ညောင်လေးပင်-ပုဇွန်မြောင်း-မဒေါက်လမ်းပေါ်ရှိ မဒေါက်ကလေးတံတား တည်ဆောက်ခြင်းလုပ်ငန်းအတွက် (၂၀၁၃-၂၀၁၄) ဘဏ္ဍာရေးနှစ် ရရှိရန်ပုံငွေအရ အောက်ဖော်ပြပါပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) မြစ်ကျောက်စရစ်		၁၀၀ ကျင်း
၂။	**တင်ဒါရွေးချယ်မည့်ရက်**	၁၀-၉-၂၀၁၃ ရက် (အင်္ဂါနေ့)
၃။	**တင်ဒါရွေးချယ်မည့်အချိန်**	နံနက် ၁၀း၀၀နာရီ
၄။	**တင်ဒါရွေးချယ်မည့်နေရာ**	ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၂)၊ ဘုရားကလေး၊ ပဲခူးမြို့

၅။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂)ရုံးတွင် ၂၆-၈-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူ၍ တင်ဒါစတင် တင်သွင်းနိုင်ပါသည်။

တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ
ဖုန်း-၀၉-၄၉၄၄၄၈၉၄

တရားဝင်ဇနီးဖြစ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့နေ ဦးဘဆွေ၏သား ဦးကျော်ကျော်ဦး ၁၂/သဃက(နိုင်)၀၉၉၁၀၅ (မြန်မာ့အလင်းသတင်းစာတိုက်၊စက်ခန်းဌာန)နှင့် နေပြည်တော်ဇေယျာသီရိမြို့၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းဝန်ထမ်းအိမ်ရာနေ ဒေါ်ရီမြင့် (ဘ)ဦးအုန်း DNU-၁၁၃၆၃၃သည် ၃၁-၁၂-၂၀၁၂ရက်တွင် နှစ်ဦးသဘောတူ ဒေါပုံမြို့နယ်တရားရုံးတွင် လက်မှတ်ရေးထိုးပြီးဖြစ်ပါ၍ ကျွန်မသာလျှင် တရားဝင်ဇနီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ရီမြင့်**

နေပြည်တော်၊ ဇေယျာသီရိ

အမြန်ပြန်လာပါ

ကိုဝင်းဗိုလ်

အိမ်မှထွက်သွားသည်မှာ ကြာသွားပါပြီ။ အိမ်မှာအရေးကြီးကိစ္စရှိနေပါသည်။ မန္တလေးအိမ်မှ အမေ့ကိုပြုစုမည့်သူလည်းမရှိပါ။ အလုပ်ကိစ္စများအရေးကြီးရှိနေပါသည်။ သမီးကိစ္စလည်း အရေးကြီးနေပါသည်။ တောင်ငူအိမ်ကို ဆက်သွယ်ပါ။

ဖုန်း-၀၉-၅၃၅၀၇၄၉၊ ၀၉-၆၃၀၀၈၄၄၊ ၀၉-၄၂၈၂၀၀၅၂ မိသားစု

သည်းခြေအိတ်ကျောက်တည်ရောဂါ၊ အသည်းအဆီဖုံးရောဂါနှင့် ကျောက်ကပ်ကျောက်တည်ရောဂါ၊ ပျောက်ဆေးနည်းအသမဲ့ပေးမည်-

၁။ သည်းခြေအိတ်ကျောက်တည်ရောဂါ၊ အသည်းအဆီဖုံးရောဂါအတွက် တစ်ရက်လျှင် ပန်းသီး(၅)လုံးစီ၊ (၅)ရက်စားပြီးနောက်(၆) ရက်မြောက်နေ့တွင် ဆောင်ရွက်ရန်ရှိသည်များကိုတိကျစွာဆောင်ရွက်ခြင်းဖြင့်(၇)ရက်မြောက်နေ့၌ သည်းခြေအိတ်ထဲမှကျောက်များ၊ အသည်းမှာဖုံးနေသော အဆီဖတ်များဝမ်းနှင့်အတူထွက်ကျလာသည်ကို မိမိကိုယ်တိုင်မြင်တွေ့ရပါမည်။ ကိုယ်တွေ့ဖြစ်ပြီး သည်းခြေအိတ်ကို လုံးဝ(လုံးဝ)ခွဲစိတ်ထုတ်စရာ မလိုပါ။

၂။ ကျောက်ကပ်ကျောက်တည်ရောဂါအတွက် တစ်ရက်အတွင်းရေ(၃)ပုလင်း သောက်၍ ဆောင်ရွက်ရန်ရှိသည်များကိုတိကျစွာဆောင်ရွက်ခြင်းဖြင့် (၁)ပတ်အတွင်း ကျောက်ကပ်ကျောက်များ ပျော့ကြေ၍အရည်ပျော်ပြီး ဆီးနှင့်အတူထွက်ကျလာပါမည်။ ကျောက်ကပ်ကျောက်များ လုံးဝ(လုံးဝ)ခွဲစိတ်ထုတ်စရာ မလိုပါ။

ဆေးနည်းအပြည့်အစုံသိရှိလိုပါက - **ဦးသန်းဝင်း။ အာဆီယံအင်ဂျင်နီယာ၊ အင်ဂျင်နီယာမှူးကြီး (ငြိမ်း) Ph : 095070157**ကိုဆက်သွယ်ပါ၊

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၂)၊ မြေကွက်အမှတ်၁၁၇၈၊ မြေအကျယ်အဝန်းပေ (၄၀×၆၀)ရှိ နှစ် ၆၀ဂရန်(အရပ်ခေါ်) အမှတ် ၁၁၇၈၊ သုဓမ္မာလမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါမြေကွက်နှင့်ပတ်သက်၍ ဒေါ်ကြည်ကြည်ဝင်း ၁၂/ဥကမ(နိုင်) ၀၉၅၅၀၄ ပါ လေးဦးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးနိုင်ထွဋ်လင်း (ဥပဒေဘွဲ့) အထက်တန်းရှေ့နေ
ဖူးပွင့်စံစာချုပ်စာတမ်းနှင့် ဥပဒေအတိုင်ပင်ခံ၊ အမှတ် ၉၉၊ ဒုတိယထပ်(ယာ)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၃၁၁၁၆၄၄၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၃ရ)၊မြေကွက်အမှတ်(၁၂၂၅)၊မြေအကျယ်အဝန်း(အလျား×အနံ)၊(၄၀ပေ×၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ(၁)ထပ်ဘိအင်န်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့်ပတ်သက်၍ဂရန်မူရင်း၊ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများ၊ ပိုင်ဆိုင်မှုအထောက် အထားစာရွက်စာတမ်းများနှင့်တကွ အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းဝန်ခံသူဒေါ်တင်တင်ဝင်း(၁၂/သဃက(နိုင်)၀၆၂၉၅၈)ထံမှကျွန်ုပ်၏ မိတ်ဆွေဖြစ်သူကအပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါပစ္စည်းနှင့် ပတ်သက်၍အပြီးသတ်ငွေအပြေအကြေပေးချေ၍တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍(၁၄)ရက်အတွင်းခိုင်လုံသည့် အထောက် အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကတရားဝင် ပိုင်ဆိုင်ရေးကိစ္စရပ်များကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ဆုမြတ်စံ (စဉ်-၃၇၆၉၆)
LL.B, D.B.L, D.M.L.
အထက်တန်းရှေ့နေ

ကန့်ကွက်လိုပါက ဆက်သွယ်ရန်လိပ်စာ

ဒေါ်ခင်ညိုမိဦး
[B.Sc, B.A(B.L), B.D.S (MOFA), Dip in Eng (YCDC), C.B.L]
အမှတ်-၈ရရ၊ဆရာဖေလမ်း၊(၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဖုန်း-၀၉-၅၁၄၂၃၇၄၊ ၀၉-၅၃၀၆၄၁၄၂

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ရေပြည့်ရေလျှံနေသည့် မင်္ဂလာဒုံ ရန်ပြေမာန်ပြေဘုရားဝင်း

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် မိုးများအဆက်မပြတ်ရွာသွန်းလျက်ရှိရာ မြို့နယ်အသီးသီးရှိနေရာအချို့တို့တွင် လမ်းမများပေါ်သို့ ရေကျော်ခြင်း၊ ရေမြောင်းများတွင် ရေပြည့်ရေလျှံခြင်းများ ဖြစ်နေသည်။ **(အပေါ်ပုံ)**

ရေနစ်မြုပ်

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်ရှိ ယခင်ဗဟိုနိုင်ငံရေးတက္ကသိုလ်ခုတင် ၅၀၀ ဆံ့အရိုးအဆစ်ကု ဆေးရုံအနီးရန်ပြေမာန်ပြေဘုရားအတွင်းရှိ ရှင်ဥပဂုတ္တရေကန်၊ ဘုရားဝင်းအတွင်းရှိ ပွင့်လန်းတန်ဆောင်း၊ အခြားဈေးဆိုင်များလည်း ရေနစ်မြုပ်နေသဖြင့် ဘုရားဖူးခရီးသည်များ၊ သာသနာ့နွယ်ဝင်များသွားရေးလာရေး ခက်ခဲလျက် ရှိနေသည်။

ကျိုက္ကလဲ့ရထားခုံးကျော် တံတားကြီးအောက်တွင် ရေထွက်ပေါက်ပွိုင့်ပေါက်ကြီး သုံးခုရှိရာ ယင်းပွိုင့်ပေါက်ကြီးများသည် အမှိုက်များ ပြည့်ကျပ်နေသဖြင့် ရေများမစီးတော့ဘဲ ယခုကဲ့သို့ရေပြည့်ရေလျှံဖြစ်နေသည်ဟု သိရသည်။ **(မျိုးသန့်-အင်းစိန်)**

လက်ပံကြီးတောဆည်ကို ခေတ်မီရေလွှဲဆည်အဖြစ်ပြုပြင်

ကသာ ဩဂုတ် ၂၄

ကသာခရိုင် ဝန်းသိုမြို့နယ် လက်ပံကြီးတောကျေးရွာအုပ်စု ဇီးဖြူပင်ကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာတွင် လက်ပံကြီးတောဆည်တည်ရှိသည်။ နန့်လှိုင်ချောင်းပေါ်တွင် တည်ရှိသဖြင့် နန့်လှိုင်ဆည်ဟူ၍လည်း ခေါ်ဆိုကြသည်။ ၁၉၄၅ခုနှစ်က ဒေသခံတောင်သူများစုပေါင်း၍ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကျောက်တုံးကြီးများကို အသုံးပြုကာ တည်ဆောက်ခဲ့ကြခြင်းဖြစ်ပြီး ဆည် အလျား ပေ ၁၀၀၊ အနံ ပေ ၂၀ ရှိပြီး အမြင့် ၁၅ ပေရှိသည်။ ထိုသို့ နန့်လှိုင်ချောင်းကို ပိတ်ဆို့ဆည်တည်ဆောက်နိုင်ခဲ့သဖြင့် သီးနှံစိုက်ဧက ၇၃၉ ဧကကို ရေပေးဝေနိုင်ခဲ့သည်။ ထို့အပြင် နန့်လှိုင်ဆည်မှ ကိုးမိုင်ခန့်ရှည်လျားသည့် ရေသွယ်တူးမြောင်း ဖောက်လုပ်ပြီး ဝါးရုံးတုံးကျေးရွာအနီးတွင် ဆည်တစ်ခုတည်ဆောက်၍ ရေသိုလှောင်ကာ ကောလင်းမြို့နယ်အတွင်း သီးနှံစိုက်ပျိုး ဧက ၆၀၀ ကျော်ကို ရေဖြန့်ဝေပေးနိုင်ခဲ့သည်။

မိုးတွင်းကာလတွင် နန့်လှိုင်ချောင်းရေကြီးမြင့်ပြီး ဆည်ပေါင်ပေါ်သို့ ချောင်းရေကျော်ဖြတ်စီးဆင်းသည့်အခါ ကျောက်တုံးများရေနှင့်အတူ မကြာခဏမျောပါသဖြင့် နှစ်စဉ်ပြုပြင်ရလေ့ရှိသည်။ ဆည်တည်ဆောက်ခဲ့သည်မှာ နှစ်ကာလကြာမြင့်ပြီဖြစ်သောကြောင့် ရေတံခါးဆိုင်ရာ အဆောက်အအုံတစ်ခုလုံး ဟောင်းနွမ်းချို့ယွင်းနေသဖြင့် အသစ်ပြန်လည်တည်ဆောက်ရန် လိုအပ်ကြောင်း တွေ့ရှိရသည်။

ကောလင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးအောင်သန်းဦးက အဆိုပါ လက်ပံကြီးတောဆည်ကို ခိုင်မာသည့်ရေလွှဲဆည်တစ်ခုအဖြစ် တည်ဆောက်ပေးရန် သက်ဆိုင်ရာသို့တင်ပြခဲ့ရာ ဆည်မြောင်းဦးစီးဌာနက တာဝန်ရှိသူများလာရောက်ပြီး ဇူလိုင်တတိယပတ်အတွင်း ကွင်းဆင်းစစ်ဆေးကာ ဘိလပ်သရိုးကိုင်ကျောက်ကြီးစီဆည်အဖြစ် တည်ဆောက်ရန်နှင့်ရေသွင်းရေထုတ်တံခါး တပ်ဆင်ပေးရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် ကသာခရိုင်ဆည်မြောင်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာဝန်ထမ်းများက မြေပြင်တိုင်းတာခြင်း၊ ဆည်မြောင်းဒီဇိုင်းပုံစံများ ရေးဆွဲခြင်း၊ ကုန်ကျစရိတ်တွက်ချက်ခြင်း စသည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး လာမည့် ပွင့်လင်းရာသီတွင် စနစ်ကျနပြီး ရေရှည်အသုံးပြုနိုင်သည့် ခေတ်မီရေလွှဲဆည်တစ်ခုအဖြစ် ပြုပြင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

စမ်းဦး(ကသာ)

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်များအတွင်းရေဝင်ရောက်

ကျိုက်ထို ဩဂုတ် ၂၄

ကျိုက်ထိုမြို့နယ်တွင် ဩဂုတ် ၂၂ ရက် နံနက် ၄ နာရီက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ချောင်းများရေလျှံလာပြီး နေအိမ်များအတွင်းဝင်ရောက်လာ၍ စစ်တောင်းကျေးရွာအုပ်စု ခဝဲချောင်းကျေးရွာမှ အိမ်ထောင်စု ၁၀စု၊ လူဦးရေ ၄၅ ဦးကို စစ်တောင်းကျေးရွာဓမ္မာရုံသို့လည်းကောင်း၊ ကမ်းနီကျေးရွာမှ အိမ်ထောင်စု ၂၁စု၊ လူ ဦးရေ ၁၀၇ ဦးကို ဘုန်းတော်ကြီးကျောင်းများသို့လည်းကောင်း ပြောင်းရွှေ့နေထိုင်စေပြီးစားသောက်ရေးအတွက်မိသားစုများမှဝိုင်းဝန်းစီစဉ်ပေးလျက်ရှိကြောင်း သိရသည်။ ယခုရက်များတွင် မိုးရေနှင့်ပင်လယ်ရေကြောင့် ခဝဲချောင်းကျေးရွာအပြင် သိမ်ဇရပ်၊ မုပ္ပလင်လမ်း၊ ကမ်းနီရွာအနီးတို့တွင်လည်း ကတ္တရာလမ်းပေါ်၌ကိုက်တစ်ရာ၊ ရေအနက်တစ်ပေခန့်ရေကျော်ခဲ့ကြောင်း သိရသည်။ **သန်းသန်းမော်**

ကျိုက်ထိုမြို့နယ်တွင် မိုးသည်းထန်စွာရွာပြီးလေပြင်းတိုက်ခတ်

ကျိုက်ထို ဩဂုတ် ၂၄

ကျိုက်ထိုမြို့နယ် မုပ္ပလင်စံပြကျေးရွာ၌ ဩဂုတ် ၂၂ ရက်နံနက် ၄ နာရီတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် မုပ္ပလင်စံပြကျေးရွာ မြို့သစ် (၁)ရပ်ကွက် လမ်းဆုံအနီးကွန်ကရစ်တယ်လီဖုန်းတိုင်သုံးတိုင်မှာ ကျိုးပဲ့ပျက်စီးပြီးအလားတူ တစ်တိုင်မှာလည်း တိမ်းစောင်းယိမ်းယိုင်ခဲ့သည်။ ၎င်းအပြင် ကိုဇော်ဝင်းနိုင်(၄၀နှစ်)၏ တောင်ထန်းမိုး၊ ပျဉ်ကာနေအိမ်ကို သစ်ပင်ပိမိခဲ့ခြင်းနှင့်ဈေးဆိုင်ခန်းခြောက်ခန်းမှ အမိုးများလန်ထွက်ခဲ့ပြီးလူနှင့်တိရစ္ဆာန်များထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးအောင်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်စစ်ဆေးပြီးလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မော်လမြိုင်မြို့၊ ဆံတော်ရှင်ကျိုက်သုတ်စေတီတော် ဆေးပဋ္ဌာန်းပူဇော်ပွဲ နှိုးဆော်စာ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၏ကျက်သရေဆောင် ဆံတော်ရှင်ကျိုက်သုတ်စေတီတော်မြတ်ကြီးတွင် အစဉ်အလာမပျက် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်မှစ၍ **ဆေးပဋ္ဌာန်းပူဇော်ပွဲ**ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

ယခုနှစ်တွင် **(၁၂၈)ကြိမ်မြောက် ဆေးပဋ္ဌာန်းပူဇော်ပွဲ**ကို မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း (၁၁၄)ကျောင်းနှင့် သီလရှင်စာသင်တိုက် (၆)တိုက်ကို လာမည့် ၁၃၇၅ခုနှစ် ဝါခေါင်လကွယ်နေ့၊ ၄-၉-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ကျိုက်သုတ်စေတီတော်မွောရုံ၌ ကျန်းမာရေးအတွက် တိုင်းရင်းဆေးများ၊ နိုင်ငံခြားဆေးများဖြင့် **အာယုဒါနဆေးအလှူတော်မင်္ဂလာ ဆေးပဋ္ဌာန်းပူဇော်ပွဲကြီး**ကို ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

သက်ရှည်ကျန်းမာ ဘေးရန်ကွာ၊ ချမ်းသာဆင်းလှ၊ ခြံရံရလျက်၊ ဗလအားသည်း၊
ပညာကြီး၍ ပစ္စည်းခိုင်မြဲ၊ မကွဲချစ်သူ၊ ကျိုးဆယ်ဆူမှာ ဆေးလှူသူတို့ရဖို့တည်း

ဟူသောအကျိုးငှာ စေတနာရှင် သဒ္ဓါကြည်လင်ပါရမီရှင်များသည် ဆေးနှင့် အလှူငွေများကို သဒ္ဓါတရားထက်သန်စွာ လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ငါ့ဘုရားကို ချစ်ကြည်ညိုမှု၊ ငါ့အတူညီမျှ ဂိလာနကို မေတ္တာပို၍ ရှိသေလေးမြတ် လုပ်ကျွေးအပ်ပါ၏

ဆက်သွယ်လှူဒါန်းနိုင်သောလိပ်စာများ-

မော်လမြိုင်မြို့ - ကျိုက်သုတ်စေတီတော် ဂေါပကအဖွဲ့
ဖုန်း-၀၅၇-၂၄၆၉၀၊ ဥက္ကဋ္ဌ ဖုန်း-၀၅၇-၂၅၅၃၁၊
အတွင်းရေးမှူး ဖုန်း-၀၉-၄၂၅၃၂၁၆၁၀၊ ဘဏ္ဍာရေးမှူး ဖုန်း-၀၉-၄၂၅၃၇၂၇၃၅။

ရန်ကုန်မြို့ - (၁) မော်လမြိုင်အသင်း၊ ရွှေတိဂုံဘုရားအနောက်ဘက်စောင်းတန်း၊ အောက်ပစ္စယာ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၅၇၂၃၊ (၂) ဦးသိန်းဟန်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ ဆေးဝါးစက်ရုံ)၊ အမှတ် ၁၂၊ ၁၄၅ လမ်း၊ တာမွေ၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၉၂၄၉၉၇၀၊ ၀၉-၅၃၂၁၀၂၆၊ (၃) ဧရာဝတီဘဏ်လီမိတက်၊ မော်လမြိုင်ဘဏ်ခွဲ၊ Acount No:0011202010440119၊
ဖုန်း-၀၅၇-၂၅၉၄၁၊ ၂၅၉၄၂၊ ၂၅၉၄၄၊ ၀၉-၄၉၈၀၇၂၃၃

ဖြူးမဟာစည်(ရန်ကုန်) (၂၆)ကြိမ်မြောက် မိုးရာသီတရားစခန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ကမာရွတ်ဘူတာရုံအနီး၊ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်အတွင်း၌ ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး မိန့်မြွက်ထားရှိတော်မူခဲ့သော ဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်လျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော မိုးရာသီမဟာစည်သတိပဋ္ဌာန်ဝိပဿနာ ၁၅ရက် အထူးတရာစခန်းပွဲကြီးကို ၁၃၇၅ခုနှစ် တော်သလင်းလဆန်း ၁၁ရက်မှ လပြည့်ကျော် ၁၀ရက်အထိ (၁၅-၉-၂၀၁၃ရက်မှ ၂၉-၉-၂၀၁၃ရက်အထိ) ဖြူးမဟာစည်ရိပ်သာများ၏ **ပဓာနနာယက ဆရာတော်ဘဒ္ဒန္တအဂ္ဂဝရဓမ္မာစရိယကမ္မဋ္ဌာနာစရိယ** **MA, Ph.D (Thesis)** ဦးဆောင်၍ ဖြူးဆရာတော်၏ တပည့်ဓမ္မကထိက သံဃာတော်များ ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်ရောက်အားထုတ်လိုသူများ ကြိုတင်စာရင်းပေးသွင်းရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေအချိုရည်လှူဒါန်းလိုသူများသည် ကျောင်းအကျိုးတော်ဆောင်အဖွဲ့

ဖုန်း-၀၁-၅၃၀၀၆၈၊ ၅၃၀၁၁၃၊ ၀၉-၅၀၁၇၅၅၄၊ ၀၉-၃၁၄၂၀၂၂၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ကြည်စု၊ မြေကွက်အမှတ် ၈၂၊ မြေကွက်တည်နေရာအမှတ် ၈၂၊ ဗိုလ်လရောင်လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံ ဦးငွေရည်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဦးငွေရည်(ဖခင်)နှင့် ဒေါ်သန်းကြည် (မိခင်) တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်လှယဉ်ကျေး ၁၂/ဒပန(နိုင်)၀၃၇၁၂၁ ထံမှ GP ၁၆၇၃၇/၁၂(၁၆-၁၀-၁၂)ရရှိသူ ဦးကျော်ငွေး ၁၂/မရက(နိုင်)၁၂၀၆၇၀ က ကျမ်းကျိန်လွှာနှင့် သေစာရင်း၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက် ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထက(၄) ပုဇွန်တောင် အဌမအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်။

အထက (၄) ပုဇွန်တောင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက် (တနင်္ဂနွေနေ့)တွင် ပုဇွန်တောင်မြို့နယ်၊ရေကျော်လမ်း၊အမှတ် (၇၇) ရှိ Y.M.B.A ခန်းမ၌ နံနက် ၉း၀၀ နာရီမှ နေ့လယ် ၁၂း၀၀ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း၊ ၁၉၆၇ ခုနှစ်မှ ၁၉၈၇ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့သော အသက် (၆၀) ပြည့်ပြီးသည့် ဆရာကြီး၊ ဆရာမကြီးများကို ကန်တော့မည်ဖြစ်ပါ၍ ပူဇော်ကန်တော့ခြင်းအတွက် လှူဒါန်းလိုသည့် ကျောင်းသား/ကျောင်းသူများ (မည်သည့်နှစ်မဆို) အနေဖြင့် အောက်ဖော်ပြပါ ကျောင်းသားဟောင်းများထံသို့ ဆက်သွယ်လှူဒါန်း နိုင်ပါကြောင်း-

၁။ ဦးကျော်ညွန့်ဦး ၀၉-၇၃၁ ၃၂၀ ၃၀	၄။ ဦးအောင်ဇော်ဝင်း ၀၉-၇၃၁၂၅၂ ၀၇	၇။ ဦးတင်အောင်ကျော် ၀၉-၅၀ ၃၂၂၈၂
၂။ ဒေါ်ခင်မလေး ၀၉-၅၀ ၃၃၀၂၀	၅။ ဦးဟန်ထူး ၀၉-၅၀ ၈၈၃၄၆	၈။ ဒေါ်သင်းသင်းဆွေ ၀၉-၃၁၃ ၄၄၅၉၉
၃။ ဒေါ်သက်နှင်းဦး ၀၉-၅၀ ၁၂၅၉၃	၆။ ဒေါ်မာမာစိုး (ခ) ဒေါ်စိုးစံ ၀၉-၅၀ ၂၅၉၆၈	၀၉-၇၃၁ ၀၃၆၂၀

PYI KYAW GROUP TRAINING CENTRE
"ပြည်ကျော်" စက်ကြီးမောင်းသင်တန်း

- အငြိမ်းစားသင်တန်းကျောင်းအုပ်ကြီးများ နှင့် လုပ်သက်ရင့်အင်ဂျင်နီယာများကိုယ်တိုင် စာတွေ့/လက်တွေ့ သင်ကြားပေးမည်။
- သင်တန်းကာလ (၂)လ လုပ်ငန်းခွင်ဝင်ရောက်နိုင်သည်အထိ တတ်မြောက်အောင် သင်ကြားပေးမည်။

လိပ်စာ

အခန်း(၂၅)၊ ဆောက်လုပ်ရေးတိုက်တန်း၊ (၇၈)လမ်း၊ ရန်ကုန်-မန္တလေးလမ်းမကြီး၊ လေယာဉ်ကွင်းဟောင်းအနောက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး။

Contact 09-43175836, 09-91017958, 09-2401093, 09-43022142

စက်တင်ဘာ (၁၀)ရက်နေ့ သင်တန်းစမည်။

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၄ယ/၅၉၃၂၂ ဟွန်ဒါဒရင်းယာဉ်လက်ဝယ်ရှိသူ ဦးကျော်သီဟ ၁၃/တကန(နိုင်)၁၃၈၅၆၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

မှုခင်းသတင်းနှင့်ကြော်ငြာ

ရွှေကူမြို့နယ်၌ မူးယစ်ဆေးဝါး ရောင်းချသူများ ဖမ်းဆီးရမိ

ရွှေကူ ဩဂုတ် ၂၄

ဩဂုတ် ၁၈ ရက်က ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းစိန်ဦးစီးအဖွဲ့သည် သက်သေများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါး ရောင်းချနေကြောင်းသတင်းအရ ရွှေကူရဲစခန်းအရှေ့တောင်ဘက်ငါးမိုင်ခန့် အကွာ ရွှေကူ ဗန်းမော်မဟာဗျူဟာကားလမ်းမိုင်တိုင် အမှတ် ၁၃၈/၀ အနီးရှိ တောလမ်းအတွင်း ခန့်မှန်းမြေပုံညွှန်းKG ၇၉၄၇၁၅ နေရာတွင် တရုတ်နိုင်ငံ လုပ် ရင်စင်း -၁၂၅ ဆိုင်ကယ်အဟောင်းနှစ်စီးနှင့်အတူ မူးယစ်ဆေးဝါး ရောင်းချနေသူ လေးဦးတို့ကိုသွားရောက်ဖမ်းဆီးခဲ့ရာ ဖမ်းဆီးရေးအဖွဲ့များ အားမြင်တွေ့သည်နှင့်၎င်းတရားခံလေးဦးအနက်တစ်ဦးမှာ ထွက်ပြေးလွတ် မြောက်သွားခဲ့ကြောင်း၊ ကျန်သုံးဦးဖြစ်သည့် မင်းခိုင်(ခ)ဆံရှည်၊ ခမ်းထူး(ခ)အလောင်းနှင့်ဖိုးဆေးတို့သုံးဦးကို ဖမ်းဆီးစစ်ဆေးရှာဖွေခဲ့ရာ ၎င်းတို့ထံမှ ရှမ်းပျံမြယ်သွေးဆေးတံဆိပ်ပါ အဖြူရောင်ပလပ်စတစ်အကြည် ဘူးဖြင့် ထည့်လျက်ဘိန်းဖြူမှုန့်အလေးချိန် ၄ ဒသမ ၀၁ ဂရမ်ကာလတန်ဖိုး ငွေကျပ် ၁၅၀၀၀၀ နှင့် မူးယစ်ဆေးဝါးရောင်းချရငွေ ၄၁၀၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် ရွှေကူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထား ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)



မူးယစ်ဆေး လက်ဝယ်ထားရှိသည့် တူဝရီးနှစ်ဦး

ဗန်းမော် ဩဂုတ် ၂၄

ဗန်းမော်မူးယစ်က ရဲအုပ်အောင်ကိုနိုင်နှင့်ရဲအုပ်အောင်ဆန်းမိုး ဦးစီးအဖွဲ့သည် ဩဂုတ် ၂၀ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်က သက်သေများနှင့်အတူ ဗန်းမော်မြို့နယ် မန်ရွှတ်ကျေးရွာ ဒေါ်အေးမှီ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဒေါ်အေးမှီနှင့်တူဖြစ်သူ ကျော်နိုင်စိုးတို့ကို အသင့်တွေ့ရှိရပြီး ဒေါ်အေးမှီ၏ ညာဘက်လက်အတွင်းမှ ဘိန်းဖြူမှုန့် ၀ ဒသမ ၂ ဂရမ်ပါ ပင်နီဆီလင်ပုလင်း တစ်ပုလင်း၊ ပန်းကန်စင်ပေါ်တွင် ဘိန်းဖြူမှုန့် ၀ ဒသမ ၄ ဂရမ်ပါပင် နီဆီလင်ပုလင်း သုံးပုလင်း စုစုပေါင်းအလေးချိန် ၁ ဒသမ ၄ ဂရမ်တွေ့ရှိခဲ့ပြီး ဖမ်းဆီးရေးအဖွဲ့က ကျော်နိုင်စိုးအား ဆက်လက်စစ်ဆေးရှာဖွေရာ ၎င်း၏ ဘောင်းဘီအတွင်းမှ ဘိန်းဖြူမှုန့် ၀ ဒသမ ၃ ဂရမ်ပါ ပင်နီဆီလင်ပုလင်း တစ်လုံးတွေ့ရှိခဲ့သည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးလက်ဝယ် တွေ့ရှိသူဖြစ်သည့် ဒေါ်အေးမှီ(၅၃နှစ်) နှင့်ကျော်နိုင်စိုး(ခ)အယ်စီ(၂၆နှစ်) တို့ကို ဗန်းမော်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မင်းတံတားသား

စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

မိုင်းဖြတ် ဩဂုတ် ၂၄

မိုင်းဖြတ်မြို့နယ် ရဲတပ်ဖွဲ့မှဒုရဲအုပ်အောင်မျိုးလွင် ဦးစီးသော နယ်ထိန်း တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၈ ရက် ညနေ ၅နာရီခွဲက သက်သေများနှင့် အတူ ပြည်ငြိမ်းအေးကျေးရွာနေ အားသက်(၄၀နှစ်)၏နေအိမ်ကို မူးယစ် ဆေးဝါးသတင်းအရဝင်ရောက်ရှာဖွေရာ မီးဖိုဆောင်အတွင်းရှိ ဆန်အိတ်အတွင်းမှ အပြာရောင်ပလတ်စတစ်ဖြင့် ထုပ်လျက်WYစာတန်းပါအညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား၂၀၀ ပြားပါသုံးထုပ်နှင့်၁၂၃ ပြား စုစုပေါင်း၇၂၃ပြား ကာလတန်ဖိုးငွေကျပ်၁၄၄၆၀၀၀ ကိုသိမ်းဆည်းရမိသဖြင့် မိုင်းဖြတ်ရဲစခန်း၌ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သန်းဇော်(မိုင်းဖြတ်)

မဆင်မခြင်မောင်းနှင်သူကြောင့် လမ်းလျှောက်လာသူသေဆုံး

ထီးချိုင့် ဩဂုတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာ ခရိုင်ထီးချိုင့်မြို့ ဗိုလ်ချုပ်လမ်းမပေါ် တွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ပြီး အမျိုးသမီးတစ်ဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဆက်လက်ဝင်တိုက်

ဖြစ်စဉ်မှာ ဩဂုတ် ၂၀ ရက်က အထကကျောင်းရှေ့ ဗိုလ်ချုပ်လမ်းမ ပေါ်တွင် မြောက်မှတောင်သို့ အောင်မင်း မောင်းနှင်လာသောသုံးဘီးမော် တော်ဆိုင်ကယ်အား အောင်ကျော်ဦး (ခ)မောင်ဦး မောင်းနှင်သောခြောက် ဘီးယာဉ်မှ နောက်ကဝင် တိုက်မိရာ လမ်းယာဘက်ဘေးတွင်လမ်းလျှောက် နေသူ ဒေါ်ညွန့်အား ဆက်လက် ဝင်တိုက်မိပြီး သုံးဘီးယာဉ်ပေါ်ပါ အောင်ဇင်ဦး၊အောင်မင်း၊မောင်သိန်း နှင့်ထွန်းထွန်းဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သည်။ ဒေါ်ညွန့်မှာ ဆေးကုသမှု ခံယူနေစဉ် ည ၉ နာရီခွဲက ဒဏ်ရာ ဖြင့် သေဆုံးသွားပြီး ယာဉ်ကို မဆင် မခြင်ပေါ့ဆစွာ မောင်းနှင်သူ အောင်ကျော်ဦး(ခ) မောင်ဦးအား ဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားထားသော အမှုဖြစ် ကြောင်း သိရသည်။

သေဆုံးသူ ဒေါ်ညွန့် (၄၈နှစ်) ထီးချိုင့်မြို့နယ်နေသူမှာ ယာဘက် ပေါင်ရင်းမှအထက်ခါးစပ်ထိပေါင်ရင်း အရိုးကျိုးပြတ်ကြေ၊ အူထွက်ဒဏ် ရာများဖြင့် သေဆုံးသွားခဲ့ခြင်းကြောင့် ထီးချိုင့်ရဲစခန်းက ယာဉ်ကိုမဆင် မခြင်ပေါ့ဆစွာ မောင်းနှင်သူ အောင် ကျော်ဦး(ခ)မောင်ဦး (၄၀ နှစ်) ထီးချိုင့်မြို့နေသူကို ဖမ်းဆီးအရေး ယူဆောင်ရွက်ထားကြောင်း သိရ သည်။

လူအောင်(ကသာ)

ပန်းထိမ်လုပ်ငန်းက ရွှေခိုးယူသူ

ကသာ ဩဂုတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာ ခရိုင် ကသာမြို့အမှတ်(၄)ရပ်ကွက်ရှိ ရွှေပန်းထိမ်လုပ်ငန်းမှ ရွှေများခိုးယူ သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၆ ရက် နံနက် ၁၁ နာရီက ကသာမြို့ အမှတ်(၄) ရပ်ကွက်နေ ဦးတင်ထွန်းအောင်၏ ရွှေပန်းထိမ်လုပ်ငန်းတွင်လခစားအလုပ် သမားအဖြစ် လွန်ခဲ့သောတစ်နှစ်ခန့် က လုပ်ကိုင်ခဲ့သူမောင်တိုးဆိုသူသည် ပန်းထိမ်လုပ်သည့်စားပွဲခုံအံဆွဲအတွင်း ထည့်ထားသောဒင်္ဂါးရွှေခဲငါးပဲခြောက် ရွေးနှင့်ငွေစက္ကူရောရာငွေကျပ်၄၆၅၀၀ တို့ကိုခိုးယူပြီးတိမ်းရှောင်သွားကြောင်း စုံစမ်းသိရှိရသဖြင့် ဥပဒေအရ အရေး ယူပေးပါရန် ဦးတင်ထွန်းအောင် သိန်းရွှေပန်းထိမ်လုပ်ငန်းက တိုင်ကြား သဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

လူအောင်(ကသာ)

မိဘအမည်မှန်

တောင်ကြီးမြို့၊ အထက(၁၀) သတ္တမ တန်း(ခ)မှ မောင်ရန်မျိုးလင်းနှင့် ပဉ္စမ တန်း(ခ)မှ မဖြိုးနုနုအောင်တို့၏ မိဘ အမည်မှန်မှာ ဦးဝင်းအောင်နှင့် ဒေါ်ငွေး ငွေးနု တို့ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးဝင်းရှိန်၏သမီး အခြေခံပညာ အထက်တန်းကျောင်း နွားထိုးကြီးမြို့၊ တက္ကသိုလ်ဝင်တန်း (C)မှ မခင်ချိုဦးအား မခင်နီလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မခင်နီလှိုင်

အမည်ပြောင်း

ဦးစိုင်းထွန်းအောင်၏သား တောင်ကြီးမြို့၊ အမက(၄)မူလွန် ပထမတန်း(ခ)မှ စိုင်း ကောင်းစံအား ယနေ့မှစ၍ စိုင်းအောင် ထက်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

စိုင်းအောင်ထက်ကျော်

တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ကင်မွန်းချုံရွာနေ ဦးမိုးကျော်၏သား မောင်ဇင်ကိုဦးနှင့် မောင်ဇင်ကိုကိုဦး ၇/ထတပ(နိုင်)၁၀၁၁၁၉ တို့သည် တစ်ဦး တည်းဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၄ယ/၄၇၈၆၂ ယမဟာ ဒီတီ ယာဉ်လက်ဝယ်ရှိသူ ဦးခွန်လှမောင် ၁၃/လလန(နိုင်)၀၁၂၂၅၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော် ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့် ကွက်နိုင်ပါသည်။**ကညန၊ ခရိုင်ရုံး(လွိုင်လင်)**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ကက/၂၈၄၂ Toyota stout RK 110 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ကောင်း ၁/ဗမန(နိုင်)၀၆၅၂၂၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဗန်းမော်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၂၀၈၁၇ Zep Star 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအောင် ၉/ပသက(နိုင်) ၀၀၈၇၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၇၉၁၄၉ Yinxiang 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၉/မလမ(နိုင်) ၀၀၁၈၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၃၂၈၁၃ Sunbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ရှိန် ၉/ခမစ(နိုင်)၀၂၁၄၅၈ က (ကမ-၃) ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂C/၄၅၆၆ Mazda Fami Lia VA 4121 S/W (4x2) RHD ယာဉ် လက်ဝယ်ရှိသူ ဦးအောင်လှိုင်မိုး ၁၂/လကန (နိုင်)၀၀၁၆၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိ မြောက်ရပ်၊ မြေကွက်အမှတ် ဥ-၇၂၇၉ ရှိ မြေကွက်နှင့်၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား ဦးမိုးဆန်းအမည်ပေါက်ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင် ထားသူ ဦးမိုးဆန်းက အထက်ဖော်ပြပါမြေကွက်အားပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်တော် ဦးအောင်သောင်းမှ ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက် မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ရက်အတွင်း တရားဝင်မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးအောင်သောင်း ၁၃/ကလန(နိုင်)၀၁၁၀၄၉

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိ မြောက်ရပ်၊ မြေကွက်အမှတ် ဥ-၇၂၈၁ရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အား ဦးဇော်မင်းထိုက်အမည်ပေါက် ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်းထားသူ ဦးဇော်မင်းထိုက်က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိ ပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်တော် ဦးအောင်သောင်းမှငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက် မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း တရားဝင်မှတ်ပုံတင် စာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးအောင်သောင်း ၁၃/ကလန(နိုင်)၀၁၁၈၄၉

ဦးစိုးအောင်နှင့်အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဦးအေးဖေ ၁၂/မဂဒ(နိုင်)၀၈၄၃၁၈ မှ ဦးစိုးအောင် ၁၂/ဗဟန (နိုင်)၀၇၁၆၈၈ အား မကွေးမြို့နယ်မြေစာရင်းရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၅၀/၂၀၁၂)ဖြင့် လွှဲအပ်ခဲ့သည်ဟုသိရပြီး ယခုအခါ ကျွန်ုပ်၏အမှုသည်ဦးအေးဖေက ကိုယ်စားလှယ်လွှဲအပ်သည့်ကိစ္စကို လွှဲအပ်လိုသည့် ဆန္ဒမရှိတော့သဖြင့် ယနေ့ ကြေညာပါ သည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ကိုယ်စားလှယ်စာရသူ ဦးစိုးအောင်နှင့် အများသိစေရန် ကြေညာလိုက်ပါသည်။

ဒေါ်သွယ်သွယ်လှိုင် LL.B
အထက်တန်းရှေ့နေ(စဉ်-၃၄၆၅၉)
ဖုန်း-၀၉-၄၀၁၅၆၀၀၂၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ မြေကွက်အမှတ် ၇/၁၀- က (သကမ)၊ ၁၄ ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် (၂၅၇/က)ဟုခေါ်တွင်သော ဦးစိန်မောင် PGN-၀၁၂၀၀၁အမည်ဖြင့် မှတ်သားတည်ရှိလျက်ရှိသော ဧရိယာ အလျား×အနံ ပေ(၂၀×၆၀)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်ဥပစာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်လျက်ရှိပြီး ပြန်လည်လွှဲပြောင်း ရောင်းချခွင့်ရှိသည်ဟု အဆိုရှိသူ ဦးစန်းမောင် ၁၄/လမန(နိုင်)၀၆၂၂၀၁ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေး၊ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာ ပါသည့်ရက်မှစ၍ ငါးရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလွင်ကိုကိုဦး LL.B အထက်တန်းရှေ့နေ
(ရုံး) ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၇၃၅၀၀၄၁၆

ကလောမြို့နယ် မဂ္ဂဇင်းအတွက် စာမူဖိတ်ခေါ်

ယခုနှစ်အတွင်း ထုတ်ဝေဖြန့်ချိမည်ဖြစ်သော ကလောမြို့နယ်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။

ယင်းမဂ္ဂဇင်းအတွက် စာမူများပေးပို့လိုပါက ဥက္ကဋ္ဌ၊ မြို့နယ်စာရေးဆရာများ အသင်း၊ မြို့ဂုဏ်ရှုပ်ရှင်ရုံအရှေ့၊ ရပ်ကွက်(၄)၊ ကလောမြို့၊ ဖုန်း ၀၉-၄၅၈၀၄၀၃၇ာ နှင့် လှုထုပုံနှိပ်ကျွာနယ်အမှတ် (၁၀-၁၂)၊ ၄၃ လမ်း (အောက်)၊ ဗိုလ်တထောင်မြို့ နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၉၈၅၈၂၊ ၃၉၈၅၈၃ တို့သို့ ဆက်သွယ်ပေးပို့နိုင် ကြောင်း သိရသည်။

PIN

ဟိုက်ဒရောလစ်/လေဖိအားသုံး
ကွန်ကရစ်အုတ်ရိုက်စက်များ(ရောင်း/ငှား)
ဘိလပ်မြေမွှေစက်၊ အုတ်အမျိုးအမျိုး
(၆ရ) သံသုဓာလမ်း၊ သုဝဏ္ဏ (သွားဆေးတက္ကသိုလ်အနီး)
09 73199410 , 09 420035882
09 73199257, 09 73248097

ရောင်းမည်/ကားနှင့်လဲမည်

မြေတူးစက် KOMATSU PC-200-5
မြေထိုးစက် KOMATSU D-60-3
မြေထိုးစက် D-40
ဖုန်း-၀၉-၄၄၄၀၄၁၈၈၄၊ ၀၉-၃၃၀၅၅၉၂၉

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ငမိုးရိပ်)၊ မြေကွက် အမှတ် ၉၂၊ မြေအကျယ်အဝန်း(၂၅× ၅၀)ပေရှိသော ဦးအေးမောင် အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၉၂၊ ၉ လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်ာန်းကျွန်း မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ဦးအေးမောင်ထံမှ နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိဝယ်ယူ ပိုင်ဆိုင်ထား၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်ဝင့်သီရိ ၁၄/ဘကလ (နိုင်)၁၇၅၂၆၁ က ကျွန်ုပ်၏မိတ်ဆွေထံသို့ ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ပိုင်ဆိုင်မှုအထောက် အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်ကြည် LL.B အထက်တန်းရှေ့နေ(စဉ်-၃၀၀၂၂)
အမှတ် ၅၄၄၊ ဓမ္မာရုံလမ်း ၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ဖုန်း-၀၉-၄၃၁၁၄၆၅၄

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ လူနေ ရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၁၉၀/ခ၊ သုတ ၆ လမ်း၊ မြေအကျယ်အဝန်း ပေ(၂၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်း တွင် ဒေါ်သိန်းသိန်းဦး S/OKA-၀၇၂၅၁၄အမည်ပေါက်ပိုင်ဆိုင်သည့်မြေဖြစ်ပြီး ၎င်းပိုင်ဆိုင် သည့်မြေနှင့်အိမ်အား ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့် အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက် အထား (မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင် ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်ကြည် LL.B အထက်တန်းရှေ့နေ (စဉ်-၃၀၀၂၂)
အမှတ် ၅၄၄၊ ဓမ္မာရုံလမ်း ၂၀၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၄၆၅၄

မြိတ်မြို့ DFB အရန်မီးသတ်တပ်ဖွဲ့သို့ မီးသတ်ရေယာဉ်လှူဒါန်း

မြိတ် ဩဂုတ် ၂၄

မြိတ်မြို့ ထားဝယ်စုမီးသတ်ရပ် DFB အရန်မီးသတ်တပ်ဖွဲ့သို့ ကန်ဖျားရပ်ကွက် ဗိုလ်ဗထူးလမ်းနေ ဦးစိန်ဟုန်-ဒေါ်အေးကြူ မိသားစုမှ မီးသတ်ရေယာဉ်တစ်စီး လှူဒါန်းပွဲကို ဩဂုတ် ၁၈ ရက် နံနက် ၈ နာရီက အဆိုပါ မီးသတ်တပ်ဖွဲ့ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ထားဝယ်စု အရန်မီးသတ်တပ်ဖွဲ့ ဒုတိယဥက္ကဋ္ဌဦးခိုင်ဝင်းက မီးသတ်ရေယာဉ် လှူဒါန်းပေးသည့်အလှူရှင်အား ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် အလှူရှင် မိသားစုက မီးသတ်ရေယာဉ်နှင့် ပတ်သက်သော စာရွက်စာတမ်းများ ပေးအပ်ရာ ထားဝယ်စု အရန်မီးသတ်တပ်ဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခိုင်ဝင်းလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်း ပေးအပ်သည်။

အဆိုပါ မီးသတ်ရေယာဉ်ကို မီးငြှိမ်းရာတွင် အသုံးပြုနိုင်ရန်အတွက် TOHATSU အမျိုးအစား ရေပန်းစက်ကို ရန်ကုန်မြို့နေ ဦးကြောင်စုံ-ဒေါ်ဆီးမိသားစုမှ လှူဒါန်းခဲ့သောကြောင့် ရေသယ်ယာဉ်အဖြစ် လည်းကောင်း၊ မီးသတ်ယာဉ်အဖြစ် လည်းကောင်း အသုံးပြု၍ရကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

ကျွဲ၊ နွား မှောင်ခိုသူများအား ဖမ်းဆီးရမိ

ကျောက်တန်း ဩဂုတ် ၂၄

ဖြစ်စဉ်မှာ ဇူလိုင် ၃၀ ရက် ၀၀နာရီ ၃၀ မိနစ်က ကျောက်တန်းမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်ဝင်းဗိုလ်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ ကမာကလုတ်ကျေးရွာမှ မော်ဝန်းချောင်းအတိုင်း မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် မုဒုံမြို့နယ်များသို့ ကျွဲ၊ နွားများ တရားမဝင်မှောင်ခိုသယ်ဆောင်နေကြောင်း သတင်းအရ ပန်းတောကျေးရွာနှင့် ကမာကလုတ်ကျေးရွာအကြား စန္ဒီကျေးရွာတာလမ်းထိပ်မှ စောင့်ဆိုင်းနေကြစဉ် ကမာကလုတ်ကျေးရွာနေ ရွှေဝါထွန်း၊ နီလေး၊ လှဌေးနှင့်ဇင်ကိုထွန်းတို့က နွားထီး(သင်း) ငါးကောင် ကာလတန်ဖိုး ကျပ် ၂၇သိန်းခန့်ကို သယ်ဆောင် မောင်းနှင်လာသည်ကို တွေ့ရှိ၍ ရပ်တန့်စစ်ဆေးခဲ့ရာ သယ်ဆောင်ခွင့် စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိသဖြင့် တရားမဝင်မှောင်ခိုသယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိ၍ သက်သေများရှေ့မှောက်တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

၎င်းတို့၏ထွက်ဆိုချက်အရ ဦးကျော်မြင့်(ပန်းတောကျေးရွာ)ပိုင်ဆိုင်သော နွားများကို ဦးဖိုးထောင်(ကမာကလုတ်ကျေးရွာ)၏ တဲမှနွားမောင်းခအဖြစ် နွားတစ်ကောင်လျှင် ခုနစ်ထောင်ကျပ်နှုန်းဖြင့် အငှားမောင်းနှင်၍ ဦးနိုင်ဝင်း(အငူကျေးရွာ)၏ တဲသို့ပို့ဆောင်မောင်းနှင်စဉ်ယခုကဲ့သို့ ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။

နွားပိုင်ရှင်ဖြစ်သူ ကျော်မြင့်နှင့် နွားလက်ခံသူ ဖိုးထောင်နှင့် နိုင်ဝင်းတို့မှာ တိမ်းရှောင်နေသဖြင့် ဖမ်းဆီးရမိရေးအတွက် ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုရင်သြ(မော်ဝန်း)

ဖားကန့်၌ မူးယစ်ဆေးဝါး တားဆီး ကာကွယ်ရေး အသိပညာပေး

ဖားကန့် ဩဂုတ် ၂၄

ကချင်ပြည်နယ် ဖားကန့်မြို့၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ကမူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲမှု အသိပညာပေးဟောပြောပွဲကို ဖားကန့်မြို့ မြို့မရပ်ကွက်မဏိစေယျံ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရဲတပ်ဖွဲ့မှူး၊ ဥပဒေအရာရှိ၊ ဆရာဝန်ကြီးနှင့် မြစ်ကြီးနား မူးယစ်(အထူး)အဖွဲ့ ဖားကန့်မော်ဝမ်း(ဆွယ်)မှ ရဲအုပ်ထန်းနိန်တို့က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေ၊ ပြစ်မှုနှင့်ပြစ်ဒဏ်၊ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ဟောပြောကြရာ ရပ်ကွက် ပြည်သူ ၁၆၅ဦး တက်ရောက်ကြကြောင်း သိရသည်။

စိုးနိုင်ဦး(ဖားကန့်)

လူကုန်ကူးမှုတိုက်ဖျက်ရေး ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ဓာတ်ပုံပြိုင်

တောင်ငူ ဩဂုတ် ၂၄

တောင်ငူမြို့ ခပေါင်းခန်းမ၌ နိုင်ငံတကာလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကဗျာ၊ စာစီစာကုံး၊ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ဓာတ်ပုံပြိုင်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူခရိုင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ တောင်ငူခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်က အမှာစကားပြောကြားပြီး တောင်ငူခရိုင် လူကုန်ကူးမှုတားဆီးရေး အဖွဲ့စိတ်မှူး ရဲအုပ်ဇော်ဝင်းက လူကုန်ကူးမှုအကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်ပြိုင်ပွဲဝင်လက်ရာများ စိစစ်ရေးကော်မတီဝင် တောင်ငူပညာရေးကောလိပ်ဦးစီးအရာရှိ ဦးမြင့်သူက ပြိုင်ပွဲဝင်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်သက်နှင့် တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး စိုးလင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးသည်။

ပြိုင်ပွဲတွင် မူလတန်း အဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၈၅ ဦး ပါဝင်ယှဉ်ပြိုင် ရေးဆွဲကြသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) သူရ(တောင်ငူ)

ရွှေမဟာ အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း

SMH SMH

ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်

(၁) သံဝေဇနိယလေးဌာန (အိန္ဒိယ+နီပေါ) (၁၂)ရက်ခရီး

(၂) သံဝေဇနိယလေးဌာန + အဝိဇဟိတလေးဌာန + တပ်ချ်မဟာ + နယူးဒေလီ (၁၅)ရက်ခရီး

(၃) သံဝေဇနိယလေးဌာန + အဝိဇဟိတလေးဌာန + တပ်ချ်မဟာ + နယူးဒေလီ + ကိုလ်းကတ္တား (၁၅)ရက်ခရီး

ဗုဒ္ဓဂယာသို့ အောက်တိုဘာလ(၂၅)ရက်နေ့မှစ၍ တစ်ပတ်ခြား သောကြာနေ့တိုင်းထွက်ပါမည်။ သံဃာတော်များအား (၅၀၀၀၀)ကျပ် လျှော့ပေးပါမည်။(၆)လသက်တမ်းရှိသောနိုင်ငံကူးလက်မှတ်ရှိသူများအား (၄၀၀၀၀)ကျပ်ထပ်မံလျှော့ပေးပါမည်။မည်သည့်ခရီးစဉ်တွင်မဆို (၁၆)ဦးတပြိုင်နက်စာရင်းပေးသူများအား (၁)ဦးအခမဲ့ကုသိုလ်ယူပို့ဆောင်ပေးပါမည်။မိမိလိုက်ပါလိုသောခရီးစဉ်ကိုရွေးချယ်ပြီး အသေးစိတ်သိရှိလိုပါကအောက်ပါလိပ်စာများတွင်စုံစမ်းနိုင်ပါသည်။

(၄) ဘန်ကောက်-ပတ္တရား-အယုဒ္ဓယ-မြဘုရား-ဈေးဝယ်(၄)ရက်ခရီး

(၅) ကမ္ဘောဒီးယား-Phnon Penh ၊ Siem Reap (Angkor Wat) (၅)ရက်ခရီး

ဆက်သွယ်ရန်၊ ၊ အမှတ်(၆၃)၊မြေညီထပ်၊ဇေယျဝတီ(ဗဟို)လမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း –၀၁-၅၁၈၁၉၆၊၅၃၂၁၈၆၊၀၉-၅၁၈၈၃၇၆၊၀၉-၄၃၂၀၀၆၄၆၊

ဖခင်အမည်မှန်

ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက တက္ကသိုလ်ဝင်တန်း (A)မှ မဝါဝါမောင်၏ ဖခင်အမည်မှန်မှာ ဦးသောင်းတင် ၅/ကဘလ(နိုင်) ၀၅၁၄၀၅ ဖြစ်ပါကြောင်း။

ဦးသောင်းတင်

ဖခင်အမည်မှန်

ကူမဲမြို့ အထက တက္ကသိုလ်ဝင်တန်း(E)မှ မဇင်မာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးကိုကိုအောင် ၉/မသန(နိုင်) ၀၄၅၃၃၂ ဖြစ်ပါကြောင်း။

ဦးစိုးကိုကိုအောင်

၁၂-၈-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၈)နှင့် ၁၂-၈-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ လူမှုရေးနှင့် စီးပွားရေးကြော်ငြာ စာမျက်နှာ(ခ)ပါ တက်နေကုမ္ပဏီနှင့် ဦးဗိုလ်ဆိုင်တို့၏ ကြေညာချက်အား ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်မှ

တုံ့ပြန်ရှင်းလင်း ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်၏ လွှဲအပ်ချက်အရ အောက်ဖော်ပြပါအတိုင်း တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

(၁) ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ (၄)လမ်း(စက်မှုဇုန်)၊ အမှတ်(၆၁) ဟုခေါ်တွင်သော ဦးဘိုစိန်(ခ)ဦးဗိုလ်စိန် အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ပေါ်မှ တက်နေကုမ္ပဏီ၊ ယင်းကုမ္ပဏီနှင့်ပတ်သက်ဆက်နွယ်သူ (၁)ဦးဗိုလ်ဆိုင်၊ (၂)ဒေါ်သန်းသန်းအေး၊ (၃)မဗိုလ်ဗိုလ်နုလှိုင်တို့သည် အထက်ဖော်ပြပါမြေကွက်ကို ပိုင်ရှင်ဖြစ်သူ ဦးဘိုစိန်(ခ)ဦးဗိုလ်စိန် လက်ဝယ်သို့ ၃၁-၈-၂၀၁၃ရက်နောက်ဆုံးထား၍ မြေကွက်ပေါ်မှ ထွက်ခွာဖယ်ရှားပြီး မြေကွက်အား အလွတ်လက်ရောက် ပေးအပ်ပါရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

(၂) ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်သည် ဦးချစ်လှိုင်နှင့် ဒေါ်ကျင်နုတို့၏တရားဝင် အမွေဆက်ခံပိုင်ခွင့်ရှိသော ကိတ္တိမမွေးစားသား(ဩရသ သားကြီး)ဖြစ်ပါသည်။မိဘများထံမှ တရားဝင်ရပိုင်ခွင့်ရှိသော အခွင့်အရေးကို တစ်ဆင့်ခံလွှဲပေးခြင်းသာဖြစ်ပြီး ဦးဗိုလ်ဆိုင်နှင့် ဒေါ်သန်းသန်းအေးတို့၏ ငွေကြေးများမဟုတ်ပါ။ မြောက်မြားလှစွာသော ဦးချစ်လှိုင်နှင့် ဒေါ်ကျင်နုတို့၏ ဥစ္စာပစ္စည်း၊ ငွေကြေးများကို ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်အား ပေးအပ်ရန် ကျန်ရှိနေပါသေးသည်။

(၃) ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်တို့ လက်ရှိနေထိုင်လျက်ရှိသော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ (၄)လမ်း၊ စက်မှုဇုန်၊ အမှတ် (၆၃)မြေကွက်နှင့် အဆောက်အအုံမှာ ဦးချစ်လှိုင်နှင့် ဒေါ်ကျင်နုတို့၏တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသော သား/သမီး၏ အမည်ပေါက် ဖြစ်ပါသည်။ ယင်းမြေကွက်ပေါ်တွင် လက်ရှိနေထိုင်သူ ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်တို့ မသိဘဲ မဗိုလ်ဗိုလ်နုလှိုင်သည် မြေဂရန်အမည်ပေါက် ပြောင်းလဲသည်ကို ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်မှ သိရှိပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် ဂရန်အမည်ပြောင်းကိစ္စအား တရားဝင်ကန့်ကွက်ထားပါသည်။ ယင်းနေအိမ်နှင့်ပတ်သက်ပြီး ဦးဗိုလ်ဆိုင်သည် မည်သို့မျှ ပတ်သက်ဆက်နွယ်မှုမရှိဘဲ၊ လက်ရှိနေထိုင်သူ၏ ဂုဏ်သိက္ခာကို ထိခိုက်စေရန် တမင်ကြံ့ရွယ် ကြေညာခြင်းသာဖြစ်ပါသည်။

(၄) ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်အမည်ပေါက် (ကားအုံနာစာအုပ်၊ အာမခံစာအုပ်၊ မူရင်းလက်ဝယ်ရှိ) တောင်းအေ့ကားအမှတ် အ/၅၇၂၃ကို ဦးဗိုလ်ဆိုင်သည် မတရားရယူထားပြီးဦးဘိုစိန်(ခ)ဦးဗိုလ်စိန်မသိရှိဘဲ ကားမှတ်ပုံသတ်တမ်းတိုးခြင်းကိစ္စကို မည်သို့ဆောင်ရွက်ထားကြောင်း ယနေ့တိုင် မသိရှိရပါ။ ယခု ဦးဘိုစိန်(ခ)ဦးဗိုလ်စိန် အသုံးပြုစီးနင်းနေသော ၈ည/၉၀၂၅ ကားမှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်လာသော မော်တော်ယာဉ်ဖြစ်ပါသည်။ လက်ရှိအသုံးပြုသူ၏ဂုဏ်သိက္ခာကိုထိခိုက်နစ်နာစေရန်ကြံ့ရွယ်ချက်ဖြင့်ကြေညာခြင်းဖြစ်ပါသည်။

(၅) သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်၏ မူလကြေညာချက်အတိုင်း ၃၁-၈-၂၀၁၃ရက်နောက်ဆုံးထား၍ ၎င်းအမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ပေါ်မှ ထွက်ခွာဖယ်ရှားပေးပြီး မြေကွက်အား အလွတ်လက်ရောက်ပေးအပ်ပါရန်ထပ်မံ၍ တုံ့ပြန်အသိပေး ကြေညာအပ်ပါသည်။

ဦးဘိုစိန်(ခ)ဦးဗိုလ်စိန်၏လွှဲအပ်ချက်အရ-

ဦးထင်ကျော် B.Sc.,H.G.P., R.L — **ဒေါ်သက်လေးချို LL.B., D.B.L**
တရားလွှတ်တော်ရှေ့နေ(၅၃၁၅) — **အထက်တန်းရှေ့နေ(၃၁၄၂၄)**

ရုံး-အမှတ် ၁၃၈(ပထမထပ်)၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁၊ ၀၉-၄၃၁၁၂၆၃၇

အမည်မှန်

ဦးလှမြင့်၏သား ရမ်းဗြဲမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ကျော်ဇင်လင်း၏အမည်မှန်မှာ မောင်ဟိဏ်းလင်းနိုင် ဖြစ်ပါကြောင်း။

မောင်ဟိဏ်းလင်းနိုင်

ဖခင်အမည်မှန်ဖြစ်ကြောင်း

၂၀၁၂-၂၀၁၃ ပညာသင်နှစ် အထက နတ်စင်ကုန်း ကော့မှူးမြို့နယ်၊ တက္ကသိုလ်ဝင်တန်း၌သင်ကြားခဲ့သော မကြူသဇင်မိုး၏ ဖခင်အမည်မှန်မှာ ဦးသိန်းအောင် ၁၂/ကမန(နိုင်)၁၀၀၀၂၅ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အထက(၂) တက္ကသိုလ်ဝင်တန်း (F)မှ မောင်စိုင်းထွန်းကြာ၏ဖခင်အမည်မှန်မှာ ဦးစိုင်းအောင်ဆာ ၁၃/တယန(နိုင်)၀၁၃၂၁၁ ဖြစ်ပါသည်။

Android Phone ဖြင့် ဂိမ်းကစားနည်းများ

ဉာဏ်ကြွယ်

ANDROID GAME FOR ALL

Android Phone ဖြင့် ဂိမ်းကစားနည်းများ

ကလေးများအတွက် ဉာဏ်စွမ်းရည်မြှင့်ဂိမ်းများ
လူငယ်များအတွက် ပျော်ရွှင်စရာဂိမ်းပဒေသာ
လူကြီးများအတွက် စဉ်းစားတွေးခေါ်ဂိမ်းအကျော်များ

မျက်ပွင့်စာပေ – ဖုန်း–၀၉–၇၃၀၀၂၉၆၅၊ ၀၉ ၇၃၀၀၅၈၈၂

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရှာမရပ်၊ မြေကွက်အမှတ် (ပ-၄၃၄၇)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ဦးမြင့်သန်းအေး အမည်ဖြင့်ပိုင်ဆိုင်သော ပါမစ်မြေကွက်အား ဦးမြင့်သန်းအေး ၇/မညန(နိုင်)၀၃၉၁၉၆ (ဘ)ဦးလှအောင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်အသစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးခြင်း

ကျွန်မ မသန်းမွေး အဖ ဦးကျော်ရွှေ ၁၀/ဘလန(နိုင်)၀၉၇၄၁၈၏ Pass Port ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၀၈၂၉၅

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၈၉၈၇၁ Suzuki Viva ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရည်ရည်မွန် ၇/ပမန(နိုင်) ၁၁၄၇၀၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်မြို့

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

Tah Lee Gold

Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold

ဤဆိုင်မှ ၁၅ပဲရည်၊ ၁၆ပဲရည် ရွှေထည်ပစ္စည်းများ အရောင်မကျစေရ မဖြူစေရ၊ မနီစေရ လုံးဝလုံးဝအာမခံပါသည်။

ဤဆိုင်မှဝယ်သော စိန်ထည်များကို နားလည်တတ်ကျွမ်းသူမှကြည့်၍ ဈေးမတန်ဟုဆိုက ဝယ်သည့်နေ့မှ (၃)ရက်အတွင်း ပြန်လာပေးနိုင်ပါသည်။ ဝယ်သည့်တန်ဖိုးတစ်ပြားမှ မနှုတ်ဘဲပြန်ပေးပါမည်။

စိန်ရွှေရတနာဆိုင်

ဤဆိုင်မှဝယ်သော စိန်ထည်များကို ပြန်ရောင်းလျှင် ကာလတန်ဖိုး၏၉၀% လဲလျှင်ကာလတန်ဖိုး၏၉၅% ပြန်ပေးပါသည်။ (အလျော့တွက်မနှုတ်ပါ)

"ဆိုင်ဖွင့်ချိန်" နံနက်(၉)နာရီ မှ ညနေ(၆း၄၅)အထိ

စိန်ထည် ရွှေထည်များကိုပန်းထိမ်ကြေးဖြင့် ဖောက်သည်ပေးပါသည်။

● အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ဖုန်း - ၅၂၆၂၁၄၊ ၅၁၂၉၂၂၊ ၅၀၅၁၄၄၊ ၅၁၂၆၉၆

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှိ ဦးရွှေဟန် ၁၁/ကဖန(နိုင်)၀၅၈၇၁၅ အသက်(၅၄)နှစ် အရပ်၅ပေ၈လက်မ(ဘ)ဦးမောင်ဟန်နု၏သားသည် ၁၉-၈-၂၀၁၃ရက် နံနက်တွင် အောင်မင်္ဂလာအဝေးပြေး ကားဂိတ်မှ အဖော်များနှင့်ကွဲ၍ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန် အသိပေးအပ်ပါသည်။

ဦးဉာဏ်တ ဖုန်း-၀၉-၄၂၀၀၆၅၃၆၈
ကိုကျော်သိန်း ဖုန်း-၀၉-၄၂၅၀၁၄၄၇၄
ကိုဥက္ကာ ဖုန်း-၀၉-၃၁၀၂၅၃၈၉

ကားသန့်များ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

1. Toyota BELTA, 2008, GRADE 4, 31000 km, TV ပါ၊ စတီနံပါတ် 1300 cc
2. Toyota KLUGER, 2002, GRADE 4, 79000 km, TV ပါ၊ စတီနံပါတ် 2400 cc
3. Toyota SUCCEED, 2008, ULX PACKAGE, TV ပါ၊ စတီနံပါတ် 1500 cc

ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၁၁၆၆၂၊ ၀၉-၃၃၁၂၃၇၀၁

ပါမောက္ခ၊ ကထိကဆရာကြီးများ ဦးစီးသင်ကြားသည့် V.I.P (၅ လပြတ်ဘော်ဒါ)

အမှတ်ကောင်းကောင်းရဖို့ အချိန်မီသင်ကြားပါ၊ တိုက် ၆/၂၀၂၊ ပုဇွန်တောင်ဈေးအနီး၊ ထူးရေခဲမုန့်ရှေ့။ ဖုန်း-၀၉-၇၃၀၃၄၈၃၈

ဖျက်သိမ်းယာဉ်ထောက်ခံစာမူရင်းပျောက်ဆုံးခြင်း

ယာဉ်အမှတ် ၈ျ/၈၇၃၁ Datsun 1000 Pick-up ဒေါ်ကြည်အောင် အမည်ပေါက် ယာဉ်အတွက် ပုသိမ်မြို့ ယာဉ်ဖျက်သိမ်း/အစားထိုးတင်သွင်းရေးအဖွဲ့၏ ၂၇-၁၂-၂၀၁၁ ရက်စွဲပါ စာအမှတ် မကဖတ(ပုသိမ်)၅၄၂/၂၀၁၁ ထောက်ခံစာပုံစံ(ဃ) မူရင်းပျောက်ဆုံးသွားပါသည်။ တွေ့ရှိ/ရရှိထားသူများ ဦးအောင်နိုင်စိုးနှင့် ဦးခင်ဇော်မောင် အမှတ် ၅၂၀၊ ဒီ-၁၊ ရွှေတောင်ကုန်းရိပ်သာ၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၉- ၅၀၀၂၃၈၀ နှင့် ၀၁-၈၆၀၃၂၁၄ တို့သို့ ဆက်သွယ်ပေးအပ်ပါရန် မေတ္တာရပ်ခံ ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးကျော်ငြိမ်း B.A(Law), LL.B,D.B.L,D.M.L **ဒေါ်ခင်မေသန်း LL.B,, D.B.L,D.M.L,D.I.L**

တရားလွှတ်တော်ရှေ့နေများ

အမှတ် ၁၂၊ အခန်း ၂၀၁၊ ၃၅ လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးခရိုင်တရားရုံး

၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ် ၁၃၅

ဘဏ်ခွဲမန်နေဂျာ	နှင့်	၁။ ဒေါ်တူး
မြန်မာ့စီးပွားရေးဘဏ်(၂)		၂။ မောင်ထွန်းမြတ်သူ
မန္တလေးမြို့။		မန္တလေးမြို့။
ဒီကရီရသူ		**တရားရှုံးများ**

မန္တလေးတိုင်းတရားရုံးတော်က ၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ် ၃၃၁ တွင် စရိတ်များအပါအဝင် ငွေ ၁၂၉၀၆၉၂၆၅ ကျပ် ၂၃ ပြားအတွက် ဒီကရီအတည်ဇာရီပြုရာ စာရင်း၌ဖော်ပြထားသောပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၄ရက် (၁၃၇၅ခုနှစ် တော်သလင်းလကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အချင်းဖြစ် ပစ္စည်းတည်ရှိရာမှာ လေလံတင်၍ ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများပြုပြီးလျှင် ပစ္စည်းကိုရောင်းချလိမ့်မည်။ ထိုစာရင်းတွင်ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါ တရားရှုံး၏ပစ္စည်းကို ရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင်တင်ရှိသည့် ကြွေးမြီ ကဝိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့် ဆိုင်ရာတည့်တည့် ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျ အခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း ခွဲဝေစေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက ၎င်းတို့ကို တစ်စုံတစ်ရာ ရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရပ်၍ အတိအလင်းမရရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များမှာ အောက်၌ဖော်ပြထားသည်။

ပစ္စည်းစာရင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်၅၈၊ ဦးပိုင်အမှတ် ၄၇-က၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၄၆၂ ဧကရှိ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျယ် (၂၇×၄၂)ပေ၊ (၃၄×၂၄)ပေရှိ နှစ်ထပ်ခွဲ အာရ်စီပတ်ကားတိုက် ကွန်ကရစ်ပေါ်ကြွေပြားခင်း၊ တာရာဇိုခင်း၊ ကွန်ကရစ်မိုး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၉၅၀။

ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ ရုံးတော်က သတင်းစကားရရှိသိသာနိုင်သမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်မစကားပါခြင်း သို့တည်းမဟုတ် ကွင်းကျန်ခြင်းတစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

တရားရုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့်ငွေအတွက်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံဖြစ်ပွားသည့်အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၃။ အများဆုံးတိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့်ပြည့်စုံသူဖြစ်စေရမည့်အပြင်၊ အမြင့်ဆုံးတိုးတက်ဆွဲဝယ်သူအဖိုးမှာ နည်းပါးကြောင်း ထင်ရှား၍ လက်ခံရန်မသင့်လျော်ကြောင်း လေလံရောင်းချသည့်အရာရှိက သို့တည်းမဟုတ် ရုံးတော်ကထင်မြင်လျှင် လက်ခံငြင်းပယ်ရန် ရုံးတော်က သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင် ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ပစ္စည်းစုအသီးသီး၏ အဖိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူအရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှချိန်ခါတွင် ပေးချေရမည်။ ပေးချေမပြုပျက်ကွက်လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့်အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသည်ကဲ့သို့ ပြဋ္ဌာန်းပြီးသည်နှင့် တစ်ပြိုင်နက်ပေးသွင်းရမည်။ သည်ကဲ့သို့ ပေးသွင်းမပြု ပျက်ကွက်ခဲ့လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၇။ ဆွဲဝယ်သည့်ငွေအလုံးကို ဆွဲဝယ်သူက ပစ္စည်းရောင်းချသည့်ရက်ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် ၁၅ ရက်မြောက်တွင် ရုံးမဆင်းမီပေးဆောင်ရမည်။ ၁၅ ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ အခြားရုံးပိတ်ရက်သော်လည်းကောင်းဖြစ်လျှင် ၎င်း ၁၅ ရက်မြောက်နေ့နောက် ရုံးပထမဖွင့်သည့်ရက်တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည့်အချိန်ကာလအတွင်း ဆွဲဝယ်ရာကျန်ငွေကို မပေးမဆောင်ပျက်ကွက်ခဲ့လျှင် ရောင်းချရန်ကြော်ငြာစာအသစ်ထုတ်ပြီးနောက် ၎င်းပစ္စည်းကို တစ်ဖန်ပြန်၍ရောင်းချလိမ့်မည်။ တင်ထားသည့်ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီးနောက် ရုံးတော်က သင့်သည်ထင်မြင်လျှင်၊ အစိုးရမင်းသို့ ဆုံးရှုံးခံစေ၍ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ နောက်တစ်ဖန်ရောင်းချရာရရှိသည့် ငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၁၃ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် ရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စုစုဝင်း)
တွဲဖက်ခရိုင်တရားသူကြီး(၂)
မန္တလေးခရိုင်တရားရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ အောင်မင်္ဂလာမြောက်ပိုင်းရပ်နေ ဦးဘိုးကြူ-ဒေါ်ခင်ပိုတို့၏သမီး မမေဇော်လတ် ၅/ရဥန(နိုင်)၀၆၅၂၉၅နှင့် မမေဇွန်လတ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မမေဇော်လတ်(ခ)မမေဇွန်လတ်

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ၄က္ကတောင်ကျေးရွာ၊ ကွင်းအမှတ်(၁၃၉-က) ၄ကွတောင်အနောက်ကွင်း၊ မြို့ပြစီမံကိန်း ဧရိယာ(၁) မြေကွက်အမှတ် (ဂ/၃၄)၊ ဧရိယာ ၀ ဒသမ ၁၁၃ဧကရှိ ဦးလဒ်ထွဋ် အမည်ပေါက် မြေကွက်အား ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ပြုံး ၂/လကန(နိုင်) ၀၂၄၈၈၂က ၎င်းအမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူရှိပါက အကျိုးသက်ဆိုင်သူများအနေဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက မြေငှားဂရန်အသစ်ဆောင်ရွက်ခြင်းကိစ္စရပ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ပြုံး
၂/လကန(နိုင်)၀၂၄၈၈၂

အမည်ပြောင်း

တိုက်ကြီးမြို့၊ အထက တော်လတီကျောင်း၊ နဝမတန်း(B)တွင် ပညာသင်ကြားနေသော (ဘ)ဦးဇော်ဝင်း၏ သမီးဖြစ်သူ မခင်သုတရတနာပြည့်စုံဇော်ဝင်းအားယနေ့မှစ၍ မခင်သုတဟု ပြောင်းလဲခေါ်ပါရန်။

မခင်သုတ

ပြင်ဆင်ဖတ်ရှုပေးပါရန်

၁၈-၈-၂၀၁၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၂)ပါ ဦးစိုးသိန်း DKU-၀၃၆၂၂၄၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာမှ ဦးမြင့်ဝေအစား ဦးမြင့်ဝင်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

၁၇-၈-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ(က)ပါ တရားလွှတ်တော်ရှေ့နေ ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)နှင့် ဦးလှကြည် ၁၂/ပဘတ(နိုင်)၀၁၄၃၅၁တို့မှ ဒေါ်သန်းသန်းဝင်း ၁၃/တကန(နိုင်)၁၁၄၆၆၅နှင့် အများသိစေရန် ကြေညာချက်နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၁၀၄/၁၀၆၊ လေးလွှာ(ညာ)နေ ကျွန်ုပ်အမှုသည် ဒေါ်သန်းသန်းဝင်း ၁၃/တကန(နိုင်)၁၁၄၆၆၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများပြည်သူအားလုံးသိရှိနားလည်စေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊သန်လျင်မြို့နယ်၊ အောင်ချမ်းသာ (၁)ရပ်ကွက်၊ အမှတ် ၂၅၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ် ၇+၈+၉ဟု ခေါ်တွင်သည့် လ/န(၃-ခ)ရရှိထားသော မြေကွက်တစ်စိတ်တစ်ဒေသဖြစ်သည့် ဧရိယာ ၁ ဒသမ ၂၄၀ဧကကို တရားဝင်အမည်ပေါက်ပိုင်ရှင်ထံမှ ဆက်စပ်စာချုပ်များဖြင့် ကျွန်ုပ်အမှုသည် ဒေါ်သန်းသန်းဝင်းက ဝယ်ယူပိုင်ဆိုင်ခဲ့သည်ကို သင်တို့ကိုယ်တိုင်သိရှိထားပြီးဖြစ်ပါသည်။

ကျွန်ုပ်အမှုသည်သည် ဦးလှကြည်နှင့် မြေ၊ အဆောက်အအုံ အရောင်းအဝယ်စရန်ပေးကတိစာချုပ်များ ချုပ်ဆိုသော်လည်း ဦးလှကြည်ဘက်မှ အပြီးအပြတ်ငွေပေးချေခြင်းမရှိဘဲ ကျန်ငွေ ကျပ်သိန်း ၁၅၀ကို ပေးချေရန် တာဝန်ပျက်ကွက်လျက်ရှိပါသည်။ ဦးလှကြည်သည် မိမိပျက်ကွက်မှုအတွက် တာဝန်ရှိပါလျက်နှင့် မရိုးမသားထိမ်ချန်ဖုံးကွယ်ပြီး အများပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် ဖော်ပြကြေညာချက်များသည် မြေအရောင်းအဝယ်လောကတွင် ကတိသစ္စာတည်ကြည်စွာဆောင်ရွက်လေ့ရှိသော ဒေါ်သန်းသန်းဝင်းအတွက် ဂုဏ်သိက္ခာများစွာ ထိခိုက်နစ်နာစေပါသဖြင့် ခုနစ်ရက်အတွင်း ဝန်ချတောင်းပန်ပြီး ၁၇-၈-၂၀၁၃ ရက်စွဲပါ ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းပေးပါရန် အတိအလင်းသတိပေးကြေညာအပ်ပါသည်။

အကယ်၍ ဦးလှကြည်အနေဖြင့် ဒေါ်သန်းသန်းဝင်း၏ သတိပေးကြေညာချက်ကို လိုက်နာဆောင်ရွက်ခြင်းမပြုပါက အရောင်းအဝယ်ပြုထားသည့် စရန်ပေးစာချုပ်များကို ဒေါ်သန်းသန်းဝင်းက ဖျက်သိမ်းမည့်အပြင် တရားဥပဒေများအရ ဦးလှကြည်အား တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း အသိပေးရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၅)
၄/၂၅၈၊ သုနန္ဒာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၂၂၁၉၉၈၊ ၀၉-၃၁၁၂၄၂၃၅၊ ၀၁-၉၆၉၉၉၃၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျွန်မ ဒေါ်မေနီဝင်း၊ ၇/ပခန(နိုင်) ၁၆၈၂၇၄ ပိုင် မြေကွက်အမှတ်-၅၇၇၊ မြေတိုင်းအမှတ်-၂၃၊ ရပ်ကွက်ကြီး(၈)၊ ဥဿာမြို့သစ်၊ ပဲခူးမြို့ရှိ မြေပေးမိန့်မူရင်းပျောက်ဆုံးနေပါ၍ မြေပေးမိန့်မိတ္တူ ပြန်လည်လျှောက်ထားပြီး ဖြစ်ပါသည်။ (၇)ရက်အတွင်းကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ **ဒေါ်မေနီဝင်း အခန်း(၁၀)၊ ၄၄၊ ၃၆-လမ်း၊ ရန်ကုန်။ ဖုန်း - ၀၉-၇၃၂၃၄၉၈၈**

ဖခင်အမည်မှန်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ အထက (၃) နဝမတန်း(G)မှ မောင်ဉာဏ်လင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဦး (၁၂/တမန(နိုင်)၀၃၄၀၆၅) ဖြစ်ပါသည်။

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂၃၊ မြေကွက်အမှတ် ၅၀၇ အမည်ပေါက် ဦးသန်းအောင်(ကွယ်လွန်)၏ဇနီး ဒေါ်ကြည်ကြည်ဝင်း(ခ)သီသီဝင်း ၇/ပခန(နိုင်) ၀၈၆၀၃၈ကက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၁၊ မြေကွက်အမှတ် ၂၂၀၀ အမည်ပေါက် ဦးပေါ်ထွန်း J/RGN-၀၂၃၇၆၀ထံမှ ဝယ်ယူထားသူ ဦးတင်ညွန့် ၁၂/သကတ(နိုင်) ၀၈၇၃၀၆က ရုံးခွဲစာရင်းသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း၊ အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ရုံးခွဲမှတ်ပုံတင်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၇၊ မြေကွက်အမှတ် ၄၄၇ အမည်ပေါက် ဒေါ်ခင်ခင်ဆင့် ၁၂/တမန(နိုင်)၀၂၄၁၈၂က မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း၊ အထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မရမ်းကုန်းမြို့နယ်တရားမရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၃၂

ဦးကြည်ညွှန့်	နှင့်	၁။ ဦးသိန်း	၆။ ဒေါ်အမာ
		၂။ ဒေါ်သန်းနွယ်	၇။ ဒေါ်လတ်လတ်ဆွေ
		၃။ ဦးအုန်းကြည်	၈။ ဦးမြင့်ဌေး
		၄။ ဦးတင်မောင်အေး	၉။ ဦးထွန်း
		၅။ ဦးခင်ဝင်း	၁၀။ ဒေါ်ခင်စုစု

တရားလို **တရားပြိုင်များ**

ဒေါ်အမာ အမှတ် (၂/သ)၊ သာယာအေးလမ်းသွယ် ၃၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ယခုနေရပ်လိပ်စာမသိ)၊ ဒေါ်ခင်စုစု အမှတ် (၂/၁)၊ ဘီပီအိုင်ရိပ်သာ၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကြည်ညွှန့်က ပဋိညာဉ်အတိုင်းမြေအရောင်းအဝယ်စာချုပ်အား မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုလျှောက်ထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် စက်တင်ဘာ ၃ရက် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဩဂုတ် ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စန္ဒာကျော်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
မရမ်းကုန်းမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့် ၅)
ရွှေပြည်သာမြို့နယ်တရားမရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၅၁

ဒေါ်တင်အုန်း	နှင့်	၁။ ဒေါ်လှရီ	၅။ ဦးတင်ကိုကို
		၂။ ဒေါ်လှကြည်	၆။ ဦးဝင်းဇော်
		၃။ ဒေါ်စန်းစန်းမာ	၇။ ဦးသက်နိုင်
		၄။ ဒေါ်တင်တင်နွယ်	

တရားလို **တရားပြိုင်များ**

၁-တရားပြိုင် ဒေါ်လှရီ၊ ၄-တရားပြိုင် ဒေါ်တင်တင်နွယ်တို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်တင်အုန်းက အမွေပုံစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၂၇ရက် မွန်းမတည့်မီ အချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဩဂုတ် ၂၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်သူဟန်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ရွှေပြည်သာမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄ဘီ၊ မြေကွက်အမှတ် ၈၇၊ မြေကွက်တည်နေရာအမှတ် ၉၊ ၂လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးသန်းမြင့် အမည်ပေါက်နှစ် ၆၀ ဂရန်မြေအားအမည်ပေါက် ဖခင် ဦးသန်းမြင့်နှင့် မိခင်ဒေါ်မြသိန်း ကွယ်လွန်သဖြင့် (၁) ဦးတင်မျိုးသန်း ၁၂/မဂတ(နိုင်) ၀၇၀၆၃၂၊ (၂)ဦးတင်မိုးအောင် ၁၂/မဂတ (နိုင်)၀၇၁၃၉၆၊ (၃)ဒေါ်ဝေဝေလှဲ့ ၁၂/မဂတ (နိုင်)၀၇၂၀၀၈၊ (၄) ဒေါ်ခင်ဆွေလှဲ့ ၁၂/မဂတ(နိုင်)၀၇၂၉၆၈တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၁၃၀၈/ခ၊ မြေကွက်တည်နေရာအမှတ် (၁၃၀၈/ခ)၊ မာန်ပြေ လမ်း ၂၀၊ (၃) ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်လှခိုင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်လှခိုင်(ဇနီး) ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ ဦးထွန်းလှ ၁၂/သကတ (နိုင်)၀၃၄၂၃၀က သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

